ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**တုန်လှုပ်ခြင်းမရှိ**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။ လောကဓံတရား တစ်ပါးပါးနှင့်ကြုံတွေ့သောအခါ တုန်လှုပ်ချောက်ချားခြင်းလုံးဝမရှိသော ရဟန္တာပုဂ္ဂိုလ်မြတ်၏ဂုဏ်ကို ချီးကျူးပူဇော်အပ်၏။ လောကဓံတရားနှင့်တွေ့သောအခါ မတုန်လှုပ်အောင် ကြိုးစားရာ၏။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-ဂါ)

၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်၊ ကြာသပတေးနေ့။ 4, Thursday August 2016 (၈၆၄၃)

# အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်- ၂၉ ၏ နောက်ဆက်တွဲစာချုပ်နှင့် တိုက်တွန်းချက်အမှတ် - ၂၀၃ တို့ကို ILO အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် မှတ်တမ်းတင်ပေးနိုင်ရန် လွှတ်တော်သို့ တင်ပြ

နေပြည်တော် ဩဂုတ် ၃

ILO အဖွဲ့ဝင်နိုင်ငံများအလိုက် အတည်ပြုလိုက်နာထားသည့် ILO ပြဋ္ဌာန်းချက် (Convention)များကို မဖြစ်မနေလိုက်နာအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ လူ့အခွင့်အရေးနှင့် ဆက်နွယ်သည့် ပြဋ္ဌာန်းချက် (၈) ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် -၂၉(၁၉၃၀)ကို ၁၉၅၅ ခုနှစ်တွင် စတင်လက်ခံကျင့်သုံးခဲ့ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် -၂၉(၁၉၃၀) ၏ နောက်ဆက်တွဲစာချုပ်နှင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် နောက်ဆက်တွဲလုပ်ငန်းစဉ်များဆိုင်ရာ တိုက်တွန်းချက်အမှတ် -၂၀၃ တို့အား မှတ်တမ်းတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ခြင်း ဖြစ်သည်။


ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

# အများပိုင်ဘတ်စ်ကားလိုင်း ပြေးဆွဲမည့်ကုမ္ပဏီများ ၂၀၀၆ မော်ဒယ်ထက် မနိမ့်သည့်ယာဉ်များသာ အသုံးပြုရမည်



လက်ရှိပြေးဆွဲလျက်ရှိသည့် ဘတ်စ်ကားလိုင်းအတွင်းခန်းကို တွေ့ရစဉ်။

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်မြို့တွင် အများပြည်သူ ဘတ်စ်ကားလိုင်းစနစ် ပြုပြင်ပြောင်းလဲရန်ဆောင်ရွက်နေမှုတွင် အများပိုင်ဘတ်စ်ကားလိုင်းပြေးဆွဲမည့်ကုမ္ပဏီများအနေဖြင့် အနိမ့်ဆုံး ၂၀၀၆ မော်ဒယ်ဘတ်စ်ကားများကို အသုံးပြုရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသောယာဉ်လိုင်းများအနေဖြင့် လက်ရှိရန်ကုန်မြို့တွင် BRT Lite ဘတ်စ်ကားလိုင်းပြေးဆွဲနေသော ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီကဲ့သို့ အများပိုင်စနစ်ဖြင့် ဆောင်ရွက်ရန်ပြင်ဆင်နေမှုတွင် သုံးစွဲရမည့် ဘတ်စ်ကားမော်ဒယ်အမျိုးအစားကို အနိမ့်ဆုံး ၂၀၀၆ ခုနှစ်ထုတ် ယာဉ်များကို အသုံးပြုသွားရန်ဆုံးဖြတ်ခဲ့ကြောင်း အဆိုပါအဖွဲ့၏ ယနေ့ကျင်းပခဲ့သောအစည်းအဝေးပွဲအပြီးတွင် သိရသည်။

“အများပိုင်ဘတ်စ်ကားကုမ္ပဏီလုပ်ဖို့ လာတင်ပြထားတာ အခုဆိုရင် ကုမ္ပဏီ ၁၀ ခုလောက်တော့ရှိပြီ။ အမြန်ဆုံး

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✪**

## ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ထပ်မံဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားကမ်းခြေနှင့် ဩရိဿမြောက်ပိုင်းကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ထပ်မံဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(ကြေးမုံ)



ကြေးမုံ

## လုပ်ပိုင်ခွင့် အာဏာရှိသူများ အဂတိကင်းစင်ရေး

ခေတ်အပြောင်းအလဲတစ်ခုကို ရွေးရှုဖော်ဆောင်ရန်အလို့ငှာ ပြည်သူ့ထောက်ခံရွေးချယ်မှုဖြင့် ဗဟိုအစိုးရအဖွဲ့သစ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အသစ်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့သစ်များ၊ မြို့တော်ဝန်အသစ်များ အသီးသီးပေါ်ပေါက်လာခဲ့ကြပြီ။ ထို့အတူ အစိုးရယန္တရားတွင်းမှ လုပ်ပိုင်ခွင့်ရှိကြသည့် တရားစီရင်ရေး၊ ပြည်သူ့ရဲ၊ စည်ပင်သာယာ၊ မီးသတ်ဦးစီး၊ ယာဉ်ထိန်းရဲ စသည်ကဲ့သို့သော အဖွဲ့အစည်းများသည်လည်း အစိုးရသစ်နှင့်အတူ အပြောင်းအလဲကို အတူလိုက်ပါကြဖို့လိုပါပြီ။

နှစ်ပေါင်းများစွာ ဒုက္ခများခံစားခဲ့ရသော မြန်မာပြည်သူလူထုမှာ အားကိုးတကြီး၊ မျှော်လင့်တကြီးနှင့် အစိုးရများ၊ လွှတ်တော်များ၊ မြို့တော်ဝန်များနှင့်တကွ အဖွဲ့အစည်းအသီးသီးကို စောင့်ကြည့်နေကြ၊ အားပေးနေကြ၊ ထောက်ခံနေကြသည်။

ပြည်သူလူထုမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမညီမျှမှုများကို ခါးသည်းစွာ ခံခဲ့ရသော နှစ်များက မနည်းလှ။ ထို့ကြောင့် သည်လိုမညီမျှမှုများက လွတ်မြောက်ချင်ပြီ။

ယခုအခါ နိုင်ငံရေးတွင် ပြည်သူတို့ ဦးဆောင်စေချင်သူများ ဦးဆောင်ခွင့်ရလာကြပြီဖြစ်သည့်အတွက် အတော်အတန် အားရဖွယ်ဖြစ်လာခဲ့ပြီ။ အထက်အဆင့်ဆင့်မှ ရွေးချယ်ထားပြီးဖြစ်သော ပုဂ္ဂိုလ်တို့ အာဏာရယူနေခြင်းများကို ငေးကြည့်ကာနေရသည့်ဘဝမှ မိမိတို့ဖြစ်စေချင်သည့် သူများကို မိမိကိုယ်ပိုင် မဲတစ်ပြားဖြင့် ရွေးချယ်ပေးနိုင်ခဲ့ကြပြီ။ ငါတို့ လက်သန်းတွေ မင်စွန်းရကျိုးနပ်ပြီ ဟူ၍လည်း ကြွေးကြော်နေနိုင်သော အခြေအနေဖြစ်ပါ၏။

သို့သော်. . .။

စီးပွားရေးလုပ်ငန်းများတွင်မူ အစဉ်အဆက်လုပ်ကိုင်ခဲ့ကြသော ပုံစံဖြစ်သည့် အာဏာပိုင်တို့နှင့် နားလည်မှု အမျိုးမျိုးယူကာ လုပ်ပိုင်ခွင့်ပေါ် အခြေခံသော စီးပွားရေးဖြစ်ထွန်းမှုများက အရှိန်နှင့် ဆက်လက်တည်ရှိနေဆဲဖြစ်သည်ကို သတိပြုမိပါသည်။

တစ်နည်းအားဖြင့်ဆိုရသော် ပါမစ် စီးပွားရေး။

ပါမစ်ရှိလျှင် အထူးတလည် အားထုတ်စရာမလို၊ ပါမစ်နှင့်ပင် ချမ်းသာနိုင်ခဲ့ကြသည်။ လုပ်ပိုင်ခွင့်ရှိသူများနှင့် ငွေကြေးခွဲဝေယူခြင်းဖြင့် လုပ်ပိုင်ခွင့် အာဏာရှိသူများလည်း ချမ်းသာ၊ ပါမစ်ရသူများလည်း ချမ်းသာ ဖြစ်ခဲ့ကြသည်။

ချမ်းသာသူတိုင်း အာဏာရှိသူများနှင့် ပူးပေါင်းစီးပွားရှာခဲ့ကြသည်ဟု မဆိုလို။ သို့သော်လည်း အာဏာရှိသူများနှင့် ပူးပေါင်းစီးပွားရှာသူတိုင်းကတော့ ချမ်းသာသူများ ဖြစ်လာကြသည်မှာ အမှန်။

ပူးပေါင်းစီးပွားရှာသည်ဆိုခြင်း၏ အဓိပ္ပာယ်မှာ လာဘ်ပေးလာဘ်ယူလုပ်ကြသည်ဟု ဆိုလိုပါသည်။

စီးပွားကို ပုံမှန်အတိုင်းရှာရန် အလွန်ခက်ခဲသော အခြေအနေဖြစ်ခဲ့ပါ၏။ အလွန်တရာသော မညီမျှမှုများနှင့် ပြည့်နှက်နေသည့် စီးပွားရေး အညီ့ထုပ်ကြီးမှာ ယင်ကောင် တလွှားလွှားနှင့် ဖြစ်ခဲ့ရသော ကာလများ ဖြစ်ပါသည်။

သည်လိုကြားထဲမှာ ပြည်သူလူထုမှာ ဆင်းရဲမွဲတေသည်ထက် မွဲတေလာခဲ့ကြရသည်။ ဆင်းရဲမွဲတေရုံမျှမက ချမ်းသာသူတို့ ချမ်းသာဖို့ အကွက်ထွင်ခဲ့၊ ရှာခဲ့သမျှ၏ ဘေးထွက်ဆိုးကျိုးများကို ပြည်သူတို့ကသာ ခါးစည်းခံခဲ့ကြရတာဖြစ်ပါသည်။

သစ်တောများခုတ်ထွင်၍ ချမ်းသာသူတို့ ချမ်းသာကြချိန်မှာ ပြည်သူတို့က သစ်တောပြုန်းတီးမှုကြောင့်ဖြစ်ရသည့် ပြင်းထန်သော ရာသီဥတုဒဏ်ကို ခံခဲ့ကြရသည်။ သည်လိုသစ်တောများ ခုတ်ခဲ့သည့်အတွက် သစ်ခုတ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများရခဲ့သည်ဟု ဆိုသူကဆိုသော်လည်း မည်သူတို့ အမှန်တကယ် အကျိုးဖြစ်ထွန်းခဲ့သည်ဆိုသည်ကို အားလုံးအသိပင်။

ထို့အတူ၊ ရွှေတူး၊ ကြေးနီတောင်ဖြို၊ မြေယာများသိမ်း၍ စီမံကိန်းများလုပ်ကြခြင်းကြောင့် သဘာဝဒဏ်ကို မည်သူတွေခံနေကြရသည်နည်း ဆိုသည်ကိုလည်း အားလုံးအသိပင်။

မြို့ပြများတွင် အများပိုင်မြေကွက်လပ်ပါ မကျန်အောင် စီမံကိန်းများဖန်တီးခဲ့ကြ၍ မည်သူတို့ ချမ်းသာကြွယ်ဝပြီး မည်သူတို့က ရေကြီးရေလျှံဒဏ်၊ ကားကျပ်ဒဏ်၊ မွန်းကျပ်ဒဏ်တို့ကို ခံနေကြရသည် ဆိုသည်ကိုလည်း အားလုံးအသိပင်။

ချုပ်၍ဆိုရလျှင် သည်လိုစီးပွားရေးအနေအထားများကို ကျော်လွှားနိုင်သည့် ပြည်သူ့အကျိုးကို တိတိကျကျ မျက်မှောက်ပြုသော စီးပွားရေးမူဝါဒသစ်များချမှတ်နေသည့်အတွက် ပြည်သူ့အစိုးရကို ပြည်သူတို့ ထောက်ခံအားပေးနေကြပါသည်။

ထို့နည်းတူပင် အစိုးရ အဖွဲ့တွင်းမှဖြစ်စေ၊ အခြားသော လုပ်ပိုင်ခွင့်အာဏာများ ကိုင်စွဲထားသူများအတွင်းမှဖြစ်စေ စီးပွားရေးအကျိုးကို မျှော်ကိုး၍ အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို တွန်းလှန်နိုင်ကြရန်လည်း ပြည်သူလူထုက မျှော်လင့်တိုက်တွန်းလျက်ရှိနေကြပါကြောင်း။ ။

## အရှေ့ရေပေါင်းဆုံကြိုးဝိုင်း ပျဉ်းကတိုးစိုက်ခင်းအား လာမည့်ဘဏ္ဍာနှစ်တွင် ပျဉ်းကတိုးသစ်စေ့ထုတ် ဇရိယာအဖြစ် ဖွဲ့စည်းတည်ဆောက်ရန်မှာကြား

**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာရှိ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် အကြီးစားထုတ်လုပ်မှု စာချုပ်ချုပ်ဆို၍ အကျိုးတူ ပူးပေါင်းလုပ်ကိုင်နေသော ဧဒင်စွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်၏ တီကျစ်ကျောက်မီးသွေးတွင်းသို့ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသွားရောက်၍ တီကျစ် ကျောက်မီးသွေးသတ္တုမိုင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအကြီးစားပြန်လည်ပြင်ဆင်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် ဖယ်ခုံမြို့နယ် မိုးဗြဲရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိနိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လွိုင်ကော် လေယာဉ်ကွင်းဘေးရှိ မြို့တော်စိမ်းလန်းစိုပြည်ရေးစိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လွိုင်ကော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကယားပြည်နယ်အတွင်းရှိ ဝန်ကြီးဌာနအောက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းလ်ရှို၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးတီရယ်တို့နှင့်တွေ့ဆုံ၍ သတ္တုတူးဖော်မှုဆိုင်ရာများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် လွိုင်ကော်မြို့ မထောခူကျေးရွာ ရေနီကန်တောင်ကွင်း၊ လောပိတသွား ကားလမ်းဘေးရှိ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် Myanmar Golden Bonanza ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းလုပ်ကိုင်နေသော ခဲမဖြူ-အဖြိုက်နက် ခွဲခြားသန့်စင်စက်ရုံ(လွိုင်ကော်)သို့ ရောက်ရှိစစ်ဆေးခဲ့ရာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွိုင်ကော်-ဆီဆိုင် ကားလမ်းဘေးရှိ သစ်တောဦးစီးဌာနမှ ၂၀၀၁ ခုနှစ်တွင် တည်ထောင်ခဲ့သည့် ကျွန်းသစ်စေ့ထုတ် ဇရိယာအတွင်းရှိ ကျွန်းပင်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သစ်စေ့ထုတ်ဇရိယာအတွင်း ကောင်းမွန်သော ကျွန်းပင်များဖြစ်ရန် လိုအပ်သော ပြုစုထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ပင်းပက်ဒေသ ပင်ငိုရွာအနီး အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က စက်ရုံလုပ်ငန်းများ ဆောင်ရွက်ပုံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများကို ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပတ်ဝန်းကျင်ဆိုင်ရာ ကနဦး စုံစမ်းစစ်ဆေးခြင်း (IEE) အစီရင်ခံစာ ဆောင်ရွက်ထားရှိရန်နှင့် CSR ဆောင်ရွက်ထားရှိမှုများအား စနစ်တကျထားရှိရန် မှာကြားသည်။

ထို့နောက် စက်ရုံအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဒိုလိုမိုက်ကျောက်ထုတ်လုပ်ရာနေရာသို့ သွားရောက်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု ပတ္တမြားနဂါးသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ ခနောက်စိမ်း သတ္တုတူးဖော်မည့် လိုင်ဟာမြားလုပ်ကွက်သို့ ရောက်ရှိပြီး ကုမ္ပဏီတာဝန်ရှိသူက တူးဖော်မည့် လုပ်ငန်းအဆင့်ဆင့်ကို ပြသရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အဓိကဦးစားပေးလုပ်ရန်နှင့် ဒေသခံများ အကျိုးစီးပွားရှိစေရေးတို့ကို ဆောင်ရွက်သွားရန် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာညီညီအောင်တို့နှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း သတ္တုသယံဇာတတူးဖော်မှုဆိုင်ရာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် တောင်လေးလုံးကြိုးဝိုင်းအတွင်း စိုက်ပျိုးတည်ထောင်ထားသော ထင်းရှူးစိုက်ခင်းနှင့် မက်ကဒေးမီးယားစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ အရှေ့ရေပေါင်းဆုံကြိုးဝိုင်း အကွက်အမှတ်(၁၁)အတွင်း တည်ထောင်ထားသော ၂/၁၉၆၈ စီးပွားရေး (ပျဉ်းကတိုးစိုက်ခင်း) ၁၇ ဧကအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ ပျဉ်းကတိုးစိုက်ခင်းအား လာမည့် ဘဏ္ဍာနှစ်တွင် ပျဉ်းကတိုးသစ်စေ့ထုတ် ဇရိယာအဖြစ် ဖွဲ့စည်းတည်ထောင်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်း ပညာရေးလုပ်ငန်းဖွင့်

**ဒလ ဩဂုတ် ၃**

ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်းပညာရေးလုပ်ငန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညိုတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ယူနက်စကို အကြံပေးပညာရှင် Ms. Kannikar Yaemgeasorn နှင့် ဒလမြို့နယ်ပညာရေးမှူး ဦးအောင်နိုင်စိုးတို့က ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေးဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး Ms. Kannikar Yaemgeasorn နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းတက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ဒလမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ကျောင်းပြင်ပ အခြေစိုက်စခန်းများအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်လွှာများကို ပေးအပ်ပြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား စွမ်းဆောင်ရည်အကောင်းဆုံးဆုများနှင့် ထူးချွန်ဆုများပေးအပ်ကြသည်။

အဆိုပါ ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒလမြို့နယ်နှင့်လှိုင်သာယာမြို့နယ်တို့တွင် ဩဂုတ် ၁ ရက်မှစ၍ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**




## မော်တော်ယာဉ်စီးနင်းသူများအား သတိပေးနှိုးဆော်ချက်ဆိုင်းဘုတ် ဗန်းမော်၌စိုက်ထူ

**ဗန်းမော် ဩဂုတ် ၃**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သက်ထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ ဗန်းမော်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဟန်၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူး သိန်းဝေမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် (၁၀၀) ယာဉ်ထိန်းတပ်စုမှူး ဒု-ရဲမှူးမြတ်ထွန်းနှင့် တာဝန်ရှိသူများသည် ခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်စီးနင်းသူများအား သတိပေးနှိုးဆော်ချက် ဆိုင်းဘုတ် သုံးခုကို ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက် ဗန်းမော်-မန္တလေး လမ်းဘေး ပေါက်ကုန်းလမ်းဆုံနေရာ ဗိုလ်ချုပ်လမ်းဘေး သီရိရတနာဈေးပေါက်ဝနေရာနှင့် မင်းကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ သိမ်မဟာစေတီတော် ဘုရားဝင်းနေရာတို့၌ အသီးသီးစိုက်ထူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၁ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီပီ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၅

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နော်ဝေနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ အန်အိုလီစတန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံမှ ပါဝင်ကူညီပေးနေမှုနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# စုံညီခုံရုံးက ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၄)အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ် ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ "ဝ" ဒီမိုကရက်တစ်ပါတီမှ ဦးကျင်ဝမ်းအပေါ် "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးယောဟန်၏ ရွေးကောက်ပွဲကန့်ကွက်လွှာအမှုကို ၂၀၁၆ ခုနှစ် မေ ၃၁ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၁)က ချမှတ်ခဲ့သည့် စီရင်ချက် (အမိန့်)အပေါ် ဦးယောဟန်က ကျေနပ်မှုမရှိသဖြင့် အယူခံမှု တင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၄/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။



အယူခံမှုတင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌ၊ ခုံအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးက ရှမ်းပြည်နယ် ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးကျင်ဝမ်းအား ရွေးကောက်တင်မြှောက်ခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်သည်ဟု မူလရွေးကောက်ပွဲခုံအဖွဲ့ (၁) ၏ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်းနှင့် အယူခံလျှောက်ထားမှုအား စရိတ်နှင့်တကွ ပယ်သည့် အပြီးသတ်အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးခင်မောင်ထွန်း<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာဒေါ်သီတာဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

# ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman သည် ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် တိုင်းရင်းသားများ၏ လူမှုစီးပွားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသများရှိ IDPs များနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်ရေးနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❒

**❂ ရှေ့ဖုံးမှ**

ဆောင်ရွက်နိုင်အောင် ပြင်ဆင်နေကြပါတယ်။ အခုနောက်ပိုင်းဖွဲ့မယ့် ကုမ္ပဏီတွေအနေနဲ့ ၂၀၀၆ မော်ဒယ်ဘတ်စ်ကားတွေ သုံးရမယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲကွန်းကောင်းရမယ်။ ကားဥပဓိရုပ် ကောင်းရမယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

အများပိုင်ဘတ်စ်ကားလိုင်းကုမ္ပဏီများအတွက် ယာဉ်အမျိုးအစား မော်ဒယ်သတ်မှတ်ချက် ဆောင်ရွက်ခြင်းတွင် ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ယာဉ်ပိုင်ရှင်များ အဆင်ပြေစေရန်အတွက်ကိုလည်း ဘဏ်စနစ်ဖြင့် အရစ်ကျ ယာဉ်ဝယ်ယူနိုင်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

လက်ရှိ မြို့တွင်းဘတ်စ်ကားလိုင်းများ၊ တစ်ဦးတစ်ယောက်ချင်းပိုင် မော်တော်ယာဉ်များအနေဖြင့်လည်း အများပိုင်ဘတ်စ်ကားလိုင်းကုမ္ပဏီများတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး သတ်မှတ်ထားသော ယာဉ်များဖြင့် ပြေးဆွဲဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းမှာ ရန်ကုန်မြို့၏ ယိုယွင်းနေသော ဘတ်စ်ကားလိုင်းစနစ်ကို ပြင်ဆင်နိုင်ရေးနှင့် ယာဉ်များ၊ လမ်းကြောင်းများ စနစ်တကျဖြစ်စေရေးအတွက် ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းအတွက် လက်ရှိယာဉ်ဟောင်းများကို ရန်ကုန်တိုင်းဒေသကြီးပြင်ပသို့ ရောင်းချနိုင်ရန် ခွင့်ပြုပေးမည်ဖြစ်ပြီး ယာဉ်အသစ်များ အစားထိုးနိုင်ရန်အတွက် ဘဏ်နှင့်ချိတ်ဆက်ကာ သုံးနှစ်အတွင်း အရစ်ကျပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးမည်ဟု အဆိုပါအဖွဲ့မှ သိရသည်။ ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ယာဉ်အသစ် အစားထိုးဝယ်ယူမှုတွင် အများပြည်သူသုံးယာဉ်များအတွက် အခွန်လျှော့ချပေးရန်၊ အရစ်ကျပေးချေမှုတွင် နှစ်တိုးဆောင်ရွက်ပေးရန်တို့ကိုလည်း လိုလားမှုများရှိနေသည်ဟု ယာဉ်ပိုင်ရှင်များထံမှ သိရသည်။ **(ဆုနှင်းလဲ့)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ကျောက်တန်း ဩဂုတ် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်ပညာသင်တန်းဖွင့်ပွဲအမှတ်စဉ် (၄/၂၀၁၆)ကို ကျောက်တန်းမြို့နယ် တံတားမြို့ Learning Centre ၌ ဩဂုတ် ၂ ရက်က သင်တန်းသူ ၄၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူနှင့် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်းတို့က သင်တန်းအဖွင့်အမှာစကား ပြောကြားကြသည်။

**စန်းစန်း(ကျောက်တန်း)**

# အီမရိတ်လေကြောင်းပိုင် ခရီးသည်တင်လေယာဉ် ဒူဘိုင်းလေဆိပ်၌ အရေးပေါ်ဆင်းသက်စဉ် မီးလောင်

**ဒူဘိုင်း ဩဂုတ် ၃**

အီမရိတ်လေကြောင်းဌာနပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဩဂုတ် ၃ ရက်က အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ဒူဘိုင်းမြို့ရှိ နိုင်ငံတကာလေဆိပ်သို့ အရေးပေါ်ဆင်းသက်စဉ် လေယာဉ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ သို့ရာတွင် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း စုစုပေါင်း ၃၀၀ စလုံးမှာ မီးလောင်နေသော လေယာဉ်ကိုယ်ထည်မှ ထွက်ပြေးလွတ်မြောက်ခဲ့ကြကြောင်း အာဏာပိုင်များက ပြောကြားသည်။

လေယာဉ်ဦးပိုင်းဘက်မှ မီးခိုးများအူထွက်လာပုံကို ဗီဒီယိုမှတ်တမ်းတွင် တွေ့မြင်ရသည်။ လေယာဉ်မှာ ဝမ်းဗိုက်ဖြင့် လျှောဆင်းခဲ့ပုံရပြီး လေယာဉ်ပေါ် လိုက်ပါလာသူအားလုံးကို ဘေးကင်းရာသို့ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ခရီးသည် ၂၇၅ ဦးနှင့် လေယာဉ်ဝန်ထမ်းများ လိုက်ပါလာခဲ့သော ဘိုးရင်း-၇၇၇ လေယာဉ်သည် အိန္ဒိယနိုင်ငံ ထရီဗန်ဒရမ်မြို့မှ ဒူဘိုင်းမြို့သို့ ပျံသန်းခဲ့ခြင်း ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

**ရိုက်တာ။**



# အိန္ဒိယနိုင်ငံ အနောက်ပိုင်းတွင် တံတားတစ်စင်းပြိုကျ၊ လူနှစ်ဦး သေဆုံး၊ ၂၂ ဦးပျောက်ဆုံးနေ

**နယူးဒေလီ ဩဂုတ် ၃**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရာရှတြာပြည်နယ်ရှိ အဝေးပြေးလမ်းတစ်လမ်းတွင် ဩဂုတ် ၃ ရက်က ဗြိတိသျှတို့ အိန္ဒိယနိုင်ငံအား အုပ်စိုးစဉ်ကာလက တည်ဆောက်ခဲ့သည့် တံတားတစ်စင်းပြိုကျခဲ့ရာ လူအများအပြားသေဆုံးရဖွယ်ရှိကြောင်း၊ သေဆုံးသူ လူနှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရပြီး အခြားလူ ၂၀ ကျော် ပျောက်ဆုံးနေကာ ၎င်းတို့သေဆုံးသွားဖွယ်ရှိကြောင်း၊ တံတားပြိုကျမှုကြောင့် မော်တော်ယာဉ်တစ်ဒါဇင်ခန့်မှာလည်း မြစ်တွင်းသို့ ထိုးကျသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။




မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ပြိုကျသွားသော တံတားသည် အရှည်ပေ ၅၀ ရှိသည်။ မဟာရာရှတြာပြည်နယ် ဇိုင်ဂတ်ခရိုင် မဟတ်မြို့အနီးရှိ ဆာဗီထရီမြစ်ကို ဖြတ်ကျော်ကာ တည်ဆောက်ထားသည့် တံတားတစ်စင်းဖြစ်သည်။ တံတားတည်ရှိရာ အဝေးပြေးလမ်းသည် ပြည်နယ်မြို့တော်မွမ်ဘိုင်းနှင့် အားလပ်ရက်အပန်းဖြေမြို့ ဂိုအာတို့ကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းဖြစ်သည်။

လတ်တလောတွင် သေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းကို ဆယ်ယူရရှိခဲ့သည်။ အဆိုပါ မြစ်မှာ စိုးရိမ်ရေမှတ်အထက်သို့ မြင့်တက်နေကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့ဝင်များက အိန္ဒိယရေတပ်မှ ရေငုပ်သမားများနှင့်အတူ ပျောက်ဆုံးနေသူများအား ရှာဖွေနေကြောင်း အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းအတွက် လိုအပ်သော အထောက်အပံ့အားလုံးပေးသွားမည်ဟု မဟာရာရှတြာပြည်နယ်ဝန်ကြီးချုပ်အား ပြောကြားခဲ့သည်။

ခရီးသည်တင် ဘတ်စ်ကားနှစ်စီးနှင့် ပုဂ္ဂလိကပိုင် ကားငယ်လေးစီးတို့မှာ တံတားပြိုကျစဉ် မြစ်အတွင်းသို့ ကျသွားခဲ့ပြီး ရေစီးနှင့်အဝေးသို့ မျောပါသွားသည်ဟု သံသယရှိရကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးက ပါလီမန်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် တံတားများပြိုကျမှုသည် ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ ရှိနေပြီး ယခုနှစ် မတ်လအတွင်းက အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့တွင် တည်ဆောက်ဆဲ မိုးပျံတံတားတစ်စင်းပြိုကျခဲ့ရာ လူ ၂၇ ဦး သေဆုံးပြီး ၈၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့သည်။

**ဆင်ဟွာ။**

■

# မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည်တစ်စင်း ဂျပန်ပိုင်နက်ရေပြင်အတွင်းသို့ ကျရောက်

**ဆိုးလ် ဩဂုတ် ၃**

တောင်ကိုရီးယားတွင် အမေရိကန်၏ အဆင့်မြင့်ဒုံးကျည်ကာကွယ်ရေးစနစ် (တီအိတ်ချ်အေအေဒီ) ဖြန့်ကြက်ရန် စီစဉ်ထားမှုကို ဆန့်ကျင်ကြောင်း ထင်ရှားသိသာစေသည့် လုပ်ဆောင်ချက်အနေဖြင့် မြောက်ကိုရီးယားက ယင်း၏ နိုင်ငံအရှေ့ပိုင်းပင်လယ်တွင်းသို့ ပဲ့ထိန်းဒုံးကျည်နှစ်စင်းကို ဩဂုတ် ၃ ရက် နံနက်အစောပိုင်းတွင် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။


ရိုဒေါင်အမျိုးအစားဟု ခန့်မှန်းရသော ပဲ့ထိန်းဒုံးကျည်များကို မြောက်ကိုရီးယားနိုင်ငံ ဝှမ်ဟေးတောင်ပိုင်းပြည်နယ်မှ ယနေ့နံနက်ဒေသစံတော်ချိန် ၇နာရီ မိနစ် ၅၀ ခန့်တွင် အရှေ့အရပ်ဆီသို့ ဦးတည်ကာ ပစ်လွှတ်ခဲ့ကြောင်း၊ ပစ်လွှတ်ခဲ့သောဒုံးကျည်များအနက် တစ်စင်းမှာ ပေါက်ကွဲသွားခဲ့ပြီး ပျက်ကျခဲ့ကြောင်း၊ အခြားဒုံးကျည်တစ်စင်းမှာ ကီလိုမီတာ ၁၀၀၀ (မိုင် ၆၂၀)ခန့်အထိ ပျံသန်းသွားခဲ့ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံး (ဂျေအေအက်စ်) က ပြောကြားသည်။

မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့သော ဒုံးကျည်တစ်လုံးသည် ဂျပန်နိုင်ငံ၏ ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန် (အီးအီးဇက်) အတွင်းသို့ ကျရောက်သွားကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ ဂျပန်နိုင်ငံ၏ ရေပိုင်နက်အတွင်းသို့ မြောက်ကိုရီးယား၏ ဒုံးကျည်ပထမဆုံးအကြိမ် ကျရောက်ခြင်းလည်း ဖြစ်သည်။

မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့သောဒုံးကျည် ဂျပန်ရေပြင်ပိုင်နက်သို့ ကျရောက်ခဲ့ခြင်းသည် ဂျပန်နိုင်ငံတွင် အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့များနှင့် တောင်ကိုရီးယားနိုင်ငံတို့အထိ ရောက်ရှိအောင် ဒုံးကျည်ပစ်ခတ်နိုင်စွမ်းရှိပုံကို ပြသလိုသည့်ရည်ရွယ်ချက်ဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် ယွန်ဟပ်သတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့ သဘောတူဆုံးဖြတ်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံတွင် ဒုံးခွင်းဒုံးစနစ်ချထားရေး သဘောတူညီချက်အား ဆန့်ကျင်ကြောင်း ပြသသည့်အနေဖြင့် ဇူလိုင် ၁၉ ရက်တွင် မြောက်ကိုရီးယားက တာလတ်ပစ်ရိုဒေါင်ဒုံးကျည် နှစ်စင်းနှင့် တာတိုပစ်စကတ်ဒုံးကျည်တစ်စင်း တို့ကို ပစ်ခတ်မှုပြုပြီးနောက်တွင် ပဲ့ထိန်းဒုံးကျည်များ ပစ်ခတ်မှုကို ထပ်မံလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**




# ဗီယက်နမ်နိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်ဦးတွေ့ရှိ

**ဟန္နိုင်း ဩဂုတ် ၃**

ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းတောင်ဘက် ကီလိုမီတာ ၉၅၀ အကွာအဝေးတွင်ရှိသော ဖူးယန်စီရင်စုတွင် ဇီကာဗိုင်းရပ်စ်ကူးစက်သူတစ်ဦး တွေ့ရှိခဲ့ရကြောင်း ဩဂုတ် ၃ ရက်တွင် ဒေသန္တရကျန်းမာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဖူးယန်ကျန်းမာရေးဌာန၏ပြောကြားချက်အရ အသက် ၂၇ အရွယ် ဒေါင်းဒင်း တင်န်ဆိုသူသည် ဇွန် ၂၇ ရက်ကစပြီး ကြွက်သားနှင့် အဆစ်အမြစ်များနာကျင်ကိုက်ခဲကာ ဖျားနာမှုဝေဒနာခံစားခဲ့ရကြောင်း ဗီယက်နမ်နိုင်ငံပိုင်မီဒီယာက ဆိုသည်။

ဇွန် ၃၀ ရက်တွင် သူ့ကိုယ်ခန္ဓာပေါ်တွင် ယားဖုအစက်အပြောက်များ ပေါ်ထွက်လာကာ သူ့အား ဖူးယန်စီရင်စုရှိ ဆွန်းဟိုရာခရိုင်အထွေထွေဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။ လူနာ၏ဆေးစစ်ချက်မှတ်တမ်းအရ သူ့တွင် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ် ကူးစက်မှုလက္ခဏာမတွေ့ရှိဘဲ ဇီကာဗိုင်းရပ်စ်ကူးစက်မှုလက္ခဏာကိုသာ တွေ့ရှိခဲ့ရသည်။

၎င်းတွင် ဇီကာဗိုင်းရပ်စ်ကူးစက်မှုလက္ခဏာတွေ့လျှင်တွေ့ချင်း ၎င်းနေထိုင်ရာ အနီးပတ်ဝန်းကျင်နေရာများသို့ ကျန်းမာရေးအဖွဲ့က သွားရောက်ပြီး ဇီကာဗိုင်းရပ်စ်ကူးစက်မှု ရှိ၊ မရှိကို စစ်ဆေးခဲ့သည်။ ယနေ့ထိတိုင် ဗိုင်းရပ်စ်ကူးစက်မှု လက္ခဏာတစ်ဦးတစ်ယောက်မျှ မတွေ့ရှိသေးပေ။

ဒေသန္တရဆိုင်ရာကျန်းမာရေးအာဏာပိုင်များက ဒေသအတွင်း ဇီကာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိစေရန် သက်ဆိုင်ရာအေဂျင်စီများကို ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ လုပ်ဆောင်ရန် တိုက်တွန်းထားကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံ ခါန်ဟိုယာစီရင်စုနှင့် ဟိုချီမင်းစီးတီးတို့တွင် ဧပြီလအစောပိုင်းက ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ နှစ်ဦးတွေ့ရှိခဲ့ပြီး ဧပြီလနှောင်းပိုင်းတွင် နိုင်ငံအတွင်း ဇီကာဗိုင်းရပ်စ်ကူးစက်မှုကင်းရှင်းကြောင်း ကြေညာခဲ့သည်။

ဇီကာဗိုင်းရပ်စ်ကို အေဒီးစ်အေဂျစ်တီခြင်အမျိုးအစားက သယ်ဆောင်ပေးသည်။ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသော ကိုယ်ဝန်ဆောင်မိခင်များသည် ဦးနှောက်သေးငယ်သော ကလေးငယ်များမွေးဖွားမှုကို ရင်ဆိုင်ရမည်ဖြစ်သည်။

**ဆင်ဟွာ။**

# ဓာတုဗေဒစစ်ဆေးရေးဌာနရှိ ဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို အလေးထားလိုက်နာရန်နှင့် မသမာမှုများပြုလုပ်သည့် ဖြစ်စဉ်များရှိပါကလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၃**

ဓာတုဗေဒစစ်ဆေးရေးဌာနရှိ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို အလေးထားလိုက်နာရန်နှင့် အရေးယူခြင်းမရှိဘဲ မသမာမှုများပြုလုပ်သည့် ဖြစ်စဉ်များရှိပါက အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်ဟု အသိပေးကြေညာထားပြီးဖြစ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပင်လည်ဘူး မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဓာတုဗေဒစစ်ဆေးရေးဌာနသို့ ရဲစခန်းအသီးသီးမှ လာရောက်အပ်နှံစစ်ဆေးသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအနက် အချို့အမှုများတွင် ပေးပို့သည့် သက်သေခံပစ္စည်းအားလုံးသော်လည်းကောင်း၊ အချို့ကိုသော်လည်းကောင်း စမ်းသပ်စစ်ဆေးရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ် မတွေ့ရှိပါက ဓာတ်ခွဲခန်းဝန်ထမ်းများ၏ မသမာမှု ရှိ၊ မရှိ သိရှိနိုင်ရန် ညွှန်ကြားရေးမှူးက သတ်မှတ်ပေးသော အခြားဓာတုဗေဒ စစ်ဆေးရေးဌာနခွဲတစ်ခုသို့ သက်ဆိုင်ရာအမှုတွဲနှင့် သက်သေခံပစ္စည်းများကို ပေးပို့စေကာ အထူးကိစ္စအနေဖြင့် ပြန်လည်စစ်ဆေးခြင်း၊ မှုခင်းရဲတပ်ဖွဲ့ ဓာတ်ခွဲခန်းသို့ ၎င်းသက်သေခံပစ္စည်းများကို ပေးပို့ကာ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ တရားရုံးများတွင် တရားစီရင်ရာမှာ စိတ်ဝင်စားသော ပြည်သူများ ဝင်ရောက်နားထောင်ရာတွင် တားဆီးသူများအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိနှင့် တရားရုံးများတွင် ရေးသား လျှောက်လဲချက်ကို လက်ခံနေခြင်းသည် ဥပဒေကို ဆန့်ကျင်နေပါသဖြင့် ရပ်ဆိုင်းရန်အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က သက်ဆိုင်ရာ တရားရုံးသည် လူကုန်ကူးမှုနှင့်စပ်လျဉ်းသော ပြစ်မှုများကို စစ်ဆေးစီရင်ရာတွင် လူကုန်ကူး ခံရသည့် အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များဖြစ်ပါက ကာယိန္ဒြေ စောင့်ထိန်းမှုနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိစေရန် အများပြည်သူ ရှေ့တွင် မဟုတ်ဘဲ သီးသန့်ရုံးခန်းတွင် စစ်ဆေးစီရင်ရမည်ဟု ပြဋ္ဌာန်းထား


ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး


လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်

ပါကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅၂ တွင်လည်း ရာဇဝတ် တရားသူကြီးသည် မိမိသင့်သည်ဟု ထင်မြင်ပါက ထူးခြားသည့် အမှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စီရင်ခြင်းပြုနေဆဲ မည်သည့်အချိန်တွင်မဆို တရားရုံးက အသုံးပြုသည့်အခန်း သို့မဟုတ် အဆောက်အအုံအတွင်းသို့ ဝင်/ထွက်သွားလာခြင်း သို့မဟုတ် ရှိနေခြင်း မပြုလုပ်ရဟု အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၅၂ တွင်ပါသည့် ထူးခြားသော မှုခင်းတစ်စုံတစ်ရာဆိုသည်မှာ ကျူးလွန်ခံရသူ၏ ဂုဏ်သိက္ခာအတွက် ပြည်သူများ နားထောင်ရန်မသင့်သည့် မုဒိမ်းမှု၊ ဖြားယောင်းသွေးဆောင်ပြီး ကာမဖျက်ဆီးမှု၊ ရက်စက်ယုတ်မာစွာဖြင့် အသက်မပြည့်သေးသည့် ကလေးသူငယ်များအပေါ်တွင် ကျူးလွန်သည့် အဓမ္မမှုများကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

ယင်းကိစ္စများနှင့် ပတ်သက်၍ မုဒိမ်းမှုများနှင့် ကာမသောင်းကျန်းမှုများကို စစ်ဆေးသည့်နေရာတွင် မောင်နှင့်နှမ သားနှင့်အမိ မကြားဝံ့မနာသာ မဖြစ်စေရန်နှင့် တရားဖြောင့်မတ်မှန်ကန်ရေးကို ရှေးရှုကာ ထိုသို့သောအမှုများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၅၂ ခြွင်းချက်အရ ရုံးခန်းအတွင်း အမှုနှင့် သက်ဆိုင်သူများမှတစ်ပါး အခြားပြင်ပလူများဝင်ရောက်ခြင်း မပြုသင့်ဟု ယူဆပါက ဝင်ရောက်ခွင့်မပြုဘဲ အဆိုပါသူများအား တံခါးပိတ်ပြီး စစ်ဆေးရန် ညွှန်ကြားထားရှိပါကြောင်း၊ တရားရုံးများ လက်စွဲအပိုဒ် ၄၈၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၅၂ အရ စက်ရှင်တရားသူကြီး သို့မဟုတ် ရာဇဝတ်တရားသူကြီးတစ်ဦးသည် အမှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးနေစဉ်အတော အတွင်း သို့မဟုတ် စီရင်နေသည့်အတောအတွင်း ပြည်သူတစ်ရပ်လုံးကို ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ မိမိတရားရုံးအဖြစ် အသုံးပြုသည့် အခန်းအတွင်းတွင်လည်းကောင်း၊ အဆောက်အအုံအတွင်းတွင်လည်းကောင်း၊ အဆောက်အအုံအတွင်းမှာ ထုတ်ပယ်ခွင့်အာဏာရှိသည်၊ တရားရုံးအတွင်း ငြိမ်ဝပ်မှု ထိန်းသိမ်းရန်နှင့် နှောင့်ယှက်မှုများကို တားဆီးရန် လိုအပ်သည့် စီမံမှုများကို ဆောင်ရွက်ရန် ထိုတရားသူကြီး၌ အခွင့်အာဏာရှိသည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

တရားရုံးများသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ တရားစီရင်ရေးဆိုင်ရာမူများနှင့်အညီ ကန့်သတ်ထားသည့် အမှုများမှအပ ပြည်သူလူထု ရှေ့မှောက်တွင် တရားစီရင်ခွင့်ရှိပါကြောင်း၊ တရားရုံးများတွင် အများပြည်သူများက အတားအဆီးမရှိ ဝင်ရောက်နားထောင်ခွင့်ပြုလျက်ရှိပါသည်ဟု တင်ပြအပ်ပါကြောင်းနှင့် အကယ်၍ တရားရုံးများမှာ တရားစီရင်ရာ၌ ခွင့်ပြုထားသည့် ပြည်သူများ ဝင်ရောက်နားထောင်ရာတွင် တားဆီးမှုများရှိကြောင်း တိုင်ကြားလာပါက လိုအပ်သည့် စုံစမ်းမှုများပြုလုပ်ပြီး ပေါ်ပေါက်သည့်အတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့တွင် ပန်းတောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က အစိုးရသစ်၏ လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသော နိုင်ငံတည်ဆောက်ရေးတို့အား အဟန့်အတား အနှောင့်အယှက်ဖြစ်နေသော မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ လောင်းလုံး မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီက ထောက်ခံဆွေးနွေးခဲ့ပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

# အကျိုးဖြစ်ထွန်းမှုရှိသော လုပ်ငန်းဖြစ်ပါက ရန်ပုံငွေတင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၃**

ဖြစ်မြောက်နိုင်စွမ်းရှိပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိသော လုပ်ငန်း ဖြစ်ပါက ခန့်မှန်းကုန်ကျငွေ တွက်ချက်ပြီး ရခိုင်ပြည်နယ်အစိုးရမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေ ရရှိမှုအပေါ် အခြေခံပြီး လုပ်ငန်း များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးတက်ထွန်းအောင်၏ "ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေရရှိနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ရေချိုချောင်းပိတ်ဆည် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီးက ဖြေကြားရာ၌ အထက်ပါ အတိုင်း ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ပေါက်တော မြို့နယ်အတွင်းရှိ ချောင်း (၂၉)ချောင်း အား ရေငန်ဝင်ရောက်ပြီး လယ်မြေများထိခိုက်ပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော ရေငန်တားတာနှင့် ရေတံခါးများတည်ဆောက်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်း စသည့် လုပ်ငန်းများကို စူးစမ်းလေ့လာသွားရမည်ဖြစ်ပြီး လုပ်ငန်းပမာဏလည်း ကြီးမားသည့်အတွက် အချိန်ယူ


ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးတက်ထွန်းအောင်

ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

စူးစမ်းလေ့လာမှုများမှ ရရှိလာသည့် အချက်အလက်များအရ ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်နိုင်မှု ရှိ၊ မရှိ (EIA, SIA) လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိပြီး အမှန်တကယ်အကျိုးဖြစ်ထွန်းမှုရှိသော လုပ်ငန်းဖြစ်ပါက ခန့်မှန်းကုန်ကျငွေ တွက်ချက်ပြီး ရခိုင်ပြည်နယ်အစိုးရမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် အခြေခံပြီး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ "တိုင်းရင်းသားလူမျိုးများ လူနည်းစု၊


ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း

လူမျိုးစုငယ်များအသီးသီး၏ အမည်များရှေ့တွင် (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) ထည့်သွင်းခေါ်ဝေါ်နေခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာန ဦးစီးဌာနတွင် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ရှိ၊ မရှိသိလိုခြင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ အမည်ရှေ့တွင် "မောင်၊ မ၊ ဦး၊ ကို၊ ဒေါ်" စသဖြင့် ထည့်သွင်းခေါ်ဝေါ်နေခြင်းသည် သီးခြားအမိန့်နှင့် ညွှန်ကြားချက်၊ ဥပဒေများ မရှိပါကြောင်း၊ လိင်ကွဲပြားမှု သိရှိနိုင်စေရန်နှင့် အသက်အရွယ် အပိုင်းအခြား သိရှိစေရန် ဌာနရုံးသုံးပုံစံ၊ ကိုယ်ရေးမှတ်တမ်းများတွင် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ရေးသွင်းခြင်းသာဖြစ်ပါကြောင်း။

ကာယကံရှင်များအနေဖြင့် ဝန်ထမ်းရေးရာ၊ ပညာရေး၊ လူမှုရေးစသည့် အခက်အခဲတစ်စုံတစ်ရာရှိခြင်းကြောင့် ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဖော်ပြပါရှိသော မြန်မာစာဖြင့် ရေးသားထားသည့် ရှေ့ဆောင်စကားလုံးအား ဖြုတ်၍ တိုင်းရင်းသားလူမျိုးဆိုင်ရာ အမျိုးသားရေးအမှတ်လက္ခဏာ ရှေ့ဆောင်စကားလုံး ထည့်သွင်းထားသည့် အတိုင်းသာ ပြင်ဆင်ပေးပါရန် လျှောက်ထားလာပါကလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ "အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရေးဆွဲထားသော ဖြေလျှော့မှုများကို သိရှိလိုခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ခွင့်အတွက် ဖြေလျှော့မှုများရှိခဲ့ပါက ကိုးကန့်တိုင်းရင်းသားများအတွက် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့ရာတွင် ရောက်ရှိရာ မြို့နယ်တွင် အိမ်ထောင်စုလူဦးရေ စာရင်း ပုံစံ-၆၆/၆ ပြုလုပ်နိုင်ရန်အတွက် အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရန်အစား မလာရောက်နိုင်က ကိုယ်စားလှယ်ဖြင့် လာရောက်နိုင်ကြောင်းကို ဖြေလျှော့ပေးခဲ့သည့်အပြင် ထောက်ခံချက်လိုအပ်မှုများကိုလည်း ဖြေလျှော့ပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လက်မှတ်ရေးထိုး၍ နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက မှတ်ပုံတင်ထုတ်ပေးနိုင်သည့် အသက်(၁၀) နှစ်အထက် လူဦးရေ ကိုးကန့်လူမျိုးစုစုပေါင်း ၂၁၀၈၆၉ ဦးရှိသည့်အနက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၂၇၄၄ ဦး၊ ဧည့်နိုင်ငံသားလက်မှတ် ၁၀၄ဦး၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ် ၃၅၄ ဦး၊ အမျိုးသားမှတ်ပုံတင် သက်သေခံကတ်ပြား ၇၄၆၄၅ ဦးနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား -NVC (၅၂၄၅) ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အစိုးရသစ်၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန အနေဖြင့် ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ပေးရန် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေးဆောင်ရွက်ရေး၊ အခြေခံပညာကျောင်းများတွင် အသက် (၁၀)နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးထုတ်ပေးရေးနှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ သက်ဆိုင်သည့် ကတ်ပြားတစ်မျိုးမျိုး စိစစ်ထုတ်ပေးရေး ဆောင်ရွက်ခြင်း လုပ်ငန်းသုံးရပ်ကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့ပြင် ရက်(၁၀၀)အတွင်း ဆောင်ရွက်ပေးသည့် အစီအစဉ်တွင် နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းသွားလာနေထိုင်သူများအား ပုံစံ(၁၀)ဟုခေါ်ဆိုသော "နေရပ်လိပ်စာပြောင်းရွှေ့ခြင်းပုံစံ" မပါရှိစေကာမူ ၎င်းအချက်ကို ထပ်မံဖြေလျှော့၍ ကာယကံရှင်များကိုယ်တိုင်အား မူလဒေသသို့ စေလွှတ်ခြင်း မပြုတော့ဘဲ ဌာနဆိုင်ရာမြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ပြီး သတ်မှတ်ချက်နှင့်အညီ စိစစ်မှန်ကန်ပါက ဖြေလျှော့ဆောင်ရွက်သည့် အနေဖြင့် ထိုအိမ်ထောင်စုလူဦးရေစာရင်းအား မူလမြို့နယ်တွင် ပယ်ဖျက်စေပြီး လက်ရှိမြို့နယ်တွင် အိမ်ထောင်စုစာရင်း ထုတ်ပေး၍ ရသင့်သည့် ကတ်တစ်မျိုးမျိုးကို ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက "ပြည်ထောင်စု မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်းသောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"ကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့သည်။

**(သတင်းစဉ်)**

# ဥပဒေ၏ အစိတ်အပိုင်း သုံးခု

**စောလှထွန်း(ချောင်းဦး)**
**ဥပဒေရေးရာအထူးကော်မရှင်**

ဥပဒေတစ်ခုအကြောင်း ပြောဆိုလေ့လာတော့မည်ဆိုပါက အစိတ်အပိုင်း သုံးခုစလုံးကို ထည့်သွင်းစဉ်းစားလေ့ရှိကြပါသည်။ ယင်းမှာ-

(၁) ဥပဒေ ရေးဆွဲခြင်း၊

(၂) ယင်းဥပဒေကို အတည်ပြုခြင်း၊

(၃) လက်တွေ့ကျင့်သုံးခြင်း ဟူသည့် အစိတ်အပိုင်းများကိုတွေ့ရှိနိုင်ပါသည်။

**၁။ ဥပဒေရေးဆွဲခြင်း**

ဥပဒေရေးဆွဲခြင်းသည် အတတ်ပညာရပ်တစ်ခုအဖြစ် နက်နဲကျယ်ဝန်းလှသလို အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် စံနှုန်းကိုက်ညီရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းရန်၊ လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။ ပညာရှင်များက ဥပဒေရေးဆွဲခြင်းကို အနုပညာတစ်ရပ်အဖြစ် ဖန်တီးမှုဟုလည်း ဆိုကြပါသည်။

ဥပဒေတစ်ရပ်တွင် အဓိကပြဋ္ဌာန်းရသည့် အကြောင်းရင်းဖြစ်သော



ဇွန် ၂၇ ရက်က ပြည်ထောင်စုလွှတ်တော်၌ ဥပဒေ(မူကြမ်း)နှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်းဆိုင်ရာလုပ်ငန်းညှိနှိုင်းစည်းဝေးစဉ်။

မူတစ်ရပ်သည် အခြေခံလိုအပ်ပါသည်။ ထို့ကြောင့် ဥပဒေတစ်ရပ်တွင် Spirit of Law ခေါ်သည့် မူဝါဒရည်မှန်းချက်နှင့် Letter of Law ခေါ်သည့် အရေးအသားပိုင်းတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ဥပဒေရေးဆွဲခြင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး အဆက်ဆက်သော နိုင်ငံတော်ရှေ့နေချုပ်တို့၏ ကြိုးကြပ်လမ်းညွှန်မှုဖြင့် ဥပဒေပေါင်းများစွာကို ပြုစုရေးဆွဲခဲ့ကြသကဲ့သို့ အတွေ့အကြုံရှိသော ဝန်ထမ်းအဆင့်ဆင့်က လက်ဆင့်ကမ်းပညာအမွေ ပေးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ရှေ့နေချုပ်ရုံး၏ ဝန်ထမ်းဖွဲ့စည်းပုံတွင် ဥပဒေကြမ်းရေးဆွဲရေးဌာန ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး မအားလပ်နိုင်လောက်အောင် ဉာဏအားကို အသုံးပြုရသော ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်အဖြစ် ဂုဏ်ယူဖွယ်တည်ရှိပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလက Advocate General အဖြစ် အစိုးရအုပ်ချုပ်ရေးကို တာဝန်ခံအကြံပေးရသော အဖွဲ့အဖြစ် စတင်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်ရှေ့နေချုပ်အဖြစ် ပေါ်ထွက်လာခဲ့ပါသည်။ ၁၉၇၄ မှ ၁၉၈၈ ခုနှစ်ထိ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့အဖြစ် ရပ်တည်လာခဲ့ကြောင်း ရှေ့နေချုပ်ရုံး အငြိမ်းစား ညွှန်ကြားရေးမှူး ဦးစန်းလွင်ထံမှ လေ့လာသိရှိခဲ့ရပါသည်။ ၁၉၈၉ မှ ၂၀၁၀ အထိ ရှေ့နေချုပ်ရုံးအဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးသည့်အတွက် ဥပဒေရေးဆွဲခြင်းလုပ်ငန်းများသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် မပါရှိတော့ချေ။ အခြေခံဥပဒေအရ ဥပဒေပြုရေးလုပ်ငန်းများသည် ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ရှိလာခဲ့ပါသည်။ သို့ရာတွင် ၂၀၁၀ မှ ၂၀၁၅ အထိ ဥပဒေရေးဆွဲခြင်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကြံပြုပေးခဲ့သော်လည်း ရေးဆွဲခြင်းအတွက် ပြည်ထောင်စုဝန်ကြီးဌာနများတွင် အခက်အခဲဖြစ်ပေါ်လာသဖြင့် ယခင်ရှေ့နေချုပ်ရုံးမှ အငြိမ်းစားအရာထမ်းဝန်ထမ်းများ၏အကူအညီဖြင့် အကြမ်းပြုစုရေးသားကာ ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့အတည်ပြုဆောင်ရွက်ရပါသည်။

ထို့ကြောင့် ၂၇-၆-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ဥပဒေ(မူကြမ်း)နှင့် နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ လွှတ်တော်ရေးရာကော်မတီများ စုံညီစွာ တက်ရောက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**၂။ ဥပဒေကြမ်းကို အတည်ပြုခြင်း**

ပြည်ထောင်စုလွှတ်တော်သို့ ရောက်ရှိလာသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်သည် အတည်ပြုပြဋ္ဌာန်းထားသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရပါသည်။

ဥပဒေတစ်ရပ်ကို တင်သွင်းရာတွင် ပြည်ထောင်စုအဖွဲ့အစည်းများကသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကသော်လည်းကောင်း တင်သွင်းခွင့်ရှိပါသည်။ ထိုသို့တင်သွင်းရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဥပဒေတစ်ရပ်ကို ကိုင်တွယ်ကျင့်သုံးကြရမည့် ဗဟိုအဖွဲ့အစည်းများက သက်ဆိုင်ရာဥပဒေများအရ တင်သွင်းခွင့်ရှိကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာ မိမိကိုယ်စားပြုတက်ရောက်လျက်ရှိသော လွှတ်တော်များတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းနိုင်ကြပါသည်။

ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာပါက နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းများမှအပ ကျန်ရှိသည့် ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်သို့ စိစစ်အတည်ပြုနိုင်ရန် ပေးပို့ရပါသည်။

လွှတ်တော်အသီးသီးသို့ ရောက်ရှိလာပါက ဥပဒေကြမ်းကော်မတီသည် တာဝန်ခံစိစစ်ရပြီး လွှတ်တော်သို့တင်ပြအတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သက်ဆိုင်ရာတာဝန်ခံ ကျင့်သုံးဆောင်ရွက်မည့် ဥပဒေကြမ်းတင်သွင်းလာသည့် ဌာနအဖွဲ့အစည်း၊ ဥပဒေရေးရာကော်မရှင်တို့ဖြင့် ညှိနှိုင်းစည်းဝေးကျင်းပပါသည်။ ထို့နောက် လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ခြင်း၊ ဆွေးနွေးခြင်းတို့ဖြင့် လွှတ်တော်၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရပါသည်။

လွှတ်တော်တစ်ရပ်တွင် အတည်ပြုပြီးပါက အခြားလွှတ်တော်သို့ ဆက်လက်ပေးပို့ ဆောင်ရွက်ရပါသည်။ လွှတ်တော်နှစ်ရပ် သဘောတူပါက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့မှတ်တမ်းတင်ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် နိုင်ငံတော်သမ္မတထံသို့ ပေးပို့ရပါသည်။ နိုင်ငံတော်သမ္မတက ၁၄ ရက်အတွင်း ပြင်ဆင်ရန်ရှိပါက ပြည်ထောင်စုလွှတ်တော်သို့ ၁၄ ရက်အတွင်း ပြန်လည်ပေးပို့ရပြီး ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားသော ဥပဒေကြမ်း ပူးပေါင်းကော်မတီက တာဝန်ခံစိစစ်တင်ပြကာ လွှတ်တော်၏ အတည်ပြုချက်ထပ်မံရယူပြီး နိုင်ငံတော်သမ္မတထံ ထပ်မံပေးပို့ရပါသည်။ ဒုတိယအကြိမ်ပေးပို့ပြီးပါက နိုင်ငံတော်သမ္မတက ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး ထုတ်ပြန်ရပါသည်။ ထိုသို့ လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးမှသာ ဥပဒေကြမ်းတစ်ရပ်သည် ဥပဒေအဖြစ် ပြောင်းလဲခေါ်ဆိုရပါသည်။

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရပြီး ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားသော ဥပဒေကြမ်း ပူးပေါင်းကော်မတီက တာဝန်ခံစိစစ်တင်ပြကာ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူကြရပါသည်။ ယင်းနောက် နိုင်ငံတော်သမ္မတထံ အထက်ပါအတိုင်း ပေးပို့ရပါသည်။

ပြည်ထောင်စုလွှတ်တော်တွင်သာ စိစစ်အတည်ပြုရသည့် ဥပဒေသုံးရပ်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီက လည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက လည်းကောင်း သက်ဆိုင်ရာဥပဒေအလိုက် တာဝန်ခံစိစစ်တင်ပြပြီးလွှတ်တော်၏ အတည်ပြုချက်ရယူကာ နိုင်ငံတော်သမ္မတထံ ပေးပို့ရပါသည်။

**၃။ ဥပဒေတစ်ရပ်ကို လက်တွေ့ကျင့်သုံးခြင်း**

ဥပဒေပြဋ္ဌာန်းပြီးပါက တရားစီရင်ရေးအဖွဲ့များက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခြင်းဖြစ်ရာ သီးခြားဖော်ပြရန် လိုအပ်မည်မဟုတ်ချေ။

ဆောင်းပါး၏ နိဂုံးချုပ်အပိုင်းအနေဖြင့် ဥပဒေများ၏ အရေးကြီးမှု၊ အဆင့်ဆင့်ဆောင်ရွက်ရမှုများဖြင့် ခေတ်အဆက်ဆက် နိုင်ငံတော်အတွင်း တည်ရှိခဲ့သော ဥပဒေများစာရင်းကို ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များဆိုင်ရာ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က တာဝန်ခံပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြင့် စိစစ်လျက်ရှိရာ ဖြည့်စွက်ဖော်ပြလိုပါသည်။

ယင်း ဥပဒေစာရင်းစိစစ်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးကျော်စိန်၊ ဒေါ်သန်းသန်းရီ၊ ဦးစန်းလွင်၊ ဦးခင်မောင်ဦး စသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အငြိမ်းစား ဥပဒေ အရာရှိများ၏ စဉ်ဆက်မပြတ်လေ့လာအားထုတ်မှုအဖြစ် စုစည်းနိုင်ခြင်းဖြစ်ပါသည်။ ယင်းသို့ ၂၇-၇-၂၀၁၆ ထိ စိစစ်ဆဲ ဥပဒေစာရင်းချုပ်မှာ-

၁။ ပြဋ္ဌာန်း၊ ရုပ်သိမ်း၊ တည်ဆဲ၊ မကျင့်သုံး- လက်ရှိကျင့်သုံးစာရင်း

| | | |
|---|---|---|
| (က) | ပြဋ္ဌာန်း ဥပဒေ စုစုပေါင်း | ၁၅၉၅ ခု |
| (ခ) | ရုပ်သိမ်းသည့် ဥပဒေစုစုပေါင်း | ၆၇၇ ခု |
| (ဂ) | တည်ဆဲဥပဒေစုစုပေါင်း | ၉၁၈ ခု |
| (ဃ) | မူရင်းဥပဒေ စုစုပေါင်း | ၆၂၈ ခု |
| (င) | ကျင့်သုံးခြင်းမရှိသော ဥပဒေစုစုပေါင်း | ၂၃၁ ခု |
| (စ) | လက်တွေ့ကျင့်သုံးနေသော ဥပဒေစုစုပေါင်း | ၃၉၇ ခု |

၂။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က လေ့လာပြုစုထားသော ရုပ်သိမ်း၊ ပြင်ဆင်၊ အဟောင်းရုပ်/ အသစ်ရေး၊ အသစ်ဥပဒေစာရင်း

| | | |
|---|---|---|
| (က) | ရုပ်သိမ်းရန် ဥပဒေ | ၆ ခု |
| (ခ) | ပြင်ဆင်ရန် ဥပဒေ | ၅၂ ခု |
| (ဂ) | အသစ်ရေး၍ တည်ဆဲရုပ်သိမ်းရန် ဥပဒေ | ၄၈ ခု |
| (ဃ) | အသစ်ရေးဆွဲရန် ဥပဒေ | ၂၃ ခု |
| | စုစုပေါင်း | ၁၂၉ ခု |

၃။ ပြည်ထောင်စုလွှတ်တော်က ၃၁-၁-၂၀၁၁ မှ ယနေ့ထိ ပြဋ္ဌာန်းဥပဒေစာရင်း

| | | |
|---|---|---|
| (က) | ပြဋ္ဌာန်းဥပဒေ စုစုပေါင်း | ၂၃၉ ခု |
| (ခ) | နည်းဥပဒေ ပြဋ္ဌာန်းရန်မလိုသော ဥပဒေစုစုပေါင်း | ၁၅၄ ခု |
| (ဂ) | လွှတ်တော်သို့ နည်းဥပဒေပေးပို့ထားသော ဥပဒေစုစုပေါင်း | ၄၀ ခု |
| (ဃ) | နည်းဥပဒေမရှိသေးသော ဥပဒေစုစုပေါင်း | ၄၅ ခု |

တို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါ ဥပဒေစာရင်းများကို စိစစ်အတည်ပြုပြီးပါက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များလည်း တိတိကျကျ သိရှိလေ့လာနိုင်ကြသကဲ့သို့ တာဝန်ယူအကောင်အထည်ဖော်ကြမည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင်လည်း တိတိကျကျ လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

ခေတ်မီပြုပြင်ပြောင်းလဲခြင်း၏ အခြေခံအစသည် ဥပဒေများဖြစ်ကြပြီး ဥပဒေများကို ပြင်ဆင်နိုင်ပါမှလည်း အမှန်တကယ် ပြောင်းလဲနိုင်ကြမည်ဖြစ်ပါကြောင်း လေ့လာသိရှိသမျှကို တင်ပြအပ်ပါသည်။ ။

**❝ခေတ်မီပြုပြင်ပြောင်းလဲခြင်း၏ အခြေခံအစသည် ဥပဒေများဖြစ်ကြပြီး ဥပဒေများကို ပြင်ဆင်နိုင်ပါမှလည်း အမှန်တကယ်ပြောင်းလဲနိုင်ကြမည်ဖြစ်❞**

# ရောင်စုံမွေးလန်း KG တန်း

**ရေနံ့သာမောင်ကျော်ညွန့်**

ယနေ့ပြောဆိုသုံးစွဲခေါ်ဆိုနေကြတဲ့ KGတန်းဆိုတာက Kindergartenကို အတိုကောက်သုံးပြီး ပြောဆိုသုံးစွဲခေါ်ဆိုနေကြတာ။ Kindergarten ဆိုတာကို မြန်မာမှုပြုလိုက်တော့ သူငယ်တန်းပေါ့။ ဒါကြောင့် အများပြောတဲ့ KG တန်းဆိုတာ သူငယ်တန်းပါပဲ။ Grade-1 ဆိုတာကို မြန်မာမှုပြုရင် ပထမတန်းပါ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကာလတစ်ခုကစပြီး သူငယ်တန်းကို Grade-1 လို့အမည်ပေးလိုက်ကြတယ်။ ဒီတော့ ကာလတစ်ခုကစပြီး သူငယ်တန်းဆိုတဲ့ဝေါဟာရ ပျောက်လုနီးပါးဖြစ်ရရှာတယ်။ သူငယ်တန်းနေရာမှာ Grade-1 ဆိုပြီးပေါ်လာရော။ တကယ်တော့ သူငယ်တန်းက သူငယ်တန်းဖြစ်ပြီး Grade-1 က Grade-1 ပါပဲ။ Grade-1 ဆိုတာ ပထမတန်းပါ။

သူငယ်တန်းဆိုတာကလည်း ခုမှစပြီးပေါ်လာတာ မဟုတ်ပါဘူး။ ရှေးယခင်ကတည်းက ရှိပြီးသားအတန်းပါ။ ကာလတစ်ခုလေးမှာပဲ သူငယ်တန်းလို့ခေါ်တာ မေးမှိန်ခဲ့ရရှာတာ။ ခုတော့ သူငယ်တန်း(KGတန်း) ဆိုတဲ့ဝေါဟာရကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီးခေါ်ဝေါ်သုံးစွဲပြောဆိုနေကြပါပြီ။ ဝမ်းသာစရာကောင်းပါတယ်။ ခုကာလမှာမှ သူငယ်တန်းဆိုတဲ့ အတန်းက ဘာကြောင့် ငုပ်နေရာက ပေါ်လာရသလဲဆိုရင် မြှုပ်ထားလို့မရတဲ့ အတန်း၊ ဝှက်ထားလို့မရတဲ့ အတန်း၊ ဖျောက်ထားလို့ မရတဲ့အတန်းမို့ပါ။ ဒါကြောင့် အတန်းစဉ်ဖွဲ့စည်းပုံထဲမှာ အတန်းတစ်တန်းအနေနဲ့ ရှိနေရတာ၊ ပါနေရတာပါ။

ဒီနေ့ အကောင်အထည်ဖော်နေတဲ့ မြန်မာ့အခြေခံပညာရေးရဲ့ အတန်းစဉ်က KG တန်းခေါ် သူငယ်တန်းကို အခြေတည်ပြီးထားပါတယ်။ KG+12 အတန်းစဉ်ပါ။ KGအတန်းပြီးမှ ကျန်အတန်းစဉ်တွေ တက်ရမှာ။ အခြေခံပညာရေးမှာ အခြေခံပညာမူလတန်းဆင့်၊ အခြေခံပညာအလယ်တန်းဆင့်၊ အခြေခံပညာအထက်တန်းဆင့်ဆိုပြီး အဆင့်(၃)ဆင့်ရှိပါတယ်။ အခြေခံပညာရေးရဲ့အုတ်မြစ်က အခြေခံပညာမူလတန်းအဆင့်ပါပဲ။

အခြေခံပညာမူလတန်းအဆင့် တောင့်တင်းခိုင်မာမှ အခြေခံပညာရေးအဆောက်အအုံ ခိုင်ခံ့ကောင်းမွန်မယ်ဆိုတာကိုတော့ ဘယ်သူမှငြင်းမှာမဟုတ်ပါဘူး။ အခြေခံပညာမူလတန်းဆင့် တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ကြရတဲ့အခါမှာ အခြေခံပညာမူလတန်းရဲ့အုတ်မြစ်က သူငယ်တန်းပါပဲ။ ဒါကြောင့် ပညာရေးစနစ်သစ်မှာ အခြေခံပညာမူလတန်းကို KG+G1+G2+G3+G4+G5 ဆိုပြီးသတ်မှတ်ပေးထားပါတယ်။ KGတန်းပြီးမြောက်မှ Grade-1 ကို တက်ရောက်သင်ယူကြရမှာပါ။ Grade-1 ကို တက်ရောက်သင်ယူနိုင်ဖို့ အဆင်သင့်ဖြစ်အောင် KG တန်းမှာ ပြုစုပျိုးထောင်လေ့ကျင့်ပေးလိုက်မှာပါ။ အစကောင်းမှ အနှောင်းသေချာဆိုတဲ့စကားအတိုင်းပေါ့။ KG တန်း အခြေခံအစကောင်းဖို့အရေးကြီးပါတယ်။

KG+12 အတန်းစဉ်ကို ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကစပြီး အကောင်အထည်ဖော်တာပါ။ စောစောကတင်ပြတဲ့အတန်းစဉ်အားလုံးကိုတစ်ပြိုင်နက်တည်း အကောင်အထည်ဖော်တာမဟုတ်ပါဘူး။ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကစပြီး KGတန်း(သူငယ်တန်း)မှာ တက်ရောက်သင်ယူနေတဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် KGတန်း စာရင်းဝင် ကလေးများသည်သာလျှင် KG+12အတန်းစဉ်ကို တက်ရောက်သင်ယူကြရမှာ ဖြစ်ပါတယ်။

ယခုပညာသင်နှစ်ကစပြီး KGတန်း (သူငယ်တန်း) ကလေးတွေကို Kindergarten ဆိုင်ရာ ပညာရပ်တွေ ပေးဝေပြီး သင်ကြားပေးနေတာဖြစ်ပါတယ်။ သင်ကြားပေးနိုင်ဖို့အတွက် သင်ကြားပေးမယ့် KG တန်းသင်ဆရာ ဆရာမတွေကိုလည်း သင်တန်းပေးလေ့ကျင့်ထားပြီး ဖြစ်ပါတယ်။ သူငယ်တန်းဆရာလမ်းညွှန်စာအုပ်၊ သူငယ်တန်းဘာသာစကားမိုငြမ်းပြု လမ်းညွှန်စာအုပ်၊ သူငယ်တန်းသင်ပြမှုပုံစံစာအုပ်တွေပြုစုပြီး သူငယ်တန်းသင်ဆရာ ဆရာမတွေလက်ထဲ ပေးဝေထားပြီး ဖြစ်သလိုဘယ်လိုသင်ရမယ်၊ ဘယ်လိုလေ့ကျင့်ပေးရမယ် ဆိုတာကိုလည်း လက်တွေ့လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်ပါတယ်။

အင်မတန်ပူပြင်းလွန်းလှတဲ့ နေဆူဆူနွေအပူဒဏ်ကို ကြံ့ကြံ့ခံပြီး သင်တန်းနည်းပြဆရာ ဆရာမတွေနဲ့ သင်တန်းသား သင်တန်းသူ သူငယ်တန်းသင်ဆရာ ဆရာမတွေရဲ့ လေ့ကျင့်သင်ကြားမှုပုံရိပ်တွေက ကျေနပ်စရာ၊ အားရစရာကောင်းမွန်လှပါတယ်။ နည်းပြဆရာ ဆရာမတွေက အားမာန်တက်ကြွ၊ စိတ်ထက်သန်ကြသလို သင်တန်းသား သင်တန်းသူတွေကလည်း မဆုတ်မနစ် မဖြစ်မနေကြိုးပမ်းအကောင်အထည်ဖော်မယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်အဝနဲ့ သင်ယူမှတ်သားနေကြတာပါ။ အဲဒီပုံရိပ်အသီးသီးတွေကိုလည်း အားလုံးမြင်ပြီး၊ တွေ့ပြီး၊ ကြားပြီးဖြစ်ပါလိမ့်မယ်။

သင်တန်းအဆင့်ဆင့်မှာ ပေးဝေလိုက်တဲ့ သင်နည်းမျိုးစုံကိုရယူပြီး လက်တွေ့ကျကျ သင်ကြားပေးကြရတဲ့အခါမှာတော့ စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်ကြုံတွေ့ကြရတော့တာပါပဲ။ ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ သင်ကြားရေးဆရာ ဆရာမချည်း တာဝန်ရှိတာမဟုတ်ပါဘူး။ အားလုံးနဲ့ သက်ဆိုင်ပတ်သက်နီးနွှယ်ဆက်စပ်နေတာပါ။ အားလုံးမှာတာဝန်ရှိပါတယ်။ အားလုံးအတွက် ပညာရေးဖြစ်အောင် ဆောင်ရွက်ကြရတာမို့ ပညာရေးအတွက် အားလုံးကပူးပေါင်းပါဝင်လက်တွဲဝိုင်းဝန်းဆောင်ရွက်ကြရမှာပါ။ မိဘပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုက အင်မတန်မှအရေးကြီးပါတယ်။ မိဘအချို့က သူငယ်တန်းမှာ**အရေးသင်မပေးတဲ့ကိစ္စ**ကို မိမိအထင်၊ မိမိအမြင်၊ မိမိသိသလို ပုံကြီးချဲ့ပြီး ပြောသူကပြော။ စာတတ်စေချင်လို့ ကျောင်းထားတာ စာမသင်ဘဲ ကစားခိုင်း၊ ပုံပြောခိုင်း၊ ကဗျာရွတ်ခိုင်းရုံနဲ့ ကလေးက ဘယ်လိုလုပ်စာတတ်မှာလဲလို့ အားမနာပပြောသူကပြော အမျိုးမျိုးအဖုံဖုံစုံနေတာပါပဲ။ ကြားနေရပါတယ်။

မိဘတွေကို အပြစ်မဆိုပါဘူး။ သူတို့ကလေးတွေကို စာတတ်စေချင်ကြတာကိုး။ စာတတ်စေချင်လွန်းတဲ့ လောဘပေါ့။ ကျောင်းရောက်နေတဲ့ ကလေးတိုင်း စာတတ်ကြမှာပါ။ သေချာပေါက် စာတတ်လာကြမှာဖြစ်ပါတယ်။ စာတတ်အောင်လည်း ဆရာ ဆရာမတွေက သင်ကြားပေးကြမှာပါ။ အတန်းလိုက်စာတော်နေဖို့ဆိုတာက ဉာဏ်ရည်ဖွံ့ဖြိုးနေဖို့လိုပါတယ်။ ဉာဏ်ရည်မဖွံ့ဖြိုးဘဲနဲ့ စာသင်ပေးနေလို့ကတော့ အကျိုးဖြစ်ထွန်းလာမှာမဟုတ်ပါဘူး။ ထုံ၊ ထိုင်း၊ နုံ၊ အ သွားအောင် လုပ်ပေးနေတာနဲ့အတူတူပါပဲ။ ဝန်နဲ့အား မြားနဲ့လေး ဆိုတဲ့စကားလိုပေါ့။ မနိုင်ဝန်ကို ထမ်းခိုင်းရင် ဝန်ပိပြီး ထနိုင်ပါတော့မလား။ နှိုင်းချင့်ချိန်ဆပြီး နိုင်ရာဝန်ကိုပေးပြီး လေ့ကျင့်မှ တစ်စတစ်စနဲ့ ကြီးလေးတဲ့ဝန်ကို ထမ်းနိုင်မှာပေါ့။

KGတန်းသူငယ်တန်းကလေးဆိုတာက ငါးနှစ်အရွယ်ကလေးတွေပါ။ စိတ်ဓာတ်ရော၊ ကိုယ်ခန္ဓာရော၊ ဉာဏ်ရည်ပါ ဖွံ့ဖြိုးစအရွယ် နုနုနယ်နယ်လေးတွေ။ သီးကင်းစလေးတွေ မဟုတ်ဘူးလား။ နုနုနယ်နယ်သီးကင်းစအရွယ်ကလေးတွေရဲ့ ခံစားမှုကိုလည်း လျစ်လျူရှုထားလို့မရပါဘူး။ လေးလေးနက်နက် သတိပြုရပါမယ်။ KG တန်း သူငယ်တန်းကလေးတွေက မိဘရင်ခွင်ထဲကနေ ကျောင်းတော်က ဆရာ ဆရာမရင်ခွင်ထဲရောက်ရှိလာကြတာပါ။ မိဘ ရင်ခွင်ထဲမှာ စိတ်လက်ကြည်သာပျော်ရွှင်စွာ နေခဲ့ရာက ကလေးအမြင်မှာ သူစိမ်းတစ်ရံလို့ပဲ မြင်နေရတဲ့ ဆရာ ဆရာမရင်ခွင်ထဲရောက်ရှိလာကြရတာပါ။ မည်သို့ပင်ဆိုစေကာမူ အားငယ်စိတ်၊ ဝမ်းနည်းစိတ်၊ ကြောက်ရွံ့စိတ်တွေက ဖိစီးနေမှာအမှန်ပါပဲ။

အနည်းနဲ့အများ အားငယ်၊ ဝမ်းနည်း၊ ကြောက်ရွံ့နေတဲ့ကလေးတွေကို ဆရာ ဆရာမ အပေါ် ခင်တွယ်တဲ့စိတ်ဖြစ်ပေါ်လာအောင် လှုံ့ဆော်သွေးဆောင်ပေးကြရမှာ။ ပျော်ရွှင်လာအောင် မွေးမြူပေးကြရမှာ။ ကြောက်ရွံ့စိတ်တွေပျောက်ကွယ်သွားအောင် လေ့ကျင့်ပေးကြရမှာ။ ဒါမှ ကလေးတွေက ဆရာ ဆရာမကို ခင်တွယ်လာမယ်။ ဆရာ ဆရာမကို ခင်တွယ်လာမှ ကျောင်းနေရတာပျော်ရွှင်လာမယ်။ ဆရာ ဆရာမကို ခင်တွယ်ပြီး ကျောင်းနေရတာ ပျော်လာတာနဲ့အမျှ ရွံ့စိတ်ကြောက်စိတ်တွေက အလိုလို ပျောက်ပြယ်သွားမယ်။ မေးမြန်းရဲလာမယ်။ စူးစမ်းရဲလာမယ်။ ပြောရဲဆိုရဲဖြစ်လာမယ်။ ဒီလိုဖြစ်ပေါ်လာဖို့အတွက် ကလေးအရေး ဦးစားပေးပြီး အလေးထားဆောင်ရွက်ကြရတာပါ။

ကလေးအရေးဦးစားပေးပြီး အလေးထားဆောင်ရွက်ကြတဲ့အခါမှာ ကလေးစရိုက်ကို အရေးစိုက်ရပါတယ်။ ကလေးကို အလိုလိုက်အကြိုက်ဆောင်ပေးပြီး လိုရာကို ပုံသွင်းပေးကြရမှာပါ။ ကလေးဆိုတာက ဘာတွေကြိုက်သလဲ။ ဘာတွေခုံမင်သလဲဆိုတာ ဆင်ခြင်ကြရမှာဖြစ်ပါတယ်။ ကလေးတိုင်းက တေးကဗျာသီဆိုရတာ၊ လွတ်လွတ်လပ်လပ်ခုန်ပေါက်ဆော့ကစားရတာကို ကြိုက်တယ်။ ပုံပြင်ကိုခုံမင်တယ်။

ကလေးစရိုက်၊ ကလေးအကြိုက်လိုက်ပြီး ကလေးတွေကို တေးကဗျာတွေဆိုပြမယ်။ ဆိုခိုင်းမယ်။ ဟန်နဲ့ပန်နဲ့ သီဆိုကြတယ်။ ဟန်နဲ့ပန်နဲ့သီဆိုရင်း လှုပ်လှုပ်ရှားရှားနေရတဲ့ကလေးတွေရဲ့စိတ်က လွတ်လပ်ပေါ့ပါးလာမယ်။ ပျော်ရွှင်လာမယ်။ ထပ်ကာထပ်ကာ ဆိုချင်လာမယ်။ ဆရာ ဆရာမဆိုသမျှ အလိုကျဖြစ်လာမယ်။ ဆရာ ဆရာမတွေက ကလေးတွေစိတ်ဝင်စားဖွယ်ရာ ပုံပြင်လေးတွေ ပြောပြမယ်။ ကလေးတွေက ပုံပြင်ကိုခုံမင်တယ်။ ကလေးတွေက သူတို့ခုံမင်တဲ့ပုံပြင်ကို နားထောင်ရတော့ ကျေနပ်တာပေါ့။ ပြောသမျှသဘောကျတာပေါ့။ တစ်စတစ်စနဲ့ ကလေးတွေက ဆရာ ဆရာမအပေါ် ခင်တွယ်စိတ်ဖြစ်ပေါ်လာရော။ တေးကဗျာတွေဆိုပြပါဦး။ ပုံပြင်တွေပြောပြပါဦးလို့ တောင်းဆိုရဲလာသည်အထိ ဆရာ ဆရာမအပေါ် ခင်တွယ်အားကိုးစိတ်တွေဖြစ်ပေါ်လာမယ်။ ကြောက်စိတ်တွေ လွင့်ပျောက်ကုန်ပြီ။ ဆရာ ဆရာမအပေါ် ခင်တွယ်စိတ်၊ အားကိုးစိတ်တွေဖြစ်ပေါ်လာပြီ။ ဒီတော့ ကျောင်းပျော်ကလေးတွေဖြစ်လာပါလေရော။

ကလေးတွေက ဆရာ ဆရာမကိုလည်းခင်၊ ကျောင်းကိုလည်းမင်လာပြီဆိုတော့မှ မပီမသရွတ်ဆိုတဲ့ တေးကဗျာတွေကို ပီပီသသရွတ်ဆိုတတ်အောင်လေ့ကျင့်ပေးရမယ်။ အဲဒီတော့မှ ကလေးတွေက ပီပီသသရွတ်ဆိုတတ်မှာပေါ့။ ပီပီသသရွတ်ဆိုတတ်လာတာနဲ့အမျှ ပီပီသသပြောဆိုတတ်လာမယ်။ ထင်မြင်ချက်အမျိုးမျိုးနဲ့ မေးမြန်းလာကြမယ်။ သိချင်သမျှ စူးစမ်းချင်လာကြမယ်။ ကိုယ်လက်လှုပ်ရှားကစားရလို့ ကိုယ်ခန္ဓာဖွံ့ဖြိုးလာမယ်။ အတန်းဖော် သူငယ်ချင်းတွေနဲ့အတူတကွ နေထိုင်ရတာကိုပျော်မွေ့လာမယ်။ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်တွေ ဖြစ်ပေါ်လာမယ်။

တေးကဗျာတွေထဲကရတဲ့ အသိ၊ ပုံပြင်တွေထဲကရတဲ့အသိကြောင့် မိဘတွေရဲ့ ရင်နှစ်သည်းချာရတနာများဖြစ်ကြတဲ့ သူငယ်တန်းရတနာအမြုတေလေးများအားလုံး စိတ်ရောကိုယ်ပါရွှင်လန်းကျန်းမာလာမယ်။ အကျင့်ကောင်းလေးတွေရရှိပြီး ဉာဏ်ရည်ဖွံ့ဖြိုးလာမယ်။ အချင်းချင်း ပူးပေါင်းဆောင်ရွက်လိုစိတ်တွေ ဖြစ်လာမယ်။ အပြန်ပြန်အလှန်လှန် ပြောရဲဆိုရဲဖြစ်လာမယ်။ စူးစမ်းလိုတဲ့စိတ်တွေ ဖြစ်ပေါ်လာပြီး အတွေးအမြင်ကျယ်ပြန့်လာမယ်။ ခံစားမှုကတစ်ဆင့် ဆင်ခြင်နိုင်စွမ်းဖြစ်ပေါ်လာမယ်။ မိမိပတ်ဝန်းကျင်ကို ခင်တွယ်မြတ်နိုးတွယ်တာစိတ်တွေဖြစ်ပေါ်လာမယ်။ ကိုယ်ချင်းစာစိတ်၊ ညှာတာစိတ်၊ သနားကြင်နာစိတ်တွေ ဖြစ်ပေါ်လာမယ်။ အဲဒီလိုဖြစ်ပေါ်လာအောင်လည်း လေ့ကျင့်ပုံလောင်းပေးကြရမှာပေါ့။ ဒီတော့ သူငယ်တန်းအရွယ် ကလေးငယ်တွေရဲ့ ဉာဏ်ရည်ရော စိတ်ပိုင်းဆိုင်ရာတွေပါဖွံ့ဖြိုးလာမယ်။ ကိုယ်ခန္ဓာသန်စွမ်းလာမယ်။ သင်ယူလိုစိတ်တွေဖြစ်ပေါ်လာမယ်။

ဒီတော့မှ ကလေးတွေကို စာသင်ပေးရမှာပေါ့။ သင်ယူရန်အဆင်သင့်မဖြစ်သေးဘဲ စာသင်ပေးလိုက်လို့ကတော့ အမွေးတစီစီနဲ့ဘူးသီးနုနုလေးတွေကို အမွေးနုလေးတွေပွတ်သပ်လိုက်တဲ့အခါ ကြီးထွားမလာတော့ဘဲ ရင့်ထော်သွားသလိုမျိုးဖြစ်သွားမှာပဲ။ ဒါကိုတော့ ဆရာ ဆရာမတွေရော မိဘတွေကပါ လေးလေးနက်နက်ဆင်ခြင်သတိပြုကြရပါမယ်။ သင်ယူမှု အဆင်သင့်ဖြစ်အောင် ပုံလောင်းပေးပြီးကာမှ သင်ကြားသင်ယူမှုအဆင့်ဆင့်ကို တက်လှမ်းမှသာ စိတ်ရွှင်ကိုယ်လန်း၊ ကျန်းကျန်းမာမာနဲ့ သင်ယူမှုထဲစိမ့်ဝင်သွားမှာဖြစ်ပါတယ်။ သင်ယူမှုထဲ စိမ့်ဝင်သွားမှသာ သင်သမျှတတ်၊ တတ်သမျှတော်၊ တော်သမျှကောင်းလာမှာဖြစ်ကြောင်းပါ။

ကလေးအရေးဦးစားပေးပြီး အလေးထားဆောင်ရွက်ကြတဲ့အခါမှာ ကလေးစရိုက်ကို အရေးစိုက်ရပါတယ်။ ကလေးကို အလိုလိုက်အကြိုက်ဆောင်ပေးပြီး လိုရာကို ပုံသွင်းပေးကြရမှာပါ။ ကလေးဆိုတာက ဘာတွေကြိုက်သလဲ။ ဘာတွေခုံမင်သလဲဆိုတာ ဆင်ခြင်ကြရမှာဖြစ်ပါတယ်။ ကလေးတိုင်းက တေးကဗျာသီဆိုရတာ၊ လွတ်လွတ်လပ်လပ် ခုန်ပေါက်ဆော့ကစားရတာကို ကြိုက်တယ်။ ပုံပြင်ကိုခုံမင်တယ်။

## ပြည်တွင်းရေးရာ

**❒ အဓမ္မခိုင်းစေမှုဆိုင်ရာမှ**

တိုက်တွန်းချက်များကို ပြဋ္ဌာန်းချက် အကောင်အထည်ဖော်ရာတွင် လမ်းညွှန်အဖြစ်အသုံးပြုရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၀၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံက အဓမ္မခိုင်းစေမှု ပြဋ္ဌာန်းချက်အမှတ် - ၂၉(၁၉၃၀)ကို အကောင်အထည်ဖော်ရာ၌ လစ်ဟာမှုများတွေ့ရှိရ၍ ဆောင်ရွက်ချက်များ ထပ်မံဖြည့်စွက်ရန် လိုအပ်လာသည်ကို သတိပြုမိသည်ဟုဆိုကာ အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်- ၂၉ (၁၉၃၀)၏ နောက်ဆက်တွဲစာချုပ်နှင့် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် နောက်ဆက်တွဲလုပ်ငန်းစဉ်များဆိုင်ရာ တိုက်တွန်းချက်အမှတ်- ၂၀၃ တို့ကို အတည်ပြုချမှတ်ခဲ့ပါကြောင်း။

တိုက်တွန်းချက်အမှတ်- ၂၀၃ သည် အတည်ပြုဝင်ရောက်ထားသည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်- ၂၉ (၁၉၃၀)ကို အကောင်အထည်ဖော်ရာတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်ရေးအတွက်သာဖြစ်ပြီး အတည်ပြုဝင်ရောက်ရန်မလိုအပ်ကြောင်း တိုက်တွန်းချက်အမှတ်- ၂၀၃ ကို ဥပဒေပြုရေး ဆောင်ရွက်ရာ (သို့မဟုတ်) အခြားကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လွှတ်တော်၌ မှတ်တမ်းတင်ရမည်ဖြစ်ပြီး မှတ်တမ်းတင်ပြီးကြောင်းကို ILO သို့ အကြောင်းပြန်ကြားရမည်ဖြစ်ကြောင်း ပြောသည်။

ထို့အတူ အတည်ပြုချမှတ်ခဲ့သည့် နောက်ဆက်တွဲစာချုပ်တွင် အဓမ္မခိုင်းစေမှုများကို တားဆီးတိုက်ဖျက်ရေး၊ လျော်ကြေးပေးခြင်းကဲ့သို့သော ထိရောက်သည့် နည်းလမ်းဖြင့် အကာအကွယ်ပြုရေး၊ အဓမ္မခိုင်းစေမှုကျူးလွန်သူများအား အပြစ်ပေး အရေးယူနိုင်မည့် ထိရောက်သောအစီအစဉ်များနှင့် အဓမ္မခိုင်းစေမှုကို ကာကွယ်တားဆီးနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး အဓမ္မခိုင်းစေမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတော်မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တစ်ရပ်ရေးဆွဲရေးတို့ကို ဖော်ပြထားပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ။

မြန်မာနိုင်ငံအနေဖြင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်- ၂၉ (၁၉၃၀) ကို အတည်ပြုဝင်ရောက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်ရေးကို ဆောင်ရွက်လျက်ရှိရာ နောက်ဆက်တွဲစာချုပ်သို့ အတည်ပြုဝင်ရောက်ခြင်း မပြုသေးဘဲ လွှတ်တော်သို့တင်သွင်းမှတ်တမ်းတင်ပြီး ILO သို့ အကြောင်းပြန်ကြားရမည်ဖြစ်ကြောင်း။

(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ညီလာခံက အတည်ပြုချမှတ်ခဲ့သည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်- ၂၉ ၏ နောက်ဆက်တွဲ စာချုပ်နှင့် တိုက်တွန်းချက်အမှတ်- ၂၀၃ တို့ကို ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်သမ္မတထံမှပေးပို့သည့် အာဆီယံ-အိန္ဒိယဗဟိုဌာနတည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၌ မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ဝတ်ပြုကိုးကွယ်ဆောင်အား တရားမဝင် လွှဲပြောင်းပေးအပ်သူများနှင့်မီးရှို့ဖျက်ဆီးခဲ့သူများကို တည်ဆဲဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၃

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ခွင့်ပြုချက်မဲ့ ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည်။**

**အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ လယ်ပြင်ကျေးရွာ၌ ခွင့်ပြုချက်မဲ့ ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၃**

၁။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ လယ်ပြင်ကျေးရွာရှိ နိုင်ငံတော်ပိုင် မြေလွတ်မြေလပ်နှင့်မြေရိုင်း ၀ ဒသမ ၅၀ ဧကရှိ မြေနေရာတွင် ခွင့်ပြုချက်မဲ့ အစ္စလာမ်ဝတ်ပြုအဆောက်အအုံ အပါအဝင် အဆောက်အအုံ လေးလုံး ကျူးကျော်ဆောက်လုပ်ထားခဲ့ပါသည်။

၂။ ၁၉၈၅ ခုနှစ်တွင် ၎င်းမြေနေရာကို လုံးခင်းကျေးရွာနေ ဦးရဲမောင် (အစ္စလာမ်)ဘာသာဝင်၏ တောင်းဆိုချက်အရ လုံးခင်းကျေးရွာအုပ်စု၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌဦးခင်မောင်(ကွယ်လွန်)မှ ဦးရဲမောင် (ကွယ်လွန်) အစ္စလာမ်ဘာသာဝင်အား ယာယီအိမ်ဆောက်ခွင့်ပြုပေးခဲ့ပြီး ၎င်းကွယ်လွန်ပါက အလိုအလျောက် ပျက်ပြယ်မည်ဟု ဝန်ခံကတိဖြင့် နေထိုင်ခွင့်ပြုခဲ့သည့်မြေနေရာဖြစ်ပါသည်။

၃။ အဆိုပါမြေနေရာကို ဥရုချောင်းတံတား စတင်တည်ဆောက်ခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ လုပ်ငန်းခွင်သို့ ဝင်ထွက်သွားလာမှု မရှိအောင် အကာအရံများ ပြုလုပ်ထားပြီး အင်ဂျင်နီယာ ဦးဆန်နီသိန်းသည် အစ္စလာမ်ဘာသာဝင်ဖြစ်၍ ၎င်းတို့ ဘာသာအတွက် ဂေါပကအဖွဲ့များနှင့် ပူးပေါင်းပြီး ၎င်းမြေအတွင်း အဆောက်အအုံများ ဆောက်လုပ်၍ ဝတ်ပြုဆောင်အဖြစ် အသုံးပြုခဲ့ပါသည်။

၄။ အဆိုပါအဆောက်အအုံများမှာ သွပ်မိုးအုတ်စီ၊ ကွန်ကရစ်ခင်း၊ တစ်ထပ် ယာယီဝတ်ပြုဆောင် တစ်ဆောင်၊ နှစ်ခန်းသွပ်မိုး၊ ထရံကာ တစ်ထပ် အဆောက်အအုံတစ်လုံး၊ သွပ်မိုး၊ အုတ်စီ၊ သွပ်ကာနှစ်ထပ်ဆောက်လုပ်ဆဲ အဆောက်အအုံတစ်လုံးနှင့် တံတားဆောက်လုပ်စဉ် တံတားအင်ဂျင်နီယာ ယာယီနေထိုင်ခဲ့သည့် သွပ်မိုး၊ ထရံကာ မြေစိုက်ယာယီအဆောက်အအုံတစ်လုံး စုစုပေါင်းအဆောက်အအုံ လေးလုံးအား ၎င်းတို့ဘာသာအတွက် တရားမဝင်အသုံးပြုခဲ့ပါသည်။

၅။ ၎င်းအဆောက်အအုံများ ဆောက်လုပ်ခဲ့မှုကို ဥရုချောင်းတံတားကြီးကို ဖွင့်လှစ်သည့် ၂၈-၃-၂၀၁၆ ရက်နေ့တွင် လူအများ ဖြတ်ကူးသွားလာသည့် အချိန်မှသာ ၎င်းမြေနေရာပေါ်တွင် ဘာသာရေးအဆောက်အအုံများ ထင်ထင်ရှားရှားတွေ့မြင်ရသဖြင့် ဒေသရှိ သံဃာတော်များ၊ ကျေးရွာနေ အများပြည်သူတို့မှ ကန့်ကွက်တားမြစ်ခြင်းနှင့် သက်ဆိုင်ရာသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး မြို့နယ်အုပ်ချုပ်ရေးမှူးက အရေးယူဆောင်ရွက်ခဲ့ပါသည်။

၆။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၂၅-၆-၂၀၁၆ ရက်နေ့ ၀၈း၃၀ နာရီအချိန် ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် အစ္စလာမ်ဝတ်ပြုကျောင်းဆောင်ဂေါပကအဖွဲ့ဝင် ၂ ဦးတို့ တွေ့ဆုံဆွေးနွေး၍လည်းကောင်း၊ ၎င်းကိစ္စအား ၂၈-၆-၂၀၁၆ ရက်နေ့ ၁၄း၀၀ အချိန်တွင် ထပ်မံ၍ ဆွေးနွေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နိုင်ငံပိုင် မြေလွတ် မြေလပ်နှင့်မြေရိုင်းကျူးကျော်မှုဆိုင်ရာဥပဒေအရ အရေးယူရန်နှင့် မလိုက်နာပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၇။ ယင်းသို့ဆုံးဖြတ်ခဲ့မှုအပေါ် အစ္စလာမ်ဝတ်ပြုကျောင်းအဖွဲ့မှ ကျောက်ရိုးစီမြေ ၀ ဒသမ ၂၀ ဧကပေါ်ရှိ တိုးချဲ့အဆောက်အအုံ သုံးလုံးကို ၎င်းတို့အစီအစဉ်ဖြင့် ဖျက်သိမ်းပေးခဲ့သော်လည်း အလှူရှင်များ ရေစက်ချလှူဒါန်းထားသည်ဟုဆိုသည့် ဧရိယာ ၀ ဒသမ ၃၀ ဧကပေါ်ရှိ မူလအဆောက်အအုံကိုမူ ဘာသာရေးအယူအဆအရ ဖျက်သိမ်းရန် ငြင်းဆန်ခဲ့သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေစဉ် ၎င်းအဆောက်အအုံအား ၁-၇-၂၀၁၆ ရက်နေ့ ၁၅း၄၈ အချိန်တွင် လူတစ်စုက မီးရှို့ဖျက်ဆီးခဲ့ပါသည်။

၈။ မီးရှို့ဖျက်ဆီးခံထားရသော ခွင့်ပြုချက်မဲ့ အစ္စလာမ်ဝတ်ပြုကျောင်းမြေနေရာအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၃၃ အရ ဒေသအာဏာပိုင်က ဒေသန္တရအမိန့်ထုတ်ဆင့်လျက် ကန့်သတ်နယ်မြေဖြစ်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ အခြားအမိန့် တစ်စုံတစ်ရာ မထုတ်ပြန်မီ တားမြစ်ဧရိယာအဖြစ် သတ်မှတ်ထားရှိပါသည်။

၉။ ဘာသာအသီးသီးမှ တရားမဝင် အဆောက်အအုံများ ဆောက်လုပ်မှုနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျူးကျော်ဘုန်းကြီးကျောင်း ၂၄ ကျောင်းကိုလည်း ၂၀-၂-၂၀၁၄ ရက်နေ့မှစ၍ ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ခဲ့ပြီး ထပ်မံကျူးကျော်သည့် ဘုန်းကြီးကျောင်းများကိုလည်း နိုင်ငံတော်သံဃမဟာနာယကသို့ လျှောက်ထား၍ ဥပဒေအတိုင်း စိစစ်အရေးယူလျက်ရှိပါသည်။

၁၀။ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်ဘုန်းကြီးကျောင်း ၁၇၃ ကျောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျူးကျော်ဘုန်းကြီးကျောင်း ၈၆ ကျောင်းကိုလည်းကောင်း၊ ကိုးကွယ်ရာဘာသာအသီးသီး၏ကျူးကျော်ဘာသာရေးအဆောက်အအုံများကိုလည်းကောင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းလျက်ရှိပါသည်။

၁၁။ အဆိုပါ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ လယ်ပြင်ကျေးရွာရှိ အစ္စလာမ်ဘာသာဝင် ဝတ်ပြုကိုးကွယ်ဆောင်အား တရားမဝင် လွှဲပြောင်းပေးအပ်သူများကိုလည်းကောင်း၊ ဝတ်ပြုကိုးကွယ်ဆောင်အား မီးရှို့ဖျက်ဆီးခဲ့သူများကိုလည်းကောင်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**(သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**

# လူ ၆၀၀ ကျော် အမည်မည်းစာရင်းမှ ပယ်ဖျက်

"အရင်အစိုးရလက်ထက်ကရှိခဲ့တဲ့ အမည်မည်းစာရင်း (Black List)တွင် ထည့်သွင်းခံထားရသည့် မြန်မာနိုင်ငံသား ၂၄၈ ဦး၊ နိုင်ငံခြားသား ၃၇၁ ဦး စုစုပေါင်း ၆၁၉ ဦးကို အမည်မည်းစာရင်း (Black List) မှ ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း" အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ယနေ့ညနေပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမည်မည်းစာရင်းကို ထပ်မံပယ်ဖျက်နိုင်ရန်လည်း စိစစ်လျက်ရှိပါကြောင်း၊ အမည်မည်းစာရင်းတွင် နိုင်ငံရေးအရ အစိုးရကို အကြည်ညိုပျက်အောင်လုပ်သူများ၊ စီးပွားရေးအရ အမည်ပျက်ရှိသူ ပြည်တွင်းပြည်ပပုဂ္ဂိုလ်များ ပါဝင်လျက်ရှိပြီး နိုင်ငံရေးနှင့်သက်ဆိုင်သည့် လူပုဂ္ဂိုလ်များကို ဦးစားပေးပယ်ဖျက်နေခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးအရ အမည်ပျက်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့မှ အလိုရှိသူများကိုမူ ပယ်ဖျက်ပေး၍မရကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် အမည်ပျက်စာရင်းဝင် အရေအတွက် မည်မျှရှိကြောင်းကို အတိအကျပြောကြားနိုင်ခြင်းမရှိသေးဘဲ ဥပဒေအရနိုင်ငံတော်အစိုးရသို့ ပညာသင်ကြားမှုလျော်ကြေးပေးချေခြင်းမရှိဘဲ နိုင်ငံခြားသို့ တရားမဝင်သွားရောက်နေထိုင်သောပညာရှင်များပါ ပါဝင်နေပြီး ၎င်းတို့အနေဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော ပညာသင်လျော်ကြေး ပြန်လည်ပေးလျော်ရုံဖြင့် အမည်မည်းစာရင်းမှ ကင်းလွတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသားခံယူထားသည့် ၈၈ မျိုးဆက်ကျောင်းသားဟောင်း ဦးမောင်မောင်ဝမ်းကိုလည်း အမည်မည်းစာရင်းမှ ပယ်ဖျက်လိုက်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းချက်အရ ယမန်နေ့ညတွင် ပြည်ဝင်ခွင့်ပေးလိုက်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောသည်။

"အစိုးရသစ်လက်ထက် ရက် ၁၀၀ စီမံချက်အနေနဲ့ ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းဟောင်းများအနက် နိုင်ငံရေးအရနာမည်ပျက်စာရင်း အသွင်းခံထားရသူတွေရှိပါက ဌာနအလိုက်စာရင်းတင်ပြကြရန် ညွှန်ကြားထားပြီး အမည်မည်းစာရင်းမှ ပယ်ဖျက်မှုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်၊ ခွင့်ပြုချက်အရ ပယ်ဖျက်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံသား ၁၈၅ ဦး၊ နိုင်ငံခြားသား ၃၅၆၆ ဦး စုစုပေါင်း ၃၇၅၁ ဦးနှင့် နိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ပျက်စီးခြင်းနှင့် တရားဝင်နိုင်ငံကူးလက်မှတ်အဆင့်မှ ပယ်ဖျက်ထားသော နိုင်ငံကူးလက်မှတ် ၄၈၄၅ အုပ်တို့သာ အမည် မည်းစာရင်း (Black List) ရေးသွင်းထားရှိပြီး ပယ်ဖျက်သင့်သူများအား ဥပဒေနှင့်အညီ ဆက်လက်ဖြေလျှော့ပယ်ဖျက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၁၅ ခု ပူးပေါင်း၍ နာမည်ပျက်စာရင်းတွင် ပါဝင်နေသူများကို စိစစ်ဖြေလျှော့မှုများ ပြုလုပ်ရန် ဆောင်ရွက်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

သို့သော် နိုင်ငံတကာရဲတပ်ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အလိုရှိနေသော အကြမ်းဖက်သမားများ၊ ပြစ်မှုကျူးလွန်သူများနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ကျူးလွန်ထားသူများကိုမူ ပယ်ဖျက်ပေးမည်မဟုတ်ဘဲ အမည်မည်းစာရင်းတွင် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

Black List ဖြေလျှော့ပယ်ဖျက်နိုင်ရေးလုပ်ငန်းစီမံချက်ကို မေ ၁ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမြင့် (သတင်းစဉ်)**

# မင်းဘူးနှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား ကယ်ဆယ်၊ ထောက်ပံ့လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂ ရက်တွင် ဧရာဝတီမြစ်ရေမြင့်တက်ပြီးရေဝင်ရောက်သဖြင့် ရေလွတ်ရာနေရာများသို့ ယာယီရွှေ့ပြောင်းထားရသော မင်းဘူးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ငါးသေတ္တာ၊ ကယ်ဆယ်ရေးပစ္စည်းလေးမျိုးနှင့် ဆန်ဖိုး ရန်ပုံငွေများ ထောက်ပံ့ပေးအပ်သည်။

နံနက်ပိုင်းတွင် မင်းဘူးမြို့၊ မှန်ကင်းဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ မြို့နယ်အတွင်းရှိ ရေဘေးသင့် အိမ်ထောင်စု ၇၈၄ စုမှ လူဦးရေ ၃၁၀၇ ဦးအတွက် ဝန်ကြီးဌာနမှထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်း လေးမျိုး၊ ဆန်၊ ငါးသေတ္တာနှင့် ဆန်ဖိုးထောက်ပံ့ငွေ ၂၇၉၆၃၀၀ အား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လယ်ကိုင်းတိုက်နယ်၊ ကံဆွယ်ကျေးရွာ မူလတန်းလွန်ကျောင်းသို့ရောက်ရှိပြီး ရေဘေးသင့် အိမ်ထောင်စု ၈၂ စုမှ လူဦးရေ ၂၀၀ အတွက် ဝန်ကြီးဌာနမှထောက်ပံ့သော ဆန်ဖိုးနှင့် ငါးသေတ္တာဖိုးထောက်ပံ့ငွေ ၄၄၃၈၀၀ နှင့် မီးဖွားပြီးစ မိခင်နှင့် ကလေးအတွက် ထောက်ပံ့ငွေ ၂၀၀၀၀ အား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပွင့်ဖြူမြို့နယ် ကုန်းဇောင်း-သံကိုင်း လမ်းမကြီးပေါ်တွင် ယာယီရွှေ့ပြောင်းနေထိုင်ကြသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး အိမ်ထောင်စု ၂၈၅ စုမှ လူဦးရေ ၉၂၄ ဦးအတွက် ဝန်ကြီးဌာနမှထောက်ပံ့သော ဆန်ဖိုးနှင့် ငါးသေတ္တာဖိုးထောက်ပံ့ငွေ ၁၉၁၉၇၀၀၊ ကယ်ဆယ်ရေးပစ္စည်းလေးမျိုးအား ထောက်ပံ့ပေးအပ်ကာ ရေလွတ်ရာနေရာများသို့ ယာယီရွှေ့ပြောင်းပေးရေးဆောင်ရွက်ပေးနေသော တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရေနစ်မြုပ်လျက်ရှိသည့် သံကိုင်းကျေးရွာသို့ စက်လှေများဖြင့် သွားရောက်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မင်းဘူးမြို့နယ် အမှတ်(၃)၊ (၄) ရပ်ကွက်ရှိရေဘေးသင့်ပြည်သူများ သောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ရန် တာပေါ်လင်စများ၊ ရေသန့်ဆေးပြားများအား ပြည်ထောင်စုဝန်ကြီးမှ တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ လွှဲပြောင်းပေးအပ်ကာ စာရင်းထပ်မံတိုးလာသည့် ရေဘေးသင့်ပြည်သူများအား ဆက်လက် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ အဆိုပါခရီးစဉ်အတွင်း Fedwell Company Ltd မှ အာဟာရမှုန့်များအား လှူဒါန်းပေးအပ်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးအသီးသီးတွင် လတ်တလောဖြစ်ပွားလျက်ရှိသည့် ရေဘေးသင့်ဒေသများမှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


**(သတင်းစဉ်)**



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြေတော်ကျေးရွာရှိ မြေတော်တိုက်နယ်ဆေးရုံဝင်းအတွင်းသို့ ရေများဝင်ရောက်ကာ နစ်မြုပ်လျက်ရှိသည်ကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။ ဖေထွဏ်းဇော် (ရေစကြို)



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်း စားနပ်ရိက္ခာများကို တောင်ဘီလယ်ယားကျေးရွာ ကမ္မဘုန်းတော်ကြီးကျောင်းသို့ ဩဂုတ် ၃ ရက်က ပို့ဆောင်လှူဒါန်းစဉ်။ ရဲသူရအောင်(ညောင်ဦး)



ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရေစကြိုမြို့နယ်ရှိ သာဂေါင်ကျေးရွာတွင် နွားများအား တုံးများခံကာ ကုန်းလုပ်၍ထားရသည်ကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။ ဖေထွဏ်းဇော် (ရေစကြို)



ငဝန်မြစ်ရေမြင့်တက်မှုကြောင့် ဩဂုတ် ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်အင်္ဂရမ်းကျေးရွာအုပ်စု သပြုဆိပ်-ဂျောင်းစိန် လယ်သမားတာ အလျားပေ ၃၀ ခန့် ကျိုးပေါက်မှုဖြစ်ပွားစဉ်။ ခရိုင်(ပြန်/ဆက်)

### ❒ အိမ်ရှင်မြန်မာမှ

နောက်ကျချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို မြန်မာအသင်း တိုက်စစ်မှူး ရီရီဦးပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်သော်လည်း အခြားကစားသမားများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်သည့် မြန်မာအသင်းဗိုလ်လုပွဲနှင့် လွဲချော်ပြီးနောက် ဗိုလ်လုပွဲရောက်ရှိလာသည့် ထိုင်းနှင့် ဗီယက်နမ်အသင်းအနက် ဗိုလ်စွဲသည့်အသင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ပါ ရပ်တည်နိုင်မည်ဖြစ်သည်။ ထိုင်းအသင်းသည် လက်ရှိချန်ပီယံအသင်းဖြစ်သော်လည်း အုပ်စုတွင်း တွေ့ဆုံစဉ်က ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်လာသည့် ဗီယက်နမ်အသင်း အောင်ပွဲခံနိုင်မလား။ ထိုင်းအသင်းက ချန်ပီယံဆုကာကွယ်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဗီယက်နမ်ကို ပင်နယ်တီတွင် ရှုံးခဲ့သောကြောင့် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရပြီဖြစ်သည်။ သို့သော် မြန်မာကစားသမားများ၏ မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုကို တွေ့မြင်ခဲ့ရရာ ဩစတြေးလျကို ကျော်ဖြတ်၍ တတိယနေရာ ရယူနိုင်ဖွယ်ရှိနေပေသည်။ **(ရှိုင်းထက်ဇော်)**

### ● တောင်သမန်အင်းရေမှ

ဒီပုံစံအတိုင်း ဆက်ကျသွားမယ်ဆို မနက်ဖြန်လောက်တော့ တံတားပေါ် ရေရှိမှာမဟုတ်လောက်တော့ဘူး”ဟု တောင်သမန်အင်းရေအား နေ့စဉ်သွားရောက် ကြည့်ရှုနေသူ အမရပူရမြို့ခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြစ်ရေတိုးမှုနှင့် အင်းရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို အမရရွှေကူ ပရဟိတ လူမှုကူညီရေးအသင်းမှ ဆန်နှစ်ပြည်အိတ်နှင့်ရေသန့်ဘူးများကို တရုတ်တန်းလေးရပ် အိမ်ထောင်စုဦးရေ ၁၂၀ ၊တရုတ်တန်းကြီးရပ် ၁၀၁ဦးနှင့် ဖန်ချက်ရပ်မှ ၁၄၅ဦးတို့ကိုဝေငှခဲ့ပြီး ရွှေကြက်ယက်ကျေးရွာအုပ်စုတွင် သောက်သုံးရေသန့်များ၊ သုံးရေများကို အဆိုပါအသင်းမှ နေ့စဉ်ပေးအပ်လှူဒါန်းလျက်ရှိရာ အခြားစေတနာရှင်များကလည်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

### ◆ ကျောဖုံးမှ

မန္တလေးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ကယားပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လည်းကောင်း အသီးသီးအနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) အသင်းလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များအား ဩဂုတ် ၄ ရက် နံနက် ၉ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## စာရေးဆရာအသင်း ဂုဏ်ထူးဆောင်အသင်းသားကြီးများအား ဂါရဝပြု ဩဝါဒခံယူပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃**
အထက်ဗမာပြည်စာရေးဆရာအသင်း ဂုဏ်ထူးဆောင်အသင်းသားကြီးများအား ဂါရဝပြုဩဝါဒခံယူပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရွှေပြည်သာဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဆရာဆူးငှက်က နှုတ်ခွန်းဆက်စကားပြောကြားပြီး**(အောက်ပုံ)**အတွင်းရေးမှူး ဆရာသန်းနိုင်ဦးက အသင်းဖွဲ့စည်းထားပုံ၊ အသင်းက လုပ်ဆောင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂုဏ်ထူးဆောင်အသင်းသားကြီးများကိုယ်စား သတင်းစာဆရာကြီး မောင်သစ်လွင်(လူထု)က ဩဝါဒစကား ပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးမောင်ကို-ဒေါ်ရွှေဥ (ထာဝရကုမ္ပဏီ)မှ အထက်ဗမာပြည် စာရေးဆရာအသင်းအား အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဆရာဆူးငှက်က လည်းကောင်း၊ မန္တလေးစာပေလူမှုကူညီရေးအသင်းအတွက် လှူဒါန်းငွေကျပ် သိန်း ၂၀ ကို ဆရာ နောင်ရှုပက လည်းကောင်း၊ ဦးစောငြိမ်း - ဒေါ်မိုးမိုးဝေ (အောင်မြင်သူကုမ္ပဏီ)မှ အထက်ဗမာပြည် စာရေးဆရာအသင်းအား အလှူငွေကျပ် သိန်း ၅၀ အား အသင်းဥက္ကဋ္ဌ ဆရာဆူးငှက်က လည်းကောင်း အလှူရှင်များ၏ လှူဒါန်းမှုများကို လက်ခံရယူကြပြီး အထက်ဗမာပြည် စာရေးဆရာအသင်း ဂုဏ်ထူးဆောင်အသင်းသားကြီးများအား ဂါရဝပြု ဩဝါဒခံယူပွဲတွင် အသင်းသား ဆရာကြီး ၂၀ အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဂုဏ်ထူးဆောင်အသင်းသား ဆရာကြီးများ၊ အထက်ဗမာပြည်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဆူးငှက်နှင့် အသင်းဝင်များ၊ မန္တလေးစာပေလူမှုကူညီရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အောင်ဖြိုးကျော်)**




ပညာရေးဝန်ကြီးဌာန
ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ
(ဆရာအတတ်ပညာကဏ္ဍ)

(၄-၈-၂၀၁၆ မှ ၅-၈-၂၀၁၆ အထိ)

အားကစားရွာ၊ Community Zone, Gold Camp ၊ နေပြည်တော်

## ပြည်သူပိုင်အဆောက်အအုံများဆိုင်ရာ စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၃**
မြန်မာနိုင်ငံအနေဖြင့် "စွမ်းအင်ထိရောက်အကျိုးရှိစွာ အသုံးချရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာ မူဝါဒ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်"များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၁ ရက်က စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည့် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ပြည်သူပိုင် အဆောက်အအုံများဆိုင်ရာ စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေး အခြေခံသင်တန်း (Basic Training for Building Energy Management) တွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပြီး ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ရန်အတွက် United Nations Framework Convention on Climate Change (UNFCCC) အဖွဲ့ဝင်နိုင်ငံများမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဖင်းရှင်း COP 21 ကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပခဲ့ပါကြောင်း။

ယင်းညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (Intended Nationally Determined Contribution-INDC)ကို တင်ပြခဲ့ကြပါကြောင်း၊ ယခုသင်တန်းကို ပြည်သူပိုင်အဆောက်အအုံများတွင် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲရေးအတွက် အများပြည်သူပိုင်ဆိုင်ရာ လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများအား စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး အသိပညာများ မြှင့်တင်ပေးရန်နှင့်ဝန်ထမ်းများ၏ ပြုပြင်ထိန်းသိမ်းရေး စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် စွမ်းအင်ခြိုးခြံချွေတာရေးဌာန ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်လင်းက စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးနှင့် ခြိုးခြံချွေတာရေးဆိုင်ရာ အခြေခံအကြောင်းအရာများ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲသည့် အဆောက်အအုံများဖြစ်လာစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဌာနတွင်း EE Internal Team ဖွဲ့စည်းခြင်း၊ အခြေခံ အချက်အလက်များ ကောက်ယူခြင်း၊ Energy Audit ပြုလုပ်ခြင်း၊ Energy Conservation Measures နှင့် Cost and Benefits Analysis တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက Group Exercise များပြုလုပ်ပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

သင်တန်းသို့ နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံများမှ သင်တန်းသား သင်တန်းသူ ၆၀ ခန့် တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

## ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် အထူးသတိပေးချက်ထုတ်ပြန်

**ဘန်ကောက် ဩဂုတ် ၃**
ထိုင်းနိုင်ငံတစ်ဝန်း အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ သိရှိသတိထားနိုင်ရန် ထိုင်းနိုင်ငံဆိုင်ရာ ဗန်ကောက်မြန်မာသံရုံးမှ အထူးသတိပေးနှိုးဆော်ချက်တစ်ရပ် ဩဂုတ် ၁ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ဩဂုတ် ၇ ရက်တွင် ထိုင်းနိုင်ငံတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်ရှိပြီး လုံခြုံအေးချမ်းစွာကျင်းပနိုင်ရေး ထိုင်းနိုင်ငံအစိုးရမှ ရဲတပ်ဖွဲ့ဝင်အင်အား အမြောက်အမြားအသုံးပြု၍ လုံခြုံရေးတိုးမြှင့်ချထားမည်ဖြစ်ရာ ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများနှင့် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ ဤရက်ပိုင်းအတွင်း အထူးသတိပြုနေထိုင်သွားလာကြရေး၊ ခရီးသွားလာရန်ရှိပါက စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာ ယူဆောင်သွားလာကြရေး၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများစစ်ဆေးပါက အသာတကြည်စစ်ဆေးမှု ခံယူကြရေး၊ အခက်အခဲတစ်စုံတစ်ရာဖြစ်ပေါ်ပါက ထိုင်းနိုင်ငံဆိုင်ရာ ဗန်ကောက်မြန်မာသံရုံးမှ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ရေး သံရုံးတာဝန်ရှိသူများ၏ ဖုန်းနံပါတ်များ ဖော်ပြပါရှိသည့် သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ဒိုက်ဦးမြို့ ငှက်သိုက်ပေါက်ရွာ၌ မြေငှားဂရန် ပေးအပ်

**ဒိုက်ဦး ဩဂုတ် ၃**
ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော သရက်တောကျေးရွာအုပ်စု ငှက်သိုက်ပေါက်ကျေးရွာရှိ အိမ်ခြံမြေကွက် ၈၁ ကွက်အတွက် ကျေးရွာမြေငှားဂရန်များ ပေးအပ်ပွဲကို ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ငှက်သိုက်ပေါက်ရွာအတွက် ကျေးရွာမြေငှားဂရန် ၈၁ ခုအား ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

## အာမခံအလုပ်သမားများ လုပ်ငန်းခွင်မပျက်ဆေးကုသခြင်းနှင့် ရောဂါရှာဖွေစစ်ဆေးခြင်းများကို လုပ်ငန်းခွင်အရောက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဦးဆောင်၍ သုခမင်္ဂလာအထွေထွေရောဂါကုဆေးခန်းနှင့် ရောဂါရှာဖွေဓာတ်ခွဲဌာနတို့ ပူးပေါင်းလျက် ရွေ့လျားဆေးကုသယာဉ်ဖြင့် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၃ ရက်အထိ နေပြည်တော် ပျဉ်းမနားမြို့ရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား လုပ်ငန်းခွင်မပျက် ဆေးကုသခြင်းနှင့် ရောဂါရှာဖွေစစ်ဆေးခြင်းများကို လုပ်ငန်းခွင်အရောက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရွေ့လျားဆေးကုသယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် ဆေးဝါးကုသမှုများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းဘေးရှိ မုဒ္ဒံမောင်မောင် Auto Mobile Service ရှိ ဝန်ထမ်းအလုပ်သမား ၅၀ ကျော်အား ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂ ရက်အထိ ကာလအတွင်း အလုပ်ဌာန ၂၄ ဌာနမှ အာမခံအလုပ်သမား ၁၁၇၈ ဦးအား ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများမှ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ကုသရန် အခက်အခဲရှိသူများအား လုပ်ငန်းခွင်အတွင်း



အလုပ်မပျက် ကျန်းမာရေးကြိုတင်ကာကွယ်မှုများအနေဖြင့် ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါရှာဖွေပေးခြင်းနှင့် လိုအပ်သောဆေးဝါးများ ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ အနှံ့အပြားသို့ လူမှုဖူလုံရေးအဖွဲ့မှ ဦးဆောင်၍ သုခမင်္ဂလာ အထွေထွေရောဂါကုဆေးခန်းနှင့် ရောဂါရှာဖွေဓာတ်ခွဲဌာနတို့ ပူးပေါင်းလျက် သွားရောက်စစ်ဆေးကုသမှုများကို ရွေ့လျားဆေးကုသယာဉ်နှစ်စီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

"လူမှုဖူလုံရေးမှာ အကျုံးဝင်မှတ်ပုံတင်ထားတဲ့ အာမခံအလုပ်သမားတွေဟာ ဆေးရုံ၊ ဆေးခန်းတွေလာဖို့ခက်ခဲတယ်ဆိုရင် လုပ်ငန်းခွင်မပျက်ကုသပေးဖို့ကို အဓိကရည်ရွယ်ပါတယ်။ ရှာဖွေဆေးစစ်တာတွေ၊ ကုသတာတွေ လုပ်တယ်။ ရွေ့လျားဆေးကုသယာဉ်နဲ့ ဆိုပေမယ့် ဆေးဝါးလည်းအကုန်ပါတယ်။ ဒီကားကြီးလာခြင်းအားဖြင့် သွေးစစ်လို့ရမယ်။ ဆီးချိုသွေးချို၊ ဘီပိုးစီပိုးကအစ အကုန်စစ်လို့ရမယ်။ ကျောက်ကပ်တွေ၊ အသည်းတွေလည်း စစ်ဆေးလို့ရမယ်။ စစ်ဆေးခြင်းအားဖြင့် ပေါ်လာရင် လူမှုဖူလုံရေးနဲ့ ဆက်သွယ်ပြီး ကုသမှုတွေလုပ်သွားလို့ရတာပေါ့။ ရှိမှန်းမသိရင် ကုလို့မရဘူး။ အဲဒါကြောင့် ရောဂါရှာဖွေပေးတာပါ။ ၂၀၁၄ ခုနှစ်ကတည်းက ဒီရွေ့လျားဆေးကုသယာဉ်နဲ့ တစ်နိုင်ငံလုံးကို လိုက်လံဆောင်ရွက်ပေးခဲ့တာပါ။ တတ်နိုင်သမျှတော့ အာမခံအလုပ်သမား မကျန်အောင်လို့ ဆောင်ရွက်ပေးပါတယ်။ တော်တော်များများလည်း စုံသွားပါပြီ"ဟု ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ရှင်းပြသည်။

"အလုပ်သမားတွေဟာ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ။ လူမှုဖူလုံရေးအနေနဲ့ အခုလို လာရောက်ဆောင်ရွက်ပေးတဲ့အတွက် ကျန်းမာရေးဆေးစစ်မှုတွေ ပြုလုပ်နိုင်မယ်။ အခုလို လာရောက်စစ်ဆေးပေးတဲ့အတွက်လည်း ဝမ်းသာပါတယ်။ လူမှုဖူလုံရေးအာမခံအတွက် ပေးရမယ့် ငွေကြေးကိုလည်း အလုပ်ရှင်က သုံးရာခိုင်နှုန်းနဲ့ အလုပ်သမားက နှစ်ရာခိုင်နှုန်းပေးသွင်းရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ကတော့ ဝန်ထမ်းတွေအတွက် ကုမ္ပဏီကပဲ ပေးသွင်းပါတယ်" ဟု မုဒ္ဒံမောင်မောင် Auto Mobile Service မှ မန်နေဂျာ ဦးမျိုးသန်းဇော်က ပြောသည်။

**(နိုင်လင်းကြည်)**

# ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်းအား ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်ပိုင်း၌ အပြီးတည်ဆောက်မည်

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ စင်ကာပူနိုင်ငံ နည်းပညာဖြင့် တည်ဆောက်နေသော အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကုန်ကျသည့် ကန်သာယာတာဝါအဆင့်မြင့် စီမံကိန်း (Kan Thar Yar Consortium Towers Project) မှာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ဆောင်ရွက်ပြီးစီးမှု ၄၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး လာမည့် ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်ပိုင်း၌ အပြီးသတ်တည်ဆောက်သွားမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်နေသော အဆိုပါ ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း တည်နေရာမှာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် (သိမ်ဖြူ ယာဉ်မောင်းသင်တန်းကျောင်းနေရာ)တွင် တည်ရှိပြီး မြေဧရိယာ အကျယ်အဝန်း ၃ ဒသမ ၅၂ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသည်။ စီမံကိန်းဧရိယာအတွင်း အဆောက်အအုံလေးလုံးဖြစ်သော အထပ်ပေါင်း ၂၅ ထပ် ပါဝင်မည့် ယူနစ်ပေါင်း ၁၃၂ ယူနစ်ရှိ RESIDENTIAL TOWER (LIFT သုံးစင်း)၊ အထပ်ပေါင်း ၁၉ ထပ်ရှိ OFFICE TOWER (LIFT ခြောက်စင်း)၊ အထပ်ပေါင်း ၁၉ ထပ်ရှိ FIVE STAR HOTEL (LIFT လေးစင်း)နှင့် အထပ်ပေါင်း ၁၉ ထပ်ရှိ အခန်းပေါင်း ၁၇၁ ခန်းပါဝင်မည့် SERVICED APARTMENT (၂၁၈၀၁၂ စတုရန်းပေ) (LIFT ခြောက်စင်း)တို့ ပါဝင်ဆောက်လုပ်မည်ဖြစ်ပြီး အရေးပေါ် မီးသတ်စနစ်အတွက် ဓာတ်လှေကားများထည့်သွင်းဆောက်လုပ်မည်ဖြစ်သည်။ ဇူလိုင် ၂၂ ရက်က အထပ်ပေါင်း ၂၅ ထပ်ပါဝင်သည့် Phase 1 အပိုင်းဖြစ်သော RESIDENTIAL TOWER (LIFT သုံးစင်း)အား အကြမ်းထည်လုပ်ငန်းများ အောင်မြင်စွာဆောက်လုပ်ပြီးစီးခဲ့ပြီး လာမည့် ခြောက်လတာကာလအတွင်း အချောထည်လုပ်ငန်းများအား အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်းဆောင်ရွက်ပြီးစီးနေမှုအား တွေ့ရစဉ်။

လက်ရှိအနေအထားအရ အထပ်ပေါင်း ၁၉ ထပ်ပါဝင်ဆောက်လုပ်မည့် Phase 2 အပိုင်းဖြစ်သော OFFICE TOWER (LIFT ခြောက်စင်း)မှာလည်း အထပ်ပေါင်း ကိုးထပ်ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပြီး ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ လာမည့် လေးလတာကာလအတွင်း အပြီးသတ်ဆောက်လုပ်မည်ဖြစ်သည်။ အထပ်ပေါင်း ၁၉ ထပ်စီ ပါဝင်ဆောက်လုပ်မည်ဖြစ်သော Phase 3 အပိုင်းဖြစ်သည့် FIVE STAR HOTEL (LIFT လေးစင်း)နှင့် SERVICED APARTMENT (၂၁၈၀၁၂ စတုရန်းပေ) (LIFT ခြောက်စင်း)အား Steel Structure ဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံး Steel Structure ဖြင့် ဆောက်လုပ်သော အဆောက်အအုံများဖြစ်လာမည်ဖြစ်ကာ လက်ရှိအနေအထားအရ ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

RESIDENTIAL TOWER မှာ Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ခြင်းဖြစ်ပြီး ကျန်အဆောက်အအုံသုံးလုံးမှာ Asia Myanmar Shinning Star Investment ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံရှိ WYNDAH HOTEL ASIA PACIFIC ကုမ္ပဏီမှ FIVE STAR HOTEL ရှိ အခန်းများအတွက် အခန်းဖွဲ့စည်းပုံများ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အထပ်ပေါင်း ၁၉ ထပ်ရှိ FIVE STAR HOTEL အနေဖြင့် မြေညီထပ်မှသုံးလွှာထိကို Shopping Mall များ၊ စားသောက်ဆိုင်များ၊ အားကစားခန်းမ(Gymnasium) များလည်း ထည့်သွင်းဆောက်လုပ်ထားကြောင်း သိရကာ အပေါ် ၁၆ လွှာအတွက် အခန်းပေါင်း ၂၅၈ ခန်း ပါဝင်ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်သည်။ Basement 1၊ Basement 2 နှင့် Level 1 တွင် ယာဉ်ရပ်နားနိုင်မည့် ကားပါကင်များ ပါဝင်မည်ဖြစ်ပြီး ရေသိုလှောင်ကန်များ၊ ဂျင်နရေတာအခန်းများ၊ ထရန်စဖော်မာအခန်းများ၊ မီးသတ်ရေသိုလှောင်ကန်များနှင့် အညစ်အကြေးစွန့်ပစ်အခန်းများ ပါဝင်မည်ဖြစ်ကာ Level 3 မှစ၍ စီမံကိန်း၏တာဝါများ တစ်ခုချင်းစီ ခွဲထွက်သွားမည်ဖြစ်သည်။

Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ခိုင်က "စီမံကိန်းကြီးဆောင်ရွက်ပြီးစီးသွားရင် ရွှေတိဂုံဘုရားကို ဖူးမြော်နိုင်သလို ကန်ရိပ်သာအလှအပကိုလည်း မြင်တွေ့ရမှာပါ။ အရောင်းအဝယ်အစည်ကားဆုံးဖြစ်တဲ့ မင်္ဂလာဈေးနဲ့လည်း နီးကပ်နေတာကြောင့် ဒီနေရာဟာ တစ်ချိန်ကျရင် အချက်အချာကျတဲ့နေရာဖြစ်လာပါလိမ့်မယ်။ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကလည်း ဒီနေရာမှာနေကြပြီး သူတို့အတွက်လည်း အကျိုးပြုပါလိမ့်မယ်။ တစ်ချိန်ကျရင် ဒီနေရာဟာ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာရှိတဲ့ စီးပွားရေးရပ်ကွက်တစ်ခုဖြစ်တဲ့ မင်ဟာတန်ရပ်ကွက်လို စည်ကားလာတော့မှာဖြစ်ပါတယ်"ဟု ဆိုသည်။

လက်ရှိအနေအထားအရ စီမံကိန်းတစ်ခုလုံး၌ နိုင်ငံခြားသားအင်ဂျင်နီယာ ၂၀၊ ပြည်တွင်းအင်ဂျင်နီယာ ၃၀ နှင့် လုပ်သားအင်အား ၃၀၀ ကျော်တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ FIVE STAR HOTEL နှင့် SERVICED APARTMENT ဆောက်လုပ်ပြီးစီးပါက Asia Myanmar Shinning Star Investment ကုမ္ပဏီလီမိတက်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အပ်နှံရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ Asia Myanmar Shinning Star Investment ကုမ္ပဏီလီမိတက်အား ပြန်လည်ငှားရမ်းသွားမည်ဖြစ်သည်။

"ဒီစီမံကိန်းပြီးစီးသွားပြီဆိုရင် နှစ်စဉ်ရတဲ့ဝင်ငွေရဲ့ နှစ်ရာခိုင်နှုန်းကို အနီးအနားက ဟော်ကီကွင်းအပါအဝင် အနီးအနားပတ်ဝန်းကျင်ရပ်ကွက် လူနေအိမ်များအတွက် အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်သွားမှာပါ။ နိုင်ငံခြားက လာရောက်လည်ပတ်ကြမယ့် ခရီးသွားဧည့်သည်တွေကလည်း ကျွန်တော်တို့ ဆောက်လုပ်ပြီးစီးမယ့် အဆင့်မြင့်ခေတ်မီရုံးခန်းတွေမှာ လာရောက်ဖွင့်လှစ်နိုင်ကြမှာဖြစ်သလို ကြယ်ငါးပွင့်အဆင့်မီဟိုတယ်မှာလည်း တည်းခိုနိုင်ကြတော့မှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီစီမံကိန်းကြီးတစ်ခုလုံး ဆောင်ရွက်ပြီးစီးပြီဆိုရင် ကျွန်တော်တို့နိုင်ငံက လူဦးရေ ၃၀၀၀ နီးပါးဟာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာကြတော့မှာ ဖြစ်ပါတယ်"ဟု အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ခိုင်က ဆက်လက်ရှင်းပြသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က MIC ခွင့်ပြုချက်ဖြင့် တည်ဆောက်နေသော အဆိုပါ ကန်သာယာတာဝါအဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project) တည်ဆောက်ရန်အတွက် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်မှ ၂၀၁၃ ခုနှစ် မေ ၁၁ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းတည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ယင်းနှစ် ဒီဇင်ဘာလတွင် စီမံကိန်းမြေတူးဖော်ခြင်းလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

# ပြည်ထောင်စုစာရင်းစစ်ချုပ် စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများအား တွေ့ဆုံ

**မုံရွာ ဩဂုတ် ၃**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ဇူလိုင် ၂၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးစိုးလွင်၊ စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စာရင်းစစ်အရာရှိများ၊ စာရင်းစစ်ဝန်ထမ်းများ၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင် စာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ သုံးရပ်ရှိသည့်အနက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများသည် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်ကြရာတွင် အရည်အချင်းပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး ကောင်းမွန်ရန်လိုအပ်သည့်အပြင် အတတ်ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဝန်ထမ်းများသည် အင်္ဂလိပ်စာကိုလည်း ကျွမ်းကျင်အောင်ဆောင်ရွက်ရန် ပြည်ပအဖွဲ့အစည်းများက ခေါ်သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို တက်ရောက်ကြစေလိုကြောင်း၊ စိတ်ကျန်းကျန်းမာမာဖြင့် ကြိုးစားလုပ်ဆောင်နိုင်ကြရန် ခေါင်းဆောင်ပိုင်းက အောက်ခြေဝန်ထမ်းများအား စေ့ဆော်မှုများပြုလုပ်ပေးစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပြုလုပ်သည့် ရက် ၁၀၀ စီမံချက်လုပ်ငန်းများ သတင်းအချက်အလက်များကို ပြောကြားသည်။ စီမံချက်၏ ပထမအဆင့်အနေဖြင့် စာရင်းနှင့်စာရင်းစစ်အရေးကြီးမှုနှင့် အရေးပါမှုကို ပြည်သူအများ သိရှိနားလည်အောင်ရည်ရွယ်၍ ရန်ကုန်မြို့တွင် စာရင်းနှင့် စာရင်းစစ်ပြပွဲကျင်းပခဲ့မှု၊ ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာ စာရင်းစစ်စံများလိုက်နာစေရေးဆောင်ရွက်နေမှု၊ နိုင်ငံပိုင်ကဏ္ဍတွင် နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပုံမှန်စစ်ဆေးခြင်းလုပ်ငန်းများတွင် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း လိုက်နာမှု စစ်ဆေးခြင်းအပြင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကိုလည်း ထည့်သွင်းစစ်ဆေးမည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ စာရင်းနှင့် စာရင်းစစ်ရာတွင် စည်းလုံးညီညွတ်စွာဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတိုင်း စာရင်းလောကကြီးတစ်ခုလုံး စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ **(ကြေးမုံ)**



# ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာ၌ မြေငှားဂရန်များပေးအပ်

**ဒေးဒရဲ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာအုပ်စုအတွင်းရှိ ဆင်ကူးကျေးရွာတွင် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက်က ယင်းကျေးရွာရှိ မူကြိုကျောင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်တစ်ခုဖြစ်သည့် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရန်အတွက် စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်သူများထံ ယခုကဲ့သို့ မြေငှားဂရန်များ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်နေပြည်သူများ၏ မြေပိုင်ဆိုင်မှုအခွင့်အရေး ခိုင်ခိုင်မာမာ ရရှိလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြေငှားဂရန်(မြေငှားစာချုပ်)နှင့် ပတ်သက်၍ သိလိုသည်များအား မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြေငှားဂရန်ရရှိသူ ၅၄ ဦးတို့အား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်(ရွှေဈေး) ၈၄၉၅၀၀ - ၈၅၀၅၀၀    မန္တလေး(ရွှေဈေး) ၈၄၈၅၀၀ - ၈၄၉၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၅၄၀/၅၆၀ ကျပ်၊ | ၅၇၀/၅၉၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၆၀ ကျပ်၊ | ၅၉၅/၆၁၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၉၀ ကျပ်၊ | ၆၂၀/၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၂၃ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၃၁. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၉. ၁၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၄. ၁၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၂. ၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၈၀၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၃. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၅၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၁. ၇၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၄. ၉၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၄ - ၈ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
မိုးလေ၀သအစီအစဉ်
တေးဂီတအစီအစဉ်
၆း၃၀ ကာတွန်းအစီအစဉ်
"Animal United"(အပိုင်း-၂)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ"
(အပိုင်း-၅၅)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘ၀ ကိုယ့်အိပ်မက်"
(အပိုင်း-၁၅)
၈း၃၀ MRTV Entertainment Music
၈း၅၀ သီရိဝံသဇာတ်ကြီး
(အပိုင်း-၁)
၉း၃၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၄၀ ပြည်သူ့နီတိ
"လိပ်ပြာခွဲတဲ့ည"
၁၀း၀၀ ထန်းတောဗုံ
"အိုးစည်"(အပိုင်း-၁)
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ချစ်လို့ယူထားတာ"
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ "ဆပ်ဝါရိတ်သိမ်းခြင်း"
၈း၃၅ "ရှင်သန်ခြင်းမိုးတိမ်"
၈း၅၀ "မြန်မာ့အနုပညာသုခုပညာ
အစွမ်းကမ္ဘာကိုလွှမ်း"
၉း၃၅ "လှပစုံလင်အာဆီယံတစ်ခွင်"
၉း၄၀ "ရှုဖွယ်စုံလင်
အာဆီယံအစီအစဉ်"
၁၀း၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၁း၁၅ Graphic Info
(Stock Exchange)(အခန်း-၇)
၁၁း၂၀ " CLMTV Festival of Song,
Dance and Music 2016"
၁၁း၃၅ Weekly Sport Info
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၄၉)
၁း၄၅ "သုခုမရင်ခွင်အငြိမ့်သဘင်"
"မန္တလေးလူငယ်များအငြိမ့်"
(မင်းသမီး-မှုံနှံ့သာ၊
လူရွှင်တော်-ထင်ပေါ်၊
ထင်ကျော်၊ လူလူ) (ဒါရိုက်တာ-
ဖုန်းမြင့်အောင်)
၂း၄၀ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး
ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ
တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
(တတိယနေရာလုပွဲ)
(မြန်မာအသင်းနှင့်
ဩစတြေးလျအသင်း)
၅း၀၀ Football Magazine
(ရှမ်းယူနိုက်တက်အသင်း)
၅း၄၀ ၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး
ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ
တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
(ဗိုလ်လုပွဲ) (ထိုင်းအသင်းနှင့်
ဗီယက်နမ်အသင်း)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ
သတင်း၊မိုးလေ၀သအခြေအနေ
၈း၃၅ "အလည်တစ်ခေါက်ရောက်ခဲ့ပါ
ပြီငါးမည်ရတဲ့ အညာယဉ်ကျေးမှု
မြို့ဆီ"(အပိုင်း-၁)
၉း၀၀ -ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"(အပိုင်း-၅၀)
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၃)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၂၀ ရှေးဟောင်းသုတ
၈း၃၅ DVD Hits
၈း၄၅ ဇာတ်လမ်းတို
၉း၁၅ လျှပ်တစ်ပြက်
၉း၂၅ ဒေသန္တရဗဟုသုတ
အစုံစုံအလှဖုံဖုံ
၉း၄၀ ချစ်သူစုံတွဲတူယှဉ်နွဲ
၉း၅၀ Casual Talk
၁၀း၁၅ မေးမြန်းစူးစမ်း
၁၀း၃၅ Cooking Art
၁၁း၁၀ သူနှင့်သူ၏သီချင်းများ
၁၁း၂၅ မြန်မာ့ရှုခင်း
၁၁း၃၅ မောင်မယ်လေးများသိစေချင်
၁၂း၀၀ World Wide Web
၁၂း၃၅ သီချင်းလက်ဆောင်
၄း၂၅ အောင်မြင်ကျော်ကြား
ခတ်ပြားရတေးများ
၄း၄၅ သီချင်းလက်ဆောင်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အယ်ဒါနှာ အပိုင်း(၄၈)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ ကိုယ်ပျောက်လူသား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မြစ်တစ်စင်းရဲ့အလကာ
အပိုင်း(၃၄)
- ဘောလုံးကန်ကြမယ်
- အနုပညာရှင်ရဲ့
ဒိုင်ယာရီတစ်မျက်နှာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နင့်အောင်ချစ်ရသူ
အပိုင်း(၂၅)

### MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
၅း၄၀ "အနေမတတ်သေရက်နီးကပ်"
တရားတော်[ဆရာတော်
အရှင်သုစိတ္တ (မော်ကျွန်း)]
၈း၀၀ "မင်္ဂလာပါ"
The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ ဟင်းချက်ရအောင်
၁၂း၃၅ အနုပညာမိုးကောင်းကင်
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ချစ်သူပေးတဲ့ကတိစကား"
(အပိုင်း-၂၃)
၇း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ကိုလူပျို"
(အပိုင်း-၂၁)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အချစ်သစ္စာတည်စေသော်"
(အပိုင်း-၇၀)
၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"သူရသတ္တိ မိန်းမလှလေး"
(အပိုင်း-၄)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၀၅ MRTV-4 Stage
၁၀း၄၀ World of Knowledge
(Cosmos A Spacetime
Odyssey-The Immortals)

# အမျိုးသမီးကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကျင်းပ



**ဘားအံ ဩဂုတ် ၃**

ဘားအံတက္ကသိုလ်၏ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင် ကာယအလှမယ်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြမြအေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်ပြိုင်ပွဲ ကျင်းပရာ ကာယဗလမောင်လောင်း ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆု စောမျိုးဦး (ပထမနှစ် ပထဝီ)၊ ဒုတိယဆု ဇော်မိုးအောင် (ဒုတိယနှစ် မြန်မာစာ)၊ တတိယဆု သန့်ဇင်ကို (စတုတ္ထနှစ် ရူပဗေဒ)တို့က ရရှိကြကာ ဆုရရှိသူများအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်က ဆုများ ချီးမြှင့်သည်။

ထို့နောက် ဘာသာရပ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင် အလှမယ် ၁၇ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ နန်းခင်စန္ဒာလှိုင် (စတုတ္ထနှစ် သတ္တဗေဒ)၊ ဒုတိယ နန်းနှင်းမြတ်အေး (ဒုတိယနှစ် ရုက္ခဗေဒ)၊ တတိယ နော်မြတ်သဇင်သင်း (ဒုတိယနှစ် ပထဝီ)တို့က ရရှိကြကာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်သီတာက ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဘာသာရပ်ပေါင်းစုံ အမျိုးသမီးကာယကြံ့ခိုင်မှု ၅ ပေ ၃ လက်မအထက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ စုမြတ်စန္ဒီ၊ ဒုတိယ ယမုံဖူး၊ တတိယ နန်းချစ်ချစ်ထွေးတို့က ရရှိခဲ့ကြပြီး ၅ ပေ ၃ လက်မအောက် ပြိုင်ပွဲတွင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမ နန်းစန်းမြင့်သူ၊ ဒုတိယ နန်းအေးမြမြမိုး၊ တတိယ နန်းတင်နွယ်ဦးတို့က ဆုများရရှိကြကာ ဘားအံတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာဒေါ်စန်းရီက ဆုများ ချီးမြှင့်သည်။

အဆိုပါ ဘားအံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင် ကာယအလှမယ်နှင့် အမျိုးသမီး ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ဘားအံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ စီမံအရာရှိကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကြေးမုံ ရုပ်ရှင်အညွှန်း

# မကြာမီပြသမည့် ဒါရိုက်တာသိန်းဟန်(ဖီးနစ်)၏ 'ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း' ဇာတ်ကား

ဩဂုတ်ပထမပတ်တွင် ရုပ်ရှင်ချစ်ပရိသတ်ကြီးအနေဖြင့် မြန်မာဟာသဇာတ်ကားများကို ကြိုက်နှစ်သက်ရာ ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ယခုတစ်ပတ်တွင် ရုံတင်ပြသမည့် ဒါရိုက်တာသိန်းဟန်(ဖီးနစ်)၏လက်ရာဟာသဇာတ်ကားဖြစ်သည့် 'ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း' ဇာတ်ကား၊ ပြသဆဲဇာတ်ကားဖြစ်သည့် ဟာသဇာတ်ကား 'စားတယ် (ကိုတင့်တို့စူပါရပ်ကွက်-၂)' ဇာတ်ကားနှင့် လူငယ်ပညာပေးဇာတ်ကား 'ခိုးဆိုးလုနှိုက်'တို့ကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

ယခုတစ်ပတ်တွင် အသစ်ရုံတင်မည့် ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထားသည့် 'ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း'ဇာတ်ကားကို ဇာတ်ညွှန်းအကြည်တော်က ပုံဖော်ဖန်တီးထားပြီး သရုပ်ဆောင်များအဖြစ် ခန့်စည်သူ၊ ဖွေးဖွေးတို့က ခေါင်းဆောင်ပြီး ခင်လှိုင်၊ ဒိန်းဒေါင်၊ ဇော်ဝင်းနိုင်(မန်း)၊ ငှက်ပျောကြော်၊ သီဟဖြိုး၊ မြတ်ကေသီအောင်နှင့် သရုပ်ဆောင်များစွာတို့က ပုံဖော်အားဖြည့်ပေးထားသည်။



အချစ်ဟာသဇာတ်လမ်းအမျိုးအစားဖြစ်သည့် 'ရိုက်လိုက်ပါဦး ဒုန်းဒုန်း ဒုန်း'ဇာတ်ကားကိုလောဘကြောင့် ပျက်စီးတတ်ကြောင်းနှင့် မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိကြောင်း သင်ခန်းစာယူတတ်စေရန် ဟာသနှောကာ ရိုက်ကူးတင်ဆက်ထားသော ပညာပေး ဇာတ်ကားတစ်ကားဖြစ်သည်။

ထိုဇာတ်ကားသစ်ကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်(စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာ cineplex 1,2,3,4 ဂမုန်းပွင့်၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိ အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ဩဂုတ် ၅ ရက်၌ စတင်ရုံတင်ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ပြသဆဲမြန်မာဇာတ်ကားများဖြစ်သည့် 'စားတယ် (ကိုတင့်တို့စူပါရပ်ကွက်-၂)' နှင့် 'ခိုးဆိုးလုနှိုက်' ဇာတ်ကားတို့ကိုလည်း ဆက်လက်ပြသသွားမည်ဖြစ်ရာ 'စားတယ်'ဇာတ်ကားကို ရွှေ့ဆောင်(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာ cineplex 1,2,3,4ဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိ အဆင့်မြင့် ရုပ်ရှင်ရုံတို့တွင်လည်းကောင်း၊ ခိုးဆိုးလုနှိုက်ဇာတ်ကားကို မင်္ဂလာ(ဝဇီရာ)လှိုင်သာယာနှင့် ရွှေ့ဆောင်အဆင့်မြင့် ရုပ်ရှင်ရုံတို့တွင်လည်းကောင်း ဆက်လက်တင်ဆက်ပြသသွားမည် ဖြစ်သည်။



၎င်းအပြင် နိုင်ငံခြားဇာတ်ကားကိုမှ ကြိုက်နှစ်သက်သူ ပရိသတ်ကြီးအတွက် ယခုတစ်ပတ်တွင် ဟောလိဝုဒ်မင်းသားချော Matt Damon ခေါင်းဆောင်ပါဝင်ထားသည့် Jason Bourne အက်ရှင်ဇာတ်ကားကို ကြည့်ရှုခံစားနိုင်ကြမည် ဖြစ်သည်။ ယင်းဇာတ်ကားတွင် လျှို့ဝှက်ချက်များစွာကို သိထားသည့် အမေရိကန်ပင်မထောက်လှမ်းရေးဌာနမှ ထောက်လှမ်းရေးသမား Jason Bourne သည် ထောက်လှမ်းရေးစစ်ဆင်မှုတစ်ခုနှင့် ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ်ပင် မည်သူမှန်း မသိရလောက်အောင် အတိတ်မေ့နေခဲ့ရာမှ အစပြုထားပြီး ၎င်းအနေဖြင့် အရာအားလုံးကို ပြန်သတိရလာသောအခါ မည်သည့် မတရားမှုများကို ချေပနိုင်မည်လဲဆိုသည်ကိုဖြင့် ပရိသတ်များ ရင်သပ်ရှုမောဖွယ်ခံစားနိုင်မည့် အက်ရှင်ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

အဆိုပါ အက်ရှင်ဇာတ်ကားသစ်ကို မင်္ဂလာ(၂) ဒဂုံစင်တာ(၂) မြေနီကုန်း၊ နေပြည်တော်၊ မင်္ဂလာ cineplex 1,2,3,4 ဂမုန်းပွင့်နှင့် မင်္ဂလာဒိုင်းမွန်းအဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ဩဂုတ် ၅ ရက်တွင် စတင်ရုံတင် ပြသပေးသွားမည်ဖြစ်သည်။

ဆက်လက်ပြီး ပြသဆဲ နိုင်ငံခြားဇာတ်ကားများဖြစ်သည့် Ice Age: Collision Course အန်နီမေးရှင်းသရီးဒီဇာတ်ကားနှင့် Star Trek Beyond သိပ္ပံအက်ရှင်ဇာတ်ကားတို့ကိုလည်း ဆက်လက်ရုံတင်ပြသပေးသွားမည်ဖြစ်ကြောင်း ကြေးမုံ ရုပ်ရှင်အညွှန်းကဏ္ဍမှ တစ်ပတ်စာကြိုတင်သတင်းကောင်းပါးလိုက်ရပါသည်။

**(ဖြိုးစန္ဒာမြင့်)**

# ရီယိုအိုလံပစ်ပြိုင်ပွဲရဲ့အရေးကြီးအချက်အလက်တချို့ အပိုင်း(၂)


**ရီယိုအိုလံပစ်ပြိုင်ပွဲရဲ့ အရေးကြီးအချက်တွေထဲမှာ ဟိုတယ်အခန်းခကစလို့ အိမ်ရှင်ဘရာဇီးနိုင်ငံ လတ်တလောရင်ဆိုင်နေရတဲ့ အခက်အခဲတွေအပြင် မိုက်ကယ်ဖဲလ်ရဲ့ စံချိန်၊ ယနေ့ လူမှုကွန်ရက်တွေမှာ ဘယ်ကစားသမားကို လူတွေအများဆုံး စိတ်ဝင်စားနေသလဲဆိုတာ စတဲ့ ပရိသတ်စိတ်ဝင်စားနိုင်မယ့် အချက်အလက်တချို့ကို ထုတ်နုတ်တင်ဆက်လိုက်ပါတယ်။**



**အဓိက ပြဿနာက ဘာလဲ**

လှေလှော်နဲ့ ကနူးလှေလှော် ပြိုင်ပွဲနှစ်ရပ်စလုံးကျင်းပမယ့် ရေတွေထဲမှာ ငါး အသေ ၃၂ တန်လောက်ကို ဆယ်ယူခဲ့ရပြီးဖြစ်ပါတယ်။ ဒီငါးအသေပမာဏက ငါးတန်ချိန် ၇၀၅၄၈ ပေါင်နဲ့ ညီမျှတာကြောင့် ဘရာဇီးလူမျိုးတွေ ကြိုက်နှစ်သက်တဲ့ မော်ကက်ကာ ငါးဟင်းလျာချက်ပြုတ်ပြီး ဒေသခံ ၄၇၀၃၂ ဦးလောက်ကို ကျွေးလို့ရပါတယ်။

ဘရာဇီးရဲ့ အခုရင်ဆိုင်နေရတဲ့ အဓိကပြဿနာက လုံခြုံရေးကိစ္စရပ်မဟုတ်ဘဲ ရေထုညစ်ညမ်းနေတဲ့ ကိစ္စရပ်ဖြစ်ပါတယ်။ ဒီငါးအသေတွေကို လူ ၆၀ ဦးပါအဖွဲ့က ရှင်းလင်းခဲ့ပြီးဖြစ်ပေမယ့် ဂွါရာဘာနာ ပင်လယ်အော်မှာရှိတဲ့ ရေထုညစ်ညမ်းမှုကြောင့် ဖြစ်လာတဲ့ ဇီကာဗိုင်းရပ်စ်ပိုး သယ်ဆောင်လာရာ ခြင်တွေဆက်တိုက်ပေါက်ပွားမှုပြဿနာကိုတော့ အမြစ်ပြတ်အောင် ကိုင်တွယ်နိုင်ခြင်းမရှိသေးပါဘူး။




**ရီယိုဟိုတယ်ဈေးနှုန်းတွေ ဘယ်လိုရှိနေလဲ**

အခုလို အိုလံပစ်ပြိုင်ပွဲကြီး နီးကပ်လာတာနဲ့အမျှ ရီယိုဟိုတယ်တွေရဲ့ အခန်းခနှုန်းထားတွေက ရုတ်တရက် ခုန်တက်သွားခဲ့ပြီး အရင်ကတစ်ညကို ၆၇ ပေါင်လောက်သာကျသင့်တဲ့ အခန်းခဟာ အခုအချိန်မှာ ၁၉၆ ပေါင်အထိ ဖြစ်လာပြီး သုံးဆကျော် ခုန်တက်သွားပါတယ်။ ဒါပေမယ့် ရီယိုမြို့မှာရှိတဲ့ ဟိုတယ်တွေအားလုံးရဲ့ ၈၆ ရာခိုင်နှုန်းကို ဘွတ်ကင်ယူထားပြီး ဖြစ်တာကြောင့် လက်ကျန် ၁၄ ရာခိုင်နှုန်းကိုသာ ငှားနိုင်မယ့် အနေအထားပါ။ ဒါတောင် ဘရာဇီးနိုင်ငံ ဇီကာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် နိုင်ငံခြားသားဧည့်သည်တွေလာဖို့ စိုးရွံ့နေတာကြောင့် ဟိုတယ်ခတွေ ထင်သလောက် ဈေးမတက်တာဖြစ်တယ်လို့ သိရပါတယ်။

**ရီယိုအိုလံပစ်ကို ဘယ်လောက်အထိ လူတွေ စိတ်ဝင်စားနေသလဲ**

ဒီနှစ် အိုလံပစ်ပြိုင်ပွဲကို ကြည့်ရှုသူ ၃ ဒသမ ၆ ဘီလီယံအထိရှိမယ်လို့ အိုင်အိုစီ ကျွမ်းကျင်ပညာရှင်တွေက ခန့်မှန်းပေးထားပါတယ်။ ဒီထဲကမှ လူဦးရေ သုံးဘီလီယံက အွန်လိုင်း၊ ရုပ်မြင်သံကြားကနေတစ်ဆင့် ကြည့်ရှုကြမှာဖြစ်တယ်လို့ တွက်ချက်ထားပါတယ်။ လောလောဆယ်တော့ ပြိုင်ပွဲဝင်ကစားသမားတွေထဲမှာ ဘရာဇီးတိုက်စစ်မှူး နေမာကို လူမှုကွန်ရက်တွေမှာ Follow လုပ်တဲ့ အရေအတွက်က အများဆုံးဖြစ်နေပြီး ဒီလိုဖြစ်လာတာက ဘောလုံးကစားနည်းရဲ့ ရှေ့တန်းရောက်လာမှုနဲ့အတူ အိမ်ရှင်အဖြစ် ဆောင်ရွက်မယ့် ဘရာဇီးနိုင်ငံအပေါ် ကမ္ဘာ့ပရိသတ်တွေက ပိုပြီးအာရုံစိုက်နေတာကြောင့် ရရှိလာတဲ့ အကျိုးဆက်တွေလို့ သုံးသပ်ရမှာပါ။

**ဘရာဇီးနဲ့ အိုလံပစ်ရွှေအိပ်မက်**

ဘရာဇီးအသင်းက ကမ္ဘာ့ဖလား ငါးကြိမ်ဆွတ်ခူးထားပြီး ကမ္ဘာ့အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပေမယ့် အိုလံပစ်ရွှေတံဆိပ်ဆုကို တစ်ကြိမ်တစ်ခါမှ ဆွတ်ခူးနိုင်ခြင်းမရှိသေးပါဘူး။ ဘရာဇီးအသင်းက ငွေတံဆိပ်သုံးကြိမ်ဆွတ်ခူးထားပြီး ၁၉၈၄ လော့စ်အိန်ဂျလိစ်အိုလံပစ်မှာ ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့တာ တစ်ကြိမ်၊ ၁၉၈၈ ဆိုးလ်အိုလံပစ်မှာ ဆိုဗီယက်အသင်းကို တစ်ကြိမ်နဲ့ ၂၀၁၂ လန်ဒန်အိုလံပစ်မှာ မက္ကဆီကိုအသင်းကို တစ်ကြိမ် အရေးနိမ့်ခဲ့တာကြောင့် ရွှေတံဆိပ်ဆုတွေနဲ့ လက်မတင်လေး လွဲချော်ခဲ့ပါတယ်။ ၁၉၉၆ အတ္တလန္တာအိုလံပစ်နဲ့ ၂၀၀၈ ဘေဂျင်းအိုလံပစ်ပြိုင်ပြိုင်ပွဲတွေမှာတော့ ကြေးတံဆိပ်ဆုနဲ့သာ ကျေနပ်ခဲ့ရပါတယ်။

**အိုလံပစ်ပြိုင်ပွဲရဲ့ သမိုင်းဝင်လူသား**

နေမာက လောလောဆယ်မှာတော့ အမေရိကန်ရေကူးချန်ပီယံ မိုက်ကယ်ဖဲလ်ထက် လူစိတ်ဝင်စားမှု ပိုမိုရရှိနေတဲ့ ကစားသမားပါ။ ဒါပေမယ့် အိုလံပစ်ပြိုင်ပွဲတွေမှာ ဖဲလ်ရရှိထားတဲ့ အောင်မြင်မှုကို ဘယ်ကစားသမားမှ လိုက်မီဖို့မလွယ်ပါဘူး။ သူဟာ အိုလံပစ်ပြိုင်ပွဲ သုံးကြိမ်မှာ ရွှေတံဆိပ် ၁၈ ခုအထိ ရရှိထားတဲ့ သမိုင်းဝင်လူသားလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘရာဇီးဘောလုံးအသင်း ဒီနှစ် ရီယိုအိုလံပစ်မှာ ရွှေတံဆိပ်ဆု ဆွတ်ခူးရင်တောင် ဖဲလ်ရဲ့ ဆုတံဆိပ်အရေအတွက်ကို မှီဦးမှာမဟုတ်ပါဘူး။

**(မေလှဲ့သင်း)**

# ဝုဖ်ဘတ်အသင်းမှ ထွက်ခွာခွင့်ပေးရန် ဒရက်ဇ်လာ တောင်းဆို

ဂျာမနီလက်ရွေးစင် ကစားသမား ဒရက်ဇ်လာသည် ဝုဖ်ဘတ်အသင်းမှ ထွက်ခွာခွင့်တောင်းဆိုထားကြောင်း ၎င်းကိုယ်တိုင်ကပင် အတည်ပြုခဲ့သည်။ ဒရက်ဇ်လာအား အာဆင်နယ်နှင့် ဂျူဗင်တပ်တို့မှ ချိတ်ဆက်နေပြီး ဝုဖ်ဘတ်အသင်းက သူတို့၏ ကစားသမားမှာရောင်းချရန်မဟုတ်ကြောင်း တုံ့ပြန်ခဲ့သော်လည်း ဒရက်ဇ်လာကမူ အသင်းကြီးများမှ ကမ်းလှမ်းလာသည့် အခွင့်အရေးကို လက်လွှတ်မခံလိုဘဲ ၎င်းအား ထွက်ခွာခွင့်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၂၂)နှစ်အရွယ်ရှိ ဒရက်ဇ်လာသည် အာဆင်နယ်အသင်း၏ ကာလကြာရှည် ပစ်မှတ်ကစားသမားဖြစ်ပြီး ပြီးခဲ့သည့်နွေဈေးကွက်တွင် ဂျာမနီမြေမှ ထွက်ခွာရန် အခွင့်အရေး ရရှိခဲ့သော်လည်း သူ၏ လူငယ်ဘဝ ကလပ်အသင်း ရှော်ကေးမှ ဝုဖ်ဘတ်အသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် ယခုမူ ၎င်းအနေဖြင့် နိုင်ငံတကာ အတွေ့အကြုံရှာဖွေရန် ဂျာမနီမြေမှ ထွက်ခွာကစားသင့်ပြီဟု ယုံကြည်သောကြောင့် ဝုဖ်ဘတ်မှ ထွက်ခွာခွင့်ပေးရန် အသင်းနည်းပြ ဟက်ကင်းကို တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ဒရက်ဇ်လာက ဆိုသည်။ သူသည် ဂျာမနီအသင်း ယူရို-၂၀၁၆ အကြိုဗိုလ်လုပွဲ ပြင်သစ်ကို ရှုံးနိမ့်ပြီးနောက် နှစ်ရက်အကြာမှာပင် ယင်းသို့ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝုဖ်ဘတ်အားကစားဒါရိုက်တာ အယ်လ်လော့ဖ်က ဒရက်ဇ်လာအနေဖြင့် ကလပ်အသင်းမှာပင် ရာနှုန်းပြည့် ဆက်ရှိနေမည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဇူလိုင်လလယ်တွင် ပြောကြားခဲ့သော်လည်း ကစားသမား၏ အသင်းပြောင်းရွှေ့ချင်သည့် ဆန္ဒကို ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

အယ်လ်လော့ဖ်က “ကျွန်တော် အသင်းမှာပဲ ဆက်နေမယ်ဆိုတာကို လူသိရှင်ကြားပြောကြားခဲ့တယ်။ တကယ်ဆို အဲဒီအချိန်က ကျွန်တော့်ကို အသင်းက ထွက်ခွာခွင့်ပေးဖို့ တောင်းဆိုထားတာကို သူတို့ သိပါတယ်။ ကျွန်တော် အခုအချိန်မှာ နိုင်ငံတကာ ကလပ်အသင်းတွေကို ထွက်ကန်ဖို့ အချိန်တန်ပြီဆိုတာ သူတို့ကို ရှင်းရှင်းလင်းလင်းပြောကြားထားပြီးပါပြီ”ဟု ဒရက်ဇ်လာက Bild နှင့် အင်တာဗျူးပြုလုပ်ရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဒရက်ဇ်လာသည် ဝုဖ်ဘတ်အသင်းတွင် တစ်ရာသီသာ ကစားရသေးသော်လည်း ခြေစွမ်းပြသနိုင်သဖြင့် ဂျာမနီလက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရသည်။

**(မေလှဲ့သင်း)**



# အက်ရှ်လေဝီလီယံအား အဲဗာတန်၏ ကမ်းလှမ်းမှု ဆွမ်ဆီးငြင်းဆို

# ဆီနီဂေါကွင်းလယ်ကစားသမား ဂူအိုင်းကို အဲဗာတန်အသင်းခေါ်ယူ

ဆွမ်ဆီးအသင်း၏ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဖြစ်သည့် အဲဗာတန်အသင်းက ဗဟိုနောက်တန်းကစားသမား အက်ရှ်လေဝီလီယံအား ကမ်းလှမ်းလာမှုကို ဆွမ်ဆီးအသင်းက ငြင်းဆိုလိုက်ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် နောက်တန်းကစားသမား အက်ရှ်လေဝီလီယံအား ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀ ဖြင့် ကမ်းလှမ်းလာခဲ့ခြင်းဖြစ်ပြီး ဆွမ်ဆီးအသင်းက ငြင်းဆိုထားသော်လည်း အက်ရှ်လေဝီလီယံသည် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။ ဝေလအသင်းနှင့် ဆွမ်ဆီးအသင်းတို့၏ အသင်းခေါင်းဆောင် အက်ရှ်လေဝီလီယံသည် လာမည့်လအတွင်း အသက်(၃၂)နှစ်ပြည့်တော့မည်ဖြစ်ပြီး ဆွမ်ဆီးအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၈ ခုနှစ်ထိ အသက်ဝင်နေမည်ဖြစ်သည်။

နောက်တန်းကစားသမား အက်ရှ်လေဝီလီယံသည် ၂၀၀၈ ခုနှစ် မတ်လအတွင်းက စတော့ပေါ့အသင်းမှ ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၀၀၀၀၀ ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဆွမ်ဆီးအသင်းနှင့်အတူ ပွဲပေါင်း ၃၀၀ ကျော် ပါဝင်ကစားပေးထားနိုင်ခဲ့သည်။ ဝေလအသင်းခေါင်းဆောင် အက်ရှ်လေဝီလီယံသည် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင် ဝေလအသင်းနှင့် ပွဲထွက်ကစားခဲ့ခြင်းကြောင့် ဆွမ်ဆီးအသင်း၏ ရာသီအကြိုခြေစမ်းပွဲစဉ်များတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

အသက်(၂၂)နှစ်အရွယ်ရှိ အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းအား မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ ဖြင့်လည်းကောင်း၊ ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းအထိပေး၍ လည်းကောင်း ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေခြင်းကြောင့် အဲဗာတန်အသင်းသည် ဆွမ်ဆီးဗဟိုခံစစ်မှူး အက်ရှ်လေဝီလီယံအား ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် ကွင်းလယ်ကစားသမားဖြည့်တင်းမှုအဖြစ် ချန်ပီယံရှစ်ကလပ် အက်စတွန်ဗီလာအသင်းမှ ဆီနီဂေါကွင်းလယ်ကစားသမား ဂူအိုင်းအား လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူထားနိုင်ခဲ့သည်။ အဲဗာတန်အသင်းသည် ဂူအိုင်းအား ပြောင်းရွှေ့ကြေးပေါင် ၇ ဒသမ ၁ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဂူအိုင်းသည် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ပြင်သစ်ကလပ် လိုင်လီအသင်းမှ အက်စတွန်ဗီလာအသင်းသို့ ပေါင်ကိုးသန်းဖြင့် ရောက်ရှိလာခဲ့ပြီး အက်စတွန်ဗီလာအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲပေါင်း ၃၅ ပွဲပါဝင်ကစားပေးခဲ့သည်။

**(ငွေကြယ်)**

# လူကာကူအားပေါင် ၆၅ သန်းနှင့် လွိုက်ရီမီပေး၍ခေါ်ယူရန်ချယ်လ်ဆီးပြင်ဆင်

ချယ်လ်ဆီးအသင်းသည် အဲဗာတန်တိုက်စစ်မှူး လူကာကူအား ချယ်လ်ဆီးအသင်းသို့ ပြန်လည်ခေါ်ယူနိုင်ရန်အတွက် ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းအပါအဝင် လွိုက်ရီမီကိုပါ အလိုက်ပေး၍ ကမ်းလှမ်းမှုများပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဲဗာတန်အသင်းကလည်း လူကာကူထွက်ခွာရန်ဆန္ဒရှိပါက ထွက်ခွာခွင့်ပြုမည်ဆိုထားသော်လည်း လက်ရှိ စာချုပ်သက်တမ်းမှာ သုံးနှစ်ကျန်ရှိနေခြင်းကြောင့် လူကာကူ၏ အပြောင်းအရွှေ့နှင့်ပတ်သက်၍ ပြောင်းရွှေ့ကြေး ပေါင် ၇၅ သန်းရရှိမှသာ ရောင်းချမည်ဟုဆိုသည်။ ချယ်လ်ဆီးအသင်းသည် လူကာကူအား ပြန်လည်ခေါ်ယူရန် ၂၀၁၄ ခုနှစ်ကတည်း ပေါင် ၂၈ သန်းပေး၍ ကမ်းလှမ်းထားခဲ့သည်။

**(ငွေကြယ်)**



# နေပြည်တော်ဘူတာကြီးတွင် ထားရှိသည့် ATM ငွေထုတ်စက်အား ပြုပြင်ပေးရန် ပြည်သူများလိုလား

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ဘူတာကြီးတွင် ခရီးသွားပြည်သူများနှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူများ ငွေထုတ်ယူရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် CB Bank မှ ATM စက်တစ်လုံးကို ထားရှိပေးလျက်ရှိသည်။

သို့ရာတွင် အဆိုပါ ATM စက်မှာ ပြည်သူများသွားရောက်ထုတ်ယူရာတွင် ATM Card is Offline ဟု မြင်တွေ့နေရသည်မှာ ရက်အနည်းငယ်မျှ ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။

ငွေသွားရောက်ထုတ်ယူသည့် မင်္ဂလာဒီပရပ်ကွက်တွင် နေထိုင်သူ ဒေါ်မြတ်မွန်ဝင်းက "ကျွန်မကိုပိုက်ဆံပို့မယ်ဆိုတော့ ဘဏ်ကနေလွှဲမနေနဲ့။ ဘဏ်သွားထုတ်ရမှာဆိုရင် ဥတ္တရသီရိကိုသွားထုတ်ရမှာ၊ ဘူတာကြီးမှာ CB Bank က ထားပေးတဲ့ ATM စက်ရှိတယ်။ ကတ်ထဲကိုပဲ ထည့်ပေးလိုက်လို့ ပြောလိုက်တယ်။ ဒါပေမယ့် ညနေခင်းပိုင်းမှာ သွားထုတ်တော့ ငွေထုတ်ရတာ အဆင်မပြေဘူး၊ Offline ပဲဖြစ်နေတယ်။ ဒါနဲ့ပဲ မနက်ပိုင်းမှထုတ်မယ်ဆိုပြီး တစ်ခါထပ်သွားတော့လည်း အတူတူပဲ Offline ပဲဖြစ်နေတယ်။ အနီးနားက လူတွေမေးကြည့်တော့လည်း စက်ပျက်လို့ လာထုတ်တဲ့သူတွေပြန်သွားတာ အများကြီးပဲလို့ ပြောပါတယ်။ ကျွန်မအနေနဲ့ အကြံပေးချင်တာကတော့ ပြည်သူတွေအဆင်ပြေစေဖို့အတွက် CB Bank က ATM စက်အပြင် အခြားသောဘဏ်တွေကလည်း ဘူတာကြီးမှာ ATM စက်တွေ ထပ်မံထားပေးမယ်ဆိုရင် ငွေထုတ်ရတာ ပိုမိုအဆင်ပြေပြီး တစ်ခုမရရင်တစ်ခု ပြောင်းထုတ်လို့ရတာပေါ့" ဟု သူ၏ အမြင်ကိုပြောပြသည်။ **(ရွှေရဲရင့်)**




# နေပြည်တော်တွင် ခိုး၊ ဆိုး၊ နှိုက်၊ လုယက်မှုများ မဖြစ်ပေါ်စေရေးအတွက် ညအခါ တားဆီးရှာဖွေ ပိတ်ဆို့စစ်ဆေး အရေးယူဆောင်ရွက်မှုများပြုလုပ်

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်တချို့၌ ညအချိန်များတွင် ခိုး၊ ဆိုး၊ နှိုက်၊ လုယက်စသော ဒုစရိုက်မှုများ မဖြစ်ပွားစေရန် နေပြည်တော်ကောင်စီ၏ လမ်းညွှန်မှု၊ နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်က ကြီးကြပ်ကွပ်ကဲ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် မြို့မရဲစခန်းမှူးတို့က ညအချိန်များတွင် မြို့ပေါ်ရှိ အချက်အချာကျသော နေရာများတွင် ရဲတပ်ဖွဲ့အင်အား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်၍ တားဆီးရှာဖွေ ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မိုးဦး၏ ဦးဆောင်မှုဖြင့် ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်၍ ဩဂုတ် ၂ ရက် ည ၇ နာရီမှ ဩဂုတ် ၃ ရက်နံနက် ၂ နာရီအထိ ရွာကောက်ရပ်ကွက် (၉) လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံနေရာ၌လည်းကောင်း၊ ရွာကောက်ရပ်ကွက် ချယ်ရီလမ်းနှင့် ယုဇနလမ်းထောင့်၌လည်းကောင်း၊ ရွာကောက်ရပ်ကွက် (၈၅)လမ်း တံတားထိပ်၌လည်းကောင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအားပိတ်ဆို့တားဆီးစစ်ဆေးခဲ့ပြီး သတ်မှတ်စည်းကမ်းနှင့် မကိုက်ညီသော မော်တော်ဆိုင်ကယ်လေးစီးကို အရေးယူ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ဩဂုတ် ၂ ရက် ည ၇ နာရီမှ ည ၁၂ နာရီအထိ ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းဝင်း ကြီးကြပ်၍ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးအောင်သန်း၊ ဘုရားကုန်းမြို့မရဲစခန်းမှူး ရဲအုပ်ဇော်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့ ရတနာသိဒ္ဓိရပ်ကွက် Ocean စူပါမားကက်အနီး မန္တလေးလမ်းမပေါ်၌ ယာဉ်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




# ဘိန်းစိမ်း၊ ဘိန်းဆီခဲနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၃**

ဘားအံခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက်က ဘားအံမြို့နယ် ရွှေဖလားကျေးရွာလမ်းဘေး ရော်ဘာခြံအနီးတွင် တွေ့ရှိသူ ကျော်မိုင်းခအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ သိမ်းဆည်းရမိပြီး ၎င်းအားစစ်ဆေးချက်အရ မြဝတီမြို့ (၄) ရပ်ကွက် မေတ္တာလမ်းမကြီးနှင့် မေတ္တာ(၂)လမ်းထောင့်တွင် စောင့်ဆိုင်းနေစဉ် မနန်းကေသီမိုးအားတွေ့ရှိသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မြဝတီမြို့ (၄)ရပ်ကွက် မေတ္တာလမ်းမကြီးရှိ ၎င်း၏ ဖခင်ဖြစ်သော ပေလင်း၏နေအိမ်ကို သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၈၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က လှိုင်လင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်လင်မြို့နယ် ပန်ခေါက်ဝိုးကျေးရွာအနီး လှိုင်လင်-နမ့်စန်သွားကားလမ်းတွင် နမ့်စန်မြို့ဘက်မှ လှိုင်လင်မြို့ဘက်သို့ မြမောင်မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၀၀ ကိုလည်းကောင်း၊ အလားတူ ဟိုပုံးမြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု နောင်စုံကျေးရွာ-ပချားကလိုးကျေးရွာသွား လမ်းမပေါ်တွင်တွေ့ရှိသူ တငွေအားရှာဖွေရာ ဘိန်းစိမ်း ၉၇ ဂရမ်၊ ဘိန်းဆီခဲ ၁၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြဝတီမြို့တွင် စိတ်ကြွဆေးပြားများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**မြဝတီ ဩဂုတ် ၃**

မြဝတီခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ရဲအုပ်မျိုးကျော်နှင့် တပ်ဖွဲ့ဝင်များ၊ မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ်မင်းထက်သူဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် သက်သေ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့်အတူ ဩဂုတ် ၁ ရက်က သဃ်န်းညီနောင်မှမြဝတီမြို့သို့ မူးယစ်ဆေးဝါးများသယ်ဆောင်လာကြောင်းသတင်းအရ မြဝတီမြို့အမှတ်(၄)ရပ်ကွက် ရွှေပန်းခြံတည်းခိုခန်းအနီး အာရှလမ်းမပေါ် စောင့်ဆိုင်းနေစဉ် သဃ်န်းညီနောင်ဘက်မှမြဝတီဘက်သို့မောင်းနှင်လာသော ယာဉ်အမှတ် 2K---- အော်တကစ်အမျိုးအစားခဲရောင်ယာဉ်အား ရပ်တန့်စေပြီးယာဉ်မောင်း စောမုန်တိုင်း(ခ)ရွှေလွဲအား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသော HOLIDAY ADVE N TURES တံဆိပ်ပါ အစိမ်းရောင်ပြောက်ကျားချိုင်းပြတ် အင်္ကျီ ယာဘက်အောက်အိတ်ကပ်အတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၅ ပြား၊ ၎င်းလွယ်ထားသော အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ ၉ မမကျည်ငါးတောင့်အသင့် ထည့်ထားသည့် သေနတ်တစ်လက်တို့အား ရှာဖွေတွေ့ရှိသဖြင့် သိမ်းဆည်းပြီး လက်နက်ခဲယမ်းများနှင့်အတူ မူးယစ်ဆေးဝါးသယ်ဆောင်/ဖြန့်ဖြူးရောင်းချသူ စောမုန်တိုင်း(ခ)ရွှေလွဲအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ထွန်းထွန်းဦး(မြဝတီ)**



# မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ အသစ်ပြန်လည်ရွေးချယ်ပွဲအခမ်းအနားကျင်းပ

**ဖယ်ခုံ ဩဂုတ် ၃**
ဖယ်ခုံမြို့နယ် စည်ပင်သာယာရေး ကော်မတီဝင်များ အသစ်ပြန်လည်ရွေး ချယ်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကယန်းတိုင်းရင်း သားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေး မောင်၊ ဖယ်ခုံမြို့နယ် အမှတ်(၁) မဲဆန္ဒ နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေး ဆွေတို့က အမှာစကားပြောကြားခဲ့ကြ သည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာ ရေးကော်မတီဝင်များ ရွေးချယ်ခြင်းကို ဆောင်ရွက်ရာ စုစုပေါင်း ရွေးချယ်ခံ ပုဂ္ဂိုလ် ၄၁ ဦးရှိပြီး မြို့နယ်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌနေရာအတွက် မြို့မိ မြို့ဖများမှ လေးဦး ဝင်ရောက်ရွေးချယ် ခံရာ ဦးတင့်နိုင်ကဥက္ကဋ္ဌ အဖြစ်လည်း ကောင်း၊ ကော်မတီအဖွဲ့ဝင်များအဖြစ် လူမှုရေး(သို့) စီးပွားရေးအဖွဲ့အစည်း များမှ ၁၇ ဦး ဝင်ရောက်ရွေးချယ်ခံရာ ဒေါ်ခင်မြတ်ဦးကလည်းကောင်း၊ သက် ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင် ပညာရှင်(သို့) ပညာအခြေပြုအဖွဲ့ အစည်းများမှ ရှစ်ဦး ဝင်ရောက်ရွေး ချယ်ခံရာ ဦးညီညီလွင်ကလည်းကောင်း၊ မြို့မိမြို့ဖကိုယ်စားလှယ်များမှ ၁၂ ဦး ဝင် ရောက်ရွေးချယ်ခံရာ ဦးဝင်းမြင့်ဦးက လည်းကောင်း အသီးသီးမဲရလဒ်များ ဖြင့် ရွေးချယ်ခဲ့ကြကြောင်းလည်း သိရ သည်။

ထိုသို့ စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်အားရွေးချယ်ရာတွင် စည် ပင်သာယာရေးဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ အသစ်ပြန် လည်ရွေးချယ်ရာ ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေများနှင့် လိုက် လျောညီထွေစွာ အများပြည်သူဆန္ဒနှင့် အညီ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ် များ၊ မြို့မိမြို့ဖများပါဝင်သည့် စိစစ်ရွေး ချယ်ရေးအဖွဲ့ဖြင့် အများပြည်သူကိုယ် စား မြို့ပေါ် ခုနစ်ရပ်ကွက်မှ ငါးဦးကိုယ် စားလှယ်များက ကော်မတီဝင်များအား မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ရွေးချယ်ပြီးသော ကော်မတီ ဝင်များ၏ အမည်စာရင်းနှင့် ကိုယ်ရေး မှတ်တမ်းများကို ရှမ်းပြည်နယ် အစိုးရ အဖွဲ့သို့တင်ပြ၍ အတည်ပြုပြီးပါက ရှမ်း ပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့် အညီ ကော်မတီဖွဲ့စည်းနိုင်ရေး ဆက် လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ကယန်းတိုင်းရင်း သားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေး အောင်၊ ဖယ်ခုံမြို့နယ် အမှတ်(၁) မဲဆန္ဒ နယ်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့၊ မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ် ချုပ်ရေး မှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းအေးဆွေ၊ ကော်မတီရွေးချယ် ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်စည်ပင် သာယာရေးဌာန အမှုဆောင်အရာရှိ ဦးထိန်လင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရွေးချယ်ခံ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သိရ သည်။

**ကိုထွေး**



# ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များပြသ ကွမ်းစားသုံးခြင်း၏ဆိုးကျိုးများ ပညာပေးဟောပြော

**ဝါးခယ်မ ဩဂုတ် ၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် တိုင်းရင်းဆေးကုဌာနတို့က ကျောင်းသား၊ ကျောင်း သူများအား ကွမ်းစားသုံးခြင်း၏ ဆိုးကျိုးများကို အသိ ပညာပေးဟောပြောပြီး နံရံကပ်စာစောင်များပြသမှုကို သံကြိုးတိုင်ရပ်ကွက် မူလွန် သံကြိုးတိုင်တိုးချဲ့ကျောင်း ၌ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီက ပြုလုပ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့် ကြည်နှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နု တို့က မူလွန်သံကြိုးတိုင် တိုးချဲ့ကျောင်းရှိ အလယ်တန်း အဆင့် ကျောင်းသား၊ ကျောင်းသူများကို ကွမ်းစားသုံး မှုကြောင့် ဖြစ်ပွားတတ်သော ရောဂါများ၊ ဘေးထွက် ဆိုးကျိုးများ၊ ယခုလို မိုးရာသီကာလတွင် ဖြစ်ပွားတတ် သော ရောဂါများကိုအသိပညာပေးဟောပြောပေးပြီး၊ ကွမ်းစားသုံးခြင်း၊ စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှု ပပျောက်စေရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူး ယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ကျန်းမာ ရေး အသိပညာပေး နံရံကပ် စာစောင်များ၊ ဓာတ်ပုံများ ခင်းကျင်းပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ က စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# မြဝတီမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မြဝတီ ဩဂုတ် ၃**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာ ကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထား လျက်ရှိရာ ခရိုင်သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ် ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိ သူများသည် ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီခွဲက ခရိုင်ကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေး ဦးစီးဌာနရုံးသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့နိုင်ရေး သိုလှောင်ထားသည့် ပစ္စည်းများအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနမှူး ဦးတင်မောင်ဝေ က ရှင်းလင်းပြသခဲ့ပြီး ခရိုင်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြဝတီမြို့အနေဖြင့် ၂၀၁၃ ခုနှစ်က သောင်ရင်းမြစ်ရေလျှံတက်ပြီး ရေကြီးခဲ့ သည့် အတွေ့အကြုံကို သင်ခန်းစာယူ ကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခုကဲ့သို့ စီမံဆောင်ရွက်သွားရမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေးဦးစီးဌာနရုံးတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာ ပါက ပြည်သူများအား လတ်တလောစား ဝတ်နေရေးပြေလည်စေရေးနှင့် ဒုက္ခ သည်များပြန်လည်ဝင်ရောက်လာပါက နေထိုင်စားသောက်နေရေး အဆင်ပြေ ရန်အတွက် အိမ်ထောင်စု ၅၀၀ အတွက် တစ်အိမ်ထောင်လျှင် ၂၂၀၆၆ ကျပ် တန်ဖိုး ရှိ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးပါ အစုံ ၅၀၀၊ အိမ်ထောင်စု ၁၀ စုအတွက် တစ်အိမ် ထောင်လျှင် ကျပ် ၆၇၅၄၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်း ၁၈ မျိုးပါ ၁၀ စုံ၊ ၁၀၀ ကီလိုအလေးချိန်ရှိ အဝတ်ဟောင်းထုပ် သုံးထုပ်နှင့် ရွှေ့ပြောင်းလုပ်သားဒုက္ခ သည်များ လတ်တလော နေထိုင်စား သောက်နေနိုင်ရေးအတွက် ပစ္စည်း ၁၀ မျိုးတို့ကို သိုလှောင်ထားလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**



# ကျေးလက်နေပြည်သူများ ဘဝတိုးတက်ရေး မြစိမ်းရောင်ချေးငွေများပေးအပ်

**ခရမ်း ဩဂုတ် ၃**
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်စီမံကိန်းဖြင့် အရင်းမပျောက် မတည်ငွေများထုတ်ပေး၍ စီမံလုပ် ဆောင်လျက်ရှိသည်။

ခရမ်းမြို့နယ်၌ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၄ ရွာတွင် တစ်ရွာလျှင် အရင်း မပျောက်မတည် ငွေကျပ်သိန်း ၃၀၀ ဖြင့် စုစုပေါင်း ကျပ်သိန်း ၄၂၀၀ စီမံဆောင်ရွက်လျက်ရှိပြီး ယခုနှစ်၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်တွင် ကျေးရွာလေးရွာအား ထပ်မံတိုးချဲ့ဆောင် ရွက်ခွင့်ရသဖြင့် ဇူလိုင်နောက်ဆုံးပတ်အတွင်း ကျေးရွာ လေးရွာအား တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့ရာ မြို့နယ် ကျေးလက်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ချေးငွေထုတ်ယူ၍ လုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ်ကျေးလက်ဦးစီးနှင့် ဝန်ထမ်းများက လိုက်လံကြည့်ရှုကာ လိုအပ်နေမှုများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



# ဟိုပန်တွင် စားသုံးသူအကာအကွယ်ပေးရေး ကွင်းဆင်းစစ်ဆေး

**ဟိုပန် ဩဂုတ် ၃**
'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်း အဖွဲ့သည် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက ကျောင်းမုန့်ဆိုင်များနှင့် စားသောက်ကုန်ရောင်းချသော ကုန်စုံဆိုင်များသို့ သွားရောက်ကာ ရက်လွန်မုန့်များနှင့် အချိုရည်များကို စစ်ဆေးခဲ့ပြီး ဆိုးဆေးများပါဝင် သော စားသောက်ကုန်များ၊ ကျန်းမာရေးနှင့်မညီညွတ်သည့် ရက်လွန် မုန့်များကို ရောင်းချခြင်းမပြုရန် မှာကြားခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် စစ်ဆေးရှာဖွေတွေ့ရှိသည့် ရက်လွန် မုန့်များကို သိမ်းဆည်းကာ မြို့မဈေးရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# မြစ်ရေဝင်ဒေသများသို့ အလှူရှင်မိသားစုများ အစားအစာနှင့် ဆေးဝါးများ သွားရောက်ထောက်ပံ့

**မတ္တရာ ဩဂုတ် ၃**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ မြစ်ရေဝင်ဒေသများသို့ အစားအစာနှင့် ဆေးဝါးများကို အလှူရှင်များ၊ အသင်းအဖွဲ့များက ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ သွားရောက်ထောက်ပံ့လျက်ရှိသည်။

ရေနစ်မြုပ်လျက်ရှိသော တောပုကျေးရွာအုပ်စုသို့ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အလှူရှင် ရွှေတောင်တန်း၊ ဂျိုကာ၊ ကောင်းဆန်း လိုက် မိသားစုတို့ပူးပေါင်း၍ ခေါက်ဆွဲခြောက်ထုပ်များ၊ ရေသန့်ဘူးများ၊ ကွေကာများနှင့် ဆေးဝါးများကို ဩဂုတ် ၁ ရက်က သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာ ကုန်းအမြင့်ဆုံးနေရာမှာတောင် လေးပေလောက် ရောက်နေပါပြီ၊ မြေနိမ့်ပိုင်းကအိမ်တွေကတော့ ကုန်းမြင့်မှာရှိတဲ့အိမ်တွေကို ပြောင်းရွှေ့နေထိုင်နေကြ ရပါတယ်။ ကျွဲ နွားတွေကတော့ အရင်ရက်တွေထဲက ရေလွတ်ရာကို ပြောင်းရွှေ့ထားရ ပါတယ်။ ဒီနေ့ ရေကတော့ နည်းနည်းကျပါတယ်" ဟု ကျေးရွာသူတစ်ဦးကပြောသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (Forest Resource Environment Development Conservation Association (FREDA) ၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် IBC ၌ ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. ညီညီကျော်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် (FREDA) အသင်းဥက္ကဋ္ဌ ဦးသန်းနွယ်၊ အထွေထွေအတွင်းရေးမှူး ဦးမြင့်အောင်၊ အသင်းဝင် ဦးစိုးမော်တို့က အမှာစကားပြောကြားပြီး နှစ်ပတ်လည် အစီရင်ခံစာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရွေးချယ်ခံ ဗဟိုကော်မတီစာရင်းများကို ဖတ်ကြားရှင်းလင်း အတည်ပြုပေးခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ Dr. စိန်ဝင်းက (FREDA) အသင်းအတွက် အလှူငွေများပေးအပ်ခဲ့သည်။

၁၉၉၅ ခုနှစ်တွင် သစ်တောပညာရှင်၊ ရုက္ခဗေဒပညာရှင်၊ စိုက်ပျိုးရေးပညာရှင်၊ ဇီဝဗေဒပညာရှင်၊ တိမ္ဗေးကုပညာရှင်၊ ရေအရင်းအမြစ်နှင့် ဘူမိဗေဒပညာရှင်၊ အင်ဂျင်နီယာပညာရှင်၊ သစ်လုပ်ငန်းရှင်၊ မီဒီယာလုပ်ငန်းနယ်မှ ပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်း တည်ထောင်ထားသော FREDA အစိုးရမဟုတ်သည့် NGO အသင်းသည် သက်တမ်း နှစ် ၂၀ ကြာမြင့်ပြီဖြစ်ပြီး အသင်းသား ၆၇၇ ဦးဖြင့် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အသင်း၏ဆောင်ရွက်ချက်အချို့အနေဖြင့် ဂျပန်နိုင်ငံအခြေစိုက် (Actmang) အဖွဲ့အစည်း၏ ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံနှင့် ဘိုကလေးမြို့နယ်များတွင် ဒီရေတောစိုက်ခင်းများကို ၂၀၁၄ မှ ၂၀၁၈ ခုနှစ်အထိ စီမံကိန်းဖြင့် အကောင်အထည်ဖော် စိုက်ပျိုးခဲ့ရာ စုစုပေါင်း ၅၆၆၅ ဧက စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

ပညာရေးကဏ္ဍအနေဖြင့် ဂျပန် NFE Programme အစီအစဉ်အရ သစ်တောတက္ကသိုလ်တွင် ပညာသင်ကြားနေသော ပထမနှစ်ကျောင်းသူ၊ ကျောင်းသားများထဲမှ ထူးချွန်သည့် ၁၀ ဦးအားရွေးချယ်၍ဘွဲ့ရရှိသည်အထိ ထောက်ပံ့ကြေးပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်နွယ်သည့် ဘွဲ့လွန်သင်တန်းသား ကျောင်းသူ၊ ကျောင်းသားများအားရွေးချယ်၍ သုတေသန လုပ်ငန်းအတွက် သုံးနှစ်ငွေကြေး ထောက်ပံ့ခြင်း၊ ၂၀၁၅ ခုနှစ် ပညာသင်နှစ်အထိ ဘွဲ့ကြို ၁၅၀၊ ဘွဲ့လွန် ၁၀၀၊ စုစုပေါင်း ၂၅၀ ထောက်ပံ့ပြီး ဆက်လက်၍ ဘွဲ့ကြိုတစ်ဦးလျှင် ၂၆၀၀၀ ကျပ်နှုန်း၊ ဘွဲ့လွန်တစ်ဦးလျှင် တစ်လ ၆၂၀၀၀၀ ကျပ်နှုန်းဖြင့် ၂၀၁၆ ခုနှစ်အတွက် ဘွဲ့ကြို ၁၀ ဦး၊ ဘွဲ့လွန် ငါးဦး၊ Ph.D ငါးဦးတို့အား ပညာရေးအတွက် ဆက်လက်ထောက်ပံ့လျက်ရှိကြောင်းသိရသည်။

ဂျာမနီနိုင်ငံအခြေစိုက် Georg Kraus Stifung (GKS) နှင့်ပူးပေါင်း၍ အပူပိုင်းဒေသအတွင်း ဆင်းရဲသော တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးအတွက် စိန်တလုံးသရက်များ စိုက်ပျိုးပေးခြင်း၊ လေးနှစ်သားလျော်ဖြူပင်မှ ဆေးကုလားမအစေးကို လေးနှစ်မှ နှစ်ပေါင်း ၆၀ အထိ ထုတ်ယူနိုင်ရန် စီစဉ်ခြင်းများအတွက် ၂၀၁၆ ခုနှစ်အထိ စုစုပေါင်း ဧက ၂၀၀ စိုက်ပျိုးဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ယင်းအပြင် ဂျာမနီအခြေစိုက် Diakonie Katastrophehilfe (DKH) အဖွဲ့အစည်းရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာအချို့တွင် မုန်တိုင်းဒဏ်ခံစာသင်ကျောင်းများ ဆောက်လုပ်ခြင်း၊ ကမ်းပါးပြိုထိန်းတာတမံများ ဆောက်လုပ်ခြင်း၊ မိုးရေလှောင်ကန်များ ဆောက်လုပ်ခြင်း၊ သောက်ရေသန့် ပစ္စည်းများပံ့ပိုးခြင်းနှင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေး တိုးတက်မှု ပေးစွမ်းနိုင်ကြသည့် သင်တန်းများ ပို့ချခြင်းတို့ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

**သန်းဦးလှိုင်**

## သမိုင်းဝင်မွေတော်ကက္ကူဘုရားဝင်းအတွင်း၌ ဘုရားဈေးသစ်ဖွင့်လှစ်

**ကျောက်တလုံးကြီး ဩဂုတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ သမိုင်းဝင်မွေတော်ကက္ကူဘုရားတည်ရှိရာ ကက္ကူကျေးရွာတွင် မွေတော်ကက္ကူဘုရားဈေးကို ဩဂုတ် ၁ ရက် နံနက ၈ နာရီခွဲက ကျောက်တလုံးကြီးမြို့အုပ်ချုပ်ရေးမှူး ဦးဇေရာမင်း၊ မွေတော်ကက္ကူဂေါပကအဖွဲ့ နာယက ဦးဝဏ္ဏထွန်း၊ ဂေါပကအဖွဲ့ဝင် ဦးခွန်ခင်မောင်တို့မှ အရှေ့ဘက်ဝင်ပေါက်နှင့် မွေတော်ကက္ကူဂေါပကအဖွဲ့ နာယက ဦးလုံးမတ်၊ ကျောက်တလုံးကြီးမြို့ မီးသတ်ဦးစီးမှူး ဦးသိန်းဇော်နှင့် ဦးခွန်ဖေသိန်းတို့မှ တောင်ဘက်ဝင်ပေါက်တို့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဈေးဆိုင်းဘုတ်အားအမွှေးနံ့သာရည်များပက်ဖျန်းကာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်းသိရသည်။

ယင်းနောက် တက်ရောက်လာသည့် ဧည့်သည်တော်များမှ ဈေးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ တည်ခင်းရောင်းချထားသော ကုန်ပစ္စည်းများ၊ ဒေသထွက် စားသောက်ဖွယ်ရာများကို ဝယ်ယူအားပေးခဲ့ကြကြောင်းသိရသည်။



မွေတော်ကက္ကူ ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသောင်းစိန်က ယနေ့ဖွင့်လှစ်သည့်ဈေးကို ၂၀၁၆ခုနှစ် ဇန်နဝါရီလမှ စတင်တည်ဆောက်ကာ ၂၀၁၆ ခုနှစ်ဇူလိုင်လတွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ယနေ့ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်ပေးပြီဖြစ်ကြောင်း၊ မွေတော်ကက္ကူဘုရားဈေးသည် ဘာသာသာသနာနှင့် သက်ဆိုင်သည့် ဈေးဖြစ်သည့်အတွက် ဘာသာသာသနာနှင့်သက်ဆိုင်သည့် ရောင်းဝယ်ခြင်း၊ ဖောက်ကားခြင်း၊ ဥပဒေနှင့်မညီသည့် ရောင်းဝယ်ခြင်းများမရှိရန် မူဝါဒများချမှတ်ထားကြောင်း၊ ဘုရားဈေးဖြစ်သည့်အတွက် ရိုးရာဝတ်စုံများ၊ ရိုးရာကုန်ပစ္စည်းများ၊ စားသောက်ဆိုင်များ၊ ဒေသထွက်သီးနှံများ၊ ဒေသထွက်ထုတ်ကုန်များ ရောင်းဝယ်နိုင်ရေးသည် ဂေါပကအဖွဲ့၏ မူဝါဒရည်ရွယ်ချက်များဖြစ်ကြောင်း၊ ဈေးနေ့ကို တောင်ပေါ်ဒေသ၏ ဓလေ့ထုံးတမ်းများအရ တောင်ကြီးဈေး၊ ဆီဆိုင်ဈေး၊ ပင်လောင်းဈေးတို့ရှိသလို မွေတော်ကက္ကူဘုရားဈေးနေ့ကို တောင်ကြီး ဈေးလွန် ၁ ရက်တွင် သတ်မှတ်ထားပြီး၊ ဘုရားဖူးများလည်း ရက်အကန့်အသတ်မရှိ လာရောက်ဖူးမြော်နေကြသဖြင့် ဘုရားဈေးကို နေ့စဉ်ရက်ဆက် ဈေးဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ဈေးရောင်းသူများအနေဖြင့် ဂေါပကမှ ချမှတ်ထားသည့် မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးရန်နှင့် ဥပဒေမဲ့ ရောင်းဝယ်မှုမျိုးနှင့် ဥပဒေပြင်ပ ပစ္စည်း များရောင်းချခြင်းပြုမည်မဟုတ်သလို မူးယစ်ဆေးဝါးများ၊ လောင်းကစားပြုလုပ်ခြင်းများ၊ လူမှုရေးကို ထိပါးလာမည့် သွယ်ဝိုက်၍လောင်းကစားပြုမှုများကိုလည်း ခွင့်ပြုမည်မဟုတ်ကြောင်း၊ ကောင်းရောင်း ကောင်းဝယ်ဖြင့် ဘာသာဓလေ့နှင့်လည်း ကိုက်ညီမှုသာ ရောင်းချစေခြင်း ဖြစ်ကြောင်း၊ ဈေးသည် မွေတော်ကက္ကူဘုရား၏ ဝတ္တကမြေအတွင်းတွင် တည်ရှိသည့်အတွက် ဆိုင်ခန်းရယူသည့် ဆိုင်ခန်းရှင်များအနေဖြင့်လည်း ရောင်းကုန်ပစ္စည်းများ၏ တစ်လပေးသွင်းရမည်များကို ကုန်ပစ္စည်းများအလိုက် မွေတော်ကက္ကူဘုရားဂေါပကသို့ ပေးဆောင်ကြရမည် ဖြစ်ကြောင်း၊ လိုက်နာရမည့်စည်းကမ်း၊ လိုက်နာရမည့် ရောင်းကုန်ပစ္စည်းများအနေဖြင့်လည်း လူနေမှုစနစ်၊ ဘာသာရေးနိမ့်ကျမှုအပိုင်းကို မဖြစ်စေဘဲ လူနေမှုစနစ်မြင့်မားအောင် ဖော်ဆောင်ပေးသည့်အနေဖြင့် စနစ်ကျသည့်ဈေးတစ်ခုဖြစ်ရန် ဂေါပကအဖွဲ့မှ ရှေးရှု၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါဈေးသစ်ဖွင့်ပွဲသို့ ကျောက်တလုံးကြီးမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မွေတော်ကက္ကူဘုရား ဂေါပကအဖွဲ့ နာယကများနှင့်အဖွဲ့ဝင်များ၊ ဒေသခံ ပအိုဝ်းတိုင်းရင်းသားများနှင့် ရှမ်းတိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခွန်အာကာ(ကျောက်တလုံးကြီး)**

## ကျွန်းလှ–ချပ်သင်း–ကောလင်းလမ်းပိုင်းတံတားတည်ဆောက်မှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျွန်းလှ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းပိုင်း ချပ်သင်းကျေးရွာအနီး တံတားတည်ဆောက်နေမှုအား ဇူလိုင် ၃၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ယင်းတံတားကို၂၀၁၆-၂၀၁၇ဘ ဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၂၅ သန်းဖြင့် အရှည် ၅၀ ပေ သံကူကွန်ကရစ်တံတားအား ကျွန်းလှမြို့နယ် လမ်းဦးစီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်နေခြင်းအား ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လမ်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများ၏ဆန္ဒအရ မူလခွင့်ပြုအမြင့်ထက် နှစ်ပေထပ်တိုးဆောက်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်း ပညာရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

**ဒလ ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ယုဇနခန်းမ၌ ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်းပညာရေး လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အဖွင့်အမှာ စကားပြောကြားခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်း ပညာရေးလုပ်ငန်းများနှင့် ဆက်လျဉ်း၍ အမှာစကားပြောကြားခဲ့ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင် စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် ပရောဂျက်အနေဖြင့် ကချင်ပြည်နယ် (မြစ်ကြီးနားမြို့နယ်)၊ ကယားပြည်နယ်(လွိုင်ကော်မြို့နယ်)၊ မွန်ပြည်နယ်(ကျိုက်ထိုမြို့နယ်)၊ ရခိုင်ပြည်နယ် (စစ်တွေမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး (လှိုင်သာယာမြို့နယ်)နှင့် ဒလမြို့နယ် စသည့် မြို့နယ်(၆)မြို့နယ်တွင် စတင်ဆောင်ရွက် သွားမည်ဖြစ်ပြီး ယနေ့ကျင်းပသော ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေး လုပ်ငန်းစဉ်တို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လူ့စွမ်းအားသယံဇာတများကို ဖော်ဆောင်ပေးသည့် မှန်မြတ်သောလုပ်ငန်းစဉ်ဖြစ်ကြောင်းနှင့် ပညာကို မြတ်နိုးတန်ဖိုးထားသူအားလုံး ဝိုင်းဝန်းပူပေါင်း ပါဝင်ကူညီဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းပြင်ပ အလယ်တန်းပညာရေးလုပ်ငန်းစဉ်များကို ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျောင်းပြင်ပ အလယ်တန်း ပညာရေးအခြေစိုက်စခန်းများတွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ ဒလမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးထွေးတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလွင်၊ မြို့နယ်ပညာရေးမှူး ဦးအောင်နိုင်စိုး၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဆရာ/ဆရာမများ၊ ကျောင်းပြင်ပ၌ ပညာသင်ကြားနေသော ကျောင်းသား/သူများ တက်ရောက် ခဲ့ကြောင်းသိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**

## နမ့်စန်တွင်မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကိုအများပြည်သူ ဆန္ဒအရပွင့်လင်းမြင်သာစွာရွေးချယ်

**နမ့်စန် ဩဂုတ် ၃**
ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် စည်ပင်သာယာရေး ကော်မတီတွင်ပါဝင်သော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အသစ်ပြန်လည် ရွေးချယ်ပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီပြင်ဆင်ဖွဲ့စည်း နိုင်ရေး စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရဲမှူးခင်မောင်သိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထိုက်၊ မြို့နယ်စည်ပင်သာယာရေး ဌာန အမှုဆောင်အရာရှိ ဦးအောင်မြသိန်းနှင့် ဦးနေဇော်နိုင် တို့က ရွေးချယ်ပွဲတက်ရောက်လာသူစာရင်းဖတ်ကြားခြင်း၊ ရွေး ချယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့် မဲပေးရွေးချယ်နည်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တစ်ဦးကို တက်ရောက်လာကြသော မြို့မိမြို့ဖ ကိုယ်စားလှယ် ၂၄ ဦး အဆိုပြုထောက်ခံ တင်ပြထားသော ကိုယ်စားလှယ်ငါးဦးထဲမှ မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့ရာ ဦးလှထွေး အမှတ်(၃) ရပ်ကွက်မှ ၁၁ မဲဖြင့် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစိုးမြင့် အမှတ် (၃)ရပ်ကွက်မှ ၁၁ မဲဖြင့် အဖွဲ့ဝင်အဖြစ်လည်းကောင်း ရွေးချယ်ခဲ့ ကြောင်းသိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီတွင်အဖွဲ့ဝင်အဖြစ် ပါဝင် သော လူမှုရေး (သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်း ကိုယ်စားလှယ် တစ်ဦးနှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်၊ ပညာ အခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးကို ဩဂုတ် ၂ ရက် နှင့် ၃ ရက် တို့တွင် ပွင့်လင်းမြင်သာစွာ ဆက်လက်ရွေးချယ် ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## မြိတ်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား ယာဉ်မောင်းလိုင်စင်များကွင်းဆင်းဆောင်ရွက်ပေး

**မြိတ် ဩဂုတ် ၃**
ယာဉ်မောင်းသူတိုင်း ယာဉ်မောင်းလိုင်စင်ရရှိရေး၊ မောင်းနှင်ရမည့်ဥပဒေများအတိုင်း မြိတ်တက္ကသိုလ်တွင် မော်တော်ဆိုင်ကယ်ဖြင့် တက်ရောက်ပညာသင်ကြား နေကြသော ကျောင်းသား၊ ကျောင်းသူများအား ယာဉ် စည်းကမ်း လမ်းစည်းကမ်းများ စနစ်တကျ သိရှိလိုက်နာ နိုင်စေရေးအတွက် သင်တန်းပေးခြင်း၊ ယာဉ်မောင်း လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် လမ်းစည်းကမ်းမေး ခွန်းလွှာဖြေဆိုခြင်း၊ ယာဉ်မောင်းကျွမ်းကျင်မှု လက်တွေ့ စစ်ဆေးခြင်းများကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ကလွင်ရပ်ရှိ မြိတ် တက္ကသိုလ်စာသင်ဆောင်(၁) ခန်းမ၌ ကုန်းလမ်းပို့ ဆောင်မှုညွှန်ကြားမှု ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက် ခဲ့ကြကြောင်း သိရသည်။



ယာဉ်မောင်းလိုင်စင်ထုတ်ပေးရာတွင် ကညနရုံး၌ သင်တန်းပေးခြင်း၊ လမ်းစည်းကမ်းမေးခွန်းလွှာများ ဖြေ ဆိုခြင်း၊ ယာဉ်မောင်းကျွမ်းကျင်မှု လက်တွေ့စစ်ဆေး ခြင်းများကို ၂ ရက် ဆောင်ရွက်ပြီးမှသာ ယာဉ်မောင်း လိုင်စင် ထုတ်ပေးကြောင်း၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတက်ရက်မပျက်စေရန်နှင့် မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင် လိုက်နာရမည့် စည်းကမ်းများနှင့် ယာဉ်မောင်းရာတွင် သတိပြု လိုက်နာရမည့် အချက်များ စနစ်တကျသိရှိ လိုက်နာနိုင်စေရန်အတွက် မြိတ်တက္ကသိုလ်နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း ကညနရုံးမှ ခရိုင်ဦးစီးမှူး ဦးစံသိန်းဦး၏ ပြော ကြားချက်အရ သိရသည်။

ယာဉ်မောင်းလိုင်စင် ပြုလုပ်ရမည့် ကျောင်းသား၊ ကျောင်းသူ ၄၁၇ ဦးတို့အား ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မေးခွန်းလွှာဖြေဆို၍ ယာဉ်မောင်းကျွမ်းကျင်မှု လက် တွေ့စစ်ဆေးခဲ့ကြပြီး အောင်မြင်သူများကိုသာ အသက် (၁၆)နှစ်ပြည့်ပြီးသူကို (က)(၁)လိုင်စင်နှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူကို (က)လိုင်စင် ထုတ်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

အခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစံသိန်းဦးနှင့် ဝန်ထမ်းများ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ဌေး၊ ပါမောက္ခ ဌာနမှူးများနှင့် လိုင်စင်ပြုလုပ်မည့် ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူ ၄၁၇ ဦးတို့ တက်ရောက် ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**



## ကျေးရွာချင်းဆက် အောင်မြင်သာတံတား ဖြတ်သန်းသွားလာမှုအဆင်ပြေအောင်ဆောင်ရွက်

**ကလေး ဩဂုတ် ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ပျဉ်းခုံကြီးကျေးရွာအုပ်စု အောင်မြင်သာကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွာထိပ်ချောင်း ဟောင်းအတွင်းသို့ ချောင်းရေများဝင်ရောက်လာခဲ့ပြီး ရွာအဝင်အောင်မြင်သာတံတားအား ချောင်းရေ တိုက်စားမှုမှ ကာကွယ်ရန်နှင့် ကျေးလက်နေပြည်သူ များဖြတ်သန်းသွားလာမှုအဆင်ပြေရန် ရွာသူရွာသား များကစုပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက် ခဲ့ကြရကြောင်း သိရသည်။

ယင်းအပြင် အဆိုပါအောင်မြင်သာကျေးရွာတံတား အောက်ခြေတွင် ချောင်းရေစီးမှုနှင့်အတူ မျောလာ သောသစ်တုံးရှည် ကန့်လန့်ခံနေသဖြင့် တံတားပျက် စီးမှုမှကာကွယ်ရန် စက်အားဖြင့် ကြိုးစားဖယ်ရှားလျက် ရှိသည့်အပြင် အောင်မြင်သာ၊ နန်းချောင်း၊ မောက်လင်း ကျေးရွာသူ ရွာသားများ၏ စုပေါင်းကူညီမှုဖြင့် ဖယ်ရှား ဆောင်ရွက်ကြရာ ညနေပိုင်းတွင် အောင်မြင်စွာဆောင် ရွက်ပြီးစီးနိုင်ခဲ့ပြီး ယင်းသစ်လုံး ဖယ်ရှားနိုင်ခဲ့ခြင်း ကြောင့် တံတားကြီးပျက်စီးခြင်းအန္တရာယ်မှ စိုးရိမ်မှု များ လျော့ပါးခဲ့ရပြီဖြစ်ကြောင်း သိရသည်။ **ဂျူးနက်**

## မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ အသစ်များအားစီမံကိန်း အကြောင်းမိတ်ဆက်ရှင်းလင်း

**လဲချား ဩဂုတ် ၃**
ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ထပ်မံ အကောင်အထည်ဖော်မည့် မြစိမ်းရောင်စီမံ ကိန်းဝင်ကျေးရွာများမှ ပြည်သူများအား စီမံ ကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့မကျေးရွာ အုပ်စု ဟိုနောင်လုံကျေးရွာခန်းမ၌ ပြုလုပ်ခဲ့ သည်။

စီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မှူး ဦးတင်ဆူးက မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၁၀ ရွာအတွက် အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေ ခြောက်ယူနစ် (ငွေကျပ်သိန်း ၁၈၀၀) ကို ထုတ်ချေးပေး သွားမည်ဖြစ်ကြောင်း၊ ချေးငွေများဖြင့် စိုက် ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းမှုလုပ်ငန်း များ လုပ်ကိုင်နိုင်ကြောင်း၊ လည်ပတ်ရန်ပုံငွေ စနစ်တွင် အဖွဲ့ကသဘောတူသော အတိုးငွေ ထည့်ဝင်ခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြေရှင်းနိုင်မည့်အကျိုး ကျေးဇူးများ ရရှိနိုင်ကြောင်း ရှင်းလင်းပြော ကြားသည်။

ထို့နောက် ကျေးရွာသားများမှ ရွေးချယ် တင်မြှောက်သည့် ကျေးရွာမြစိမ်းရောင်ရန်ပုံ ငွေကြီးကြပ်မှုကော်မတီအား စနစ်တကျဖွဲ့ စည်းပေးခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လဲချား မြို့နယ် ပန်ဟုန်းကျေးရွာ၊ ဟိုနောင်အွမ် ကျေးရွာ၊ ဟိုနောင်လုံကျေးရွာ၊ (ဝမ်ပန်းကျေး ရွာ+ဟိုနားကျေးရွာ)၊ (ဆီကုန်းကျေးရွာ+ ဝမ်ပုံကျေးရွာ)၊ (နားမန်းကျေးရွာ+ခိုဟိုင်း ကျေးရွာ+ဝမ်မုန့်ကျေးရွာ) တို့မှ ဒေသခံ ပြည်သူများသည် အရင်းမပျောက် မတည် ငွေများရရှိခြင်းကြောင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး၍ ဆင်းရဲမှုလျှော့ချနိုင်မည်ဖြစ် ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့လက်ဝယ်အရောက် ကျေးရွာမြေငှားဂရန်ပေးအပ်

**တိုက်ကြီး ဩဂုတ် ၃**
ကျေးလက်နေပြည်သူတို့အတွက် စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သောမြေငှားဂရန်များ လက်ဝယ် အရောက်ပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပသည်။

ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားသို့ မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း နှင့် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဦးကျော်မြင့်တို့မှ တက်ရောက် အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင် က မြေငှားဂရန် ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်း လင်းပြောကြားခဲ့သည်။ တော်လတီကျေးရွာရှိ မြေငှား ဂရန်ပေါင်း ၃၅၃ ခုကို ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးကျော်မြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်း ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်တို့က ပေးအပ်ခဲ့ကြသည်။ **ထွန်းလှိုင်(မြိုင်)**

## မင်းလှမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအခြေခံလက်မှုသင်တန်းဖွင့်လှစ်

**အထက်မင်းလှ ဩဂုတ် ၃**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက အသက်မွေး ဝမ်းကျောင်း အထောက်အကူပြု ဝါး အခြေခံလက်မှုသင်တန်း ဖွင့်လှစ်ခဲ့ ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးသိန်းဇော်က အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမင်းဇော်ဟန်က သင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြော ကြားသည်။ ထို့နောက် အသေးစား စက်မှုလက်မှုဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း ဦးစီး အရာရှိ ဒေါ်သန်းသန်းဌေးက သင်တန်း နှင့်ပတ်သက်သည်များကိုရှင်းလင်း ပြောကြားခဲ့သည်။ အဆိုပါသင်တန်း ကို သင်တန်းသား ၃၀ ဖြင့် သင်တန်း ကာလ ၁၅ ရက် သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



## ကျောင်းသား၊ ကျောင်းသူများအားကြက်ဥ၊ နို့အာဟာရများတိုက်ကျွေး

**ဝါးခယ်မ ဩဂုတ် ၃**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျောင်း သား၊ ကျောင်းသူများအား ကြက်ဥ၊ နို့အာဟာရများ တိုက်ကျွေးမှုကို သံကြိုးတိုင်ရပ်ကွက် မူလွန် သံကြိုး တိုင်တိုးချဲ့ကျောင်း၌ ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေး School Milk Programme အစီ အစဉ်အရ ကျောင်းနေအရွယ် ကလေးသူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာသန်စွမ်း စေရန် ရည်ရွယ်ပြီး မူလွန်သံကြိုးတိုင် တိုးချဲ့ကျောင်း မှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၈၀ ကျော်အား ကြက်ဥ၊ နို့အာဟာရများ တိုက်ကျွေး ကာ ဦးစီးအရာရှိ ဒေါက်တာဒေါ်နန်းက ဓာတုဆိုး ဆေးများပါဝင်သော စားသောက်ကုန်များ၊ စား သောက်မည့်အစား ကျန်းမာရေးနှင့် ညီညွတ်သော နို့အာဟာရကဲ့သို့ အစားအသောက်များကိုသာ စားသုံးသင့်ကြောင်း အသိပညာပေး တိုက်တွန်းပြော ကြားပေးခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ (ဝါးခယ်မ)**

# သမိုင်းအမွေအနှစ်များရှိရာ မန္တလေးနန်းမြို့တော်



**မန္တလေး ဩဂုတ် ၃**

နေရာဒေသတစ်ခုသို့ ရောက်ပါက ထိုဒေသ၏ လေ့လာစရာများကို သိရှိပါမှ စနစ်တကျလေ့လာနိုင်မည်ဖြစ်သည်။ နိုင်ငံတကာခရီးသွားဧည့်သည်များအတွက်မူ လမ်းညွှန်စာအုပ်ကလေးများဖြင့် စနစ်တကျ သွားလာကာ လေ့လာကြသည်။ ရှေးခေတ်အခါက ရွှေမြို့တော်ကြီးဟု တင်စားကာ သာမန်အရပ်သူ အရပ်သားတို့ ရောက်ဖူးလိုသည့် ကျုံးမြို့ရိုးတို့ကာရံထားသည့် နန်းတော်တစ်ဝိုက်တွင် လေ့လာစရာများစွာ တည်ရှိနေပေသည်။ လက်ရှိကာလတွင်မူ သမိုင်းတန်ဖိုးမဖြတ်နိုင်သော အဖိုးတန်အမွေအနှစ် အဖြစ် တည်ရှိကာ မန္တလေးသို့ရောက်သူတိုင်း အားထားသွားရောက်လေ့ရှိသော နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

နန်းမြို့တော်မှာ စိတ်ဝင်စားစရာများစွာဖြင့် တည်ရှိနေသည်။ ကျုံးကိုမြင်သည်နှင့် ကျုံးအကြောင်းကို လေ့လာနိုင်သည်။ မြို့ရိုးကိုမြင်သည်နှင့် မြို့ရိုးအကြောင်းကို သိစေနိုင်သည်။ ပြသာဒ်များကိုမြင်သည်နှင့် စနစ်တကျတည်ဆောက်ပုံကို လေ့လာနိုင်ပေသည်။ အပြင်ဘက်မှစကြည့်လျှင်ပင် ကျုံးမြို့ရိုး၊ ပြအိုးပြသာဒ်များကာရံကာ သဘာဝအတိုင်း ထန်းပင်များစွာ မြင်နေရသည်ကိုက နန်းမြို့၏ သဘာဝအလှတရားပင် ဖြစ်နေသည်။

ကျုံးကိုဖြတ်ကာ တည်ဆောက်ထားသည့် တံတားမှဝင်လိုက်သည်နှင့် ကျွန်းတိုင်နီနီများတွင် ကမ္ပည်းရေးထိုးထားသော မြို့တည်နန်းတည် ခုနှစ်များမှသည် ဦးထိပ်တံခါးဟု ရေးထိုးထားသည့် စာများမှစကာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။ နန်းမြို့အတွင်းဝင်ကာ ဝဲဘက် ယာဘက်အနှံ့ကြည့်လိုက်သည်နှင့် ပဟိုရ်စင်၊ စွယ်တော်စင်၊ ကျောက်စာရုံတို့ကို စတင်တွေ့ရှိနိုင်သည်။ အနောက်တည့်တည့်ဆီ ကြည့်လိုက်သည်နှင့် ရွှေရောင်များဝင်းထိန်နေသည့် ရွှေနန်းတော်ကြီးကို မြင်တွေ့နိုင်ပေသည်။ နန်းတော်ရှေ့တွင်မူ ရှေးခေတ်စကြာအမြောက်များက ဆီးကြိုနေပေသည်။

နန်းတော်အတွင်း ဝင်လိုက်သည်နှင့် ပလ္လင်တော်ရှစ်ခန်းနှင့်တစ်ကွ ရှေးခေတ်က အဆောင်အသီးသီး၊ နာမည်အထွေထွေ မှည့်ခေါ်ထားသည့် ၁၁၄ ဆောင်သော အဆောင်များနှင့် အဆောင်များ၏ လုပ်ငန်းဆောင်တာများကို လေ့လာနိုင်ပေသည်။ နန်းမြင့်မျှော်စင်ပေါ်တက်ခြင်းမှသည် လှပသောရွှေနန်းတော်ကို အပေါ်စီးမှ မြင်တွေ့နိုင်ပေသည်။ ကန်ငယ်အုတ်တိုက်မှသည် ထားဝယ်ဆောင်သို့ကူးကာ မှန်နန်းဆောင်မဟာတွင် ခေတ္တနားခိုရင်း လေ့လာနိုင်ပေသည်။ နန်းတော်အတွင်းမှ ပြတိုက်တွင်မူ ရှေ့ခေတ်က အသုံးအဆောင်များ၊ ဝန်မင်းများပုံ၊ အဝတ်အထည်များမှအစ ရှေးခေတ်မင်းမိဖုရားအချို့၏ လက်ရေးမူများကို လေ့လာနိုင်ပေသည်။

နန်းတော်ပေါ်မှဆင်းကာ အနောက်ဘက်ကိုပတ်လိုက်သည်နှင့် စိမ်းစိုသော သစ်ပင်များအကြား ယခင်ကစည်ကားခဲ့သော မြိုင်ဟေဝန်ဥယျာဉ်အတွင်းမှ လေယာဉ်ငယ်ကို စီးခွင့်ရှိနေပေသည်။ အရှေ့ဘက်ပတ်လိုက်သည်နှင့် ဒင်္ဂါးသွန်းစက်ရုံ၊ ပုဂံမင်းအုတ်ဂူပြသာဒ်၊ စကြာဒေဝီဂူပြသာဒ်၊ မင်းတုန်းမင်းဂူပြသာဒ်၊ လောင်းရှည်မိဖုရားဂူပြသာဒ်၊ မင်းကိုးပါးရုပ်တုများကို လေ့လာနိုင်သည်။

စိတ်ဝင်စားဖွယ်ရာကောင်းသော နန်းမြို့ဖြစ်သလို မန္တလေးမြို့သို့ ရောက်သူတိုင်း အားထားသွား ရောက်လေ့လာသောနေရာအဖြစ် တည်ရှိနေသည်။

**တိမ်တမန်**

# ဘားအံမြို့နယ် နောင်မဘုံကျေးရွာ၌ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဗျက္ခ ကျေးရွာအုပ်စု နောင်မဘုံကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ဩဂုတ် ၁ ရက် နံနက် ၉ နာရီခွဲက အိန္ဒုနယ်မြေ ရဲစခန်းမှူးရဲအုပ် ဇော်နိုင်အောင်က မူးယစ်ဆေးဝါး အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ မူခင်းကျဆင်းရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးခြင်းများကို ဟောပြောဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ခန့်နှင့် ကျေးရွာသူ၊ ကျေးရွာသား ၅၀ ကျော် တက်ရောက်ခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောကျော်အေးဆေးက လာရောက်ဟောပြောပေးသည့်အတွက် ရဲတပ်ဖွဲ့ဝင်များအားကျေးဇူးတင်ရှိကြောင်း၊ လူသားအားလုံး၏ဘုံရန်သူဖြစ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ကျေးရွာသားများက ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ မိမိတို့ရပ်ရွာတွင်လုပ်ကိုင်မှုအခွင့်အရေးမရှိရလေအောင် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ထွန်းထွန်းထွေး (ဘားအံ)**

# ရွှေလှေကျေးရွာ၌ သောက်သုံးရေအခက်အခဲမဖြစ်စေရေး ရေဂါလန် ၁၇၀၀ ခန့် ဒုတိယအကြိမ်လှူဒါန်း

**ဆားလင်းကြီး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဝင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး ခေတ္တရဲစခန်းမှူး ရဲအုပ်ဟန်ထွန်းကျော်ပါဝင်သော ရဲတပ်ဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးညိုဝင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဩဂုတ် ၁ ရက် နံနက်ပိုင်းက ချင်းတွင်းမြစ်ရေလျှံမှုကြောင့် သောက်သုံးရေအခက်အခဲမဖြစ်စေရေး ရွှေလှေကျေးရွာရှိ ဒေသခံပြည်သူ ၁၃၅၆ ဦး အတွက် မီးသတ်ရေယာဉ်တစ်စီးဖြင့် စုပေါင်းသယ်ဆောင်ကာ သောက်သုံးရေဂါလန် ၁၇၀၀ ခန့် ဒုတိယအကြိမ် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေလှူဒါန်းမှုနှင့်ပတ်သက်၍ "ယခင်က ပထမအကြိမ် သောက်သုံးရေများနှင့် စားသောက်ဖွယ်ရာများကို ကျေးရွာအရောက် မိမိတို့ရဲတပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးအပ်လှူဒါန်းခဲ့ပါတယ်။ ယခု ရွှေလှေကျေးရွာတွင် ချင်းတွင်းမြစ်ရေလျှံတက်တိုးဝင်မှုကြောင့် ရေနစ်မြုပ်နေသောအိမ်ခြေ ၂၈၇ အိမ်၊ အိမ်ထောင်စု ၂၈၇ စုရှိ ကျား ၆၅၃ ဦး၊ မ ၇၀၃ ဦး စုစုပေါင်းလူဦးရေ ၁၃၅၆ ဦးအတွက် လတ်တလော ရေအခက်အခဲများမဖြစ်စေရေးအတွက် ပြည်သူဗဟိုပြု ပြည်သူ့ဝန်ဆောင်မှု ရဲလုပ်ငန်းများအဖြစ် အစဉ်အလေးထား ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မြို့နယ်မီးသတ်တပ်ဖွဲ့ အပြင် အခြား ခရိုင်၊ မြို့နယ်အဆင့် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းကာ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ ပြည်သူ့အတွက် လုံခြုံအေးချမ်း ပျော်ရွှင်အောင် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ပေးမည်" ဟု တာဝန်ရှိသူက ပြောကြားသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မုံရွာမြို့တွင် ကျင်းပ

**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီခွဲက မုံရွာမြို့ တိုင်းဒေသကြီးစီမံကိန်း ရေးဆွဲရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီကို ယခုနှစ် ဇွန် ၂၁ ရက်က စတင်ပြီး ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း၊ တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းကို တိုင်းဒေသကြီး စီမံကိန်းကော်မရှင်ကို မတင်ပြမီမှာ စနစ်တကျ စိစစ်သုံးသပ်ရန်၊ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် ဒေသအလိုက် ဦးစားပေး လုပ်ငန်းအစီအစဉ်များ ထည့်သွင်းရေးဆွဲရန်လိုအပ်ပါကြောင်း၊ ထို့အပြင် စာရင်းဇယားများ မှန်ကန်တိကျစေရေးအတွက် စိစစ်ဆောင်ရွက်ရေးနှင့် ဒေသန္တရစီမံကိန်းကို အချိန်မီရေးဆွဲ တင်ပြနိုင်ရေးအတွက် ကော်မတီက ကြီးကြပ်ဆောင်ရွက်ကြမှာ ဖြစ်ပါကြောင်း၊ ရေးဆွဲသည့် တိုင်းဒေသကြီးရဲ့ ဒေသန္တရစီမံကိန်းမှာ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများရဲ့ အကျိုးအမြတ် ပြန်ရချက်၊ သက်ဆိုင်ရာ ဒေသအတွက် အကျိုးအမြတ်ဖြစ်ထွန်းမှု ရှိ-မရှိကိုလည်းကောင်း ကော်မတီမှ စိစစ်ဆောင်ရွက်ရမှာဖြစ်ပါကြောင်း၊

မကြာမီကာလတွင် စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကို ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ရေးဆွဲရာတွင် အခြေခံကိန်းဂဏန်း အချက်အလက်များသည် မှန်ကန်တိကျမှုရှိရန်နှင့် မြေပြင်မှာရှိသည့် ပကတိအခြေအနေကို ထင်ဟပ်သည့် ကိန်းဂဏန်း အချက်အလက်များဖြစ်ဖို့ အထူးလိုအပ်ပါကြောင်း၊ လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်း ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမ(၃) လပတ်အထိ ဆောင်ရွက်ပြီးစီးဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို လစဉ်အားနည်းချက် အားသာချက်များကို သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ ပြည့်မီရေး အတွက် ကဏ္ဍအလိုက် စာရင်းအင်း ကိန်းဂဏန်း အချက်အလက်များ မကျန်စေရေး စိစစ် ဆောင်ရွက်သွားကြရန်နှင့် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းနှင့် နိုင်ငံပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင်လည်း ပြည်သူလူထုရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ဦးစားပေး လုပ်ငန်းစီမံကိန်းများ ထည့်သွင်းရေးဆွဲကြရန်နှင့် စာရင်းအင်း ကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရေး ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးလှမြင့်က ၂၀၁၆-၂၀၁၇ ခုနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကော်မတီဝင်များမှ အထွေထွေဆွေးနွေးအကြံပြုကြသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးစိုးဦး၊ တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူး ဦးစိုးလှမြင့်နှင့် ခရိုင်စီမံကိန်းဦးစီးမှူးများ၊ ကော်မတီဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**



# တင်ဒါအောင်သူတို့မှ လမ်းခင်းကျောက်များတင်သွင်းရာတွင် အရည်အသွေးမပြည့်ဝသည့် ကျောက်များ ရောနှောပါဝင်နေသည်ဆိုခြင်းမှာ

**àaZmfifoD(jrmif;r)**



အရည်အသွေးမီ နှမ်းကျောက်များအား လမ်းဦးစီးအရာရှိမှ ပြသရှင်းလင်းနေစဉ်

မြောင်းမြခရိုင်အတွင်း လမ်းခင်းကျောက်များကို တင်ဒါအောင်မြင်သူတို့မှ တင်သွင်းရာတွင် အရည်အသွေးပြည့်ဝသည့် နှမ်းကျောက်များတင်သွင်းရမည်ဖြစ်သော်လည်း အရည်အသွေးမပြည့်မီသောကျောက်များ တင်သွင်းနေကြောင်း ပြည်သူများအကြား ပြောဆိုနေသည့်အတွက် သတင်းရယူရန် လမ်းခင်းကျောက်များထားရှိရာ ပင်လယ်လေးတံတားအနီးရှိ ကျောက်ပုံဆိပ်သို့ သွားရောက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြောင်းမြမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းအား တွေ့ဆုံမေးမြန်းရာ -

**မေး။ ။အခုတလော ပြည်သူများအကြား ရေပန်းစားနေတဲ့ အရည်အသွေးမမီသော လမ်းခင်းကျောက်တွေကို တင်ဒါအောင်သူတွေမှ တင်ဒါသွင်းနေတယ်ဆိုတာ ဟုတ်ပါသလား။**

ဖြေ။ ။ တင်ဒါရတဲ့သူကတင်သွင်းတဲ့ လမ်းခင်းကျောက်တွေကို ကျွန်တော်တို့ဌာနက စိစစ်ပြီးမှ အရည်အသွေးပြည့်ဝတဲ့ကျောက်တွေကိုသာ လက်ခံပါတယ်။

**မေး။ ။ အရည်အသွေးပြည့်ဝတဲ့ ကျောက်ဆိုတာ ဘယ်လိုကျောက်မျိုးကိုခေါ်ပြီး ဘယ်သူတွေက စိစစ်ရွေးချယ်ပါသလဲ။**

ဖြေ။ ။ အရည်အသွေးပြည့်ဝတဲ့ကျောက်ဆိုတာ သတ်မှတ်ထားတဲ့ဖိအားကို ခံနိုင်ပြီး မာကျောတဲ့ကျောက်သားတွေဖြစ်ပါတယ်။ အဲဒီလိုမာကျောတဲ့ (ကျောက်အကာသားမပါတဲ့) ကျောက်တွေကိုသာ ကျွန်တော်တို့ဌာနက ခန့်ထားတဲ့သူတွေက စိစစ်ရွေးချယ်ပါတယ်။

**မေး။ ။ အခုလမ်းခင်းကျောက်ထုတ်လုပ်နေတဲ့ ကုန်သည်တွေပြောတဲ့ နှမ်းကျောက်ဆိုတာ ဘယ်လိုကျောက်မျိုးကိုခေါ်သလဲ။ အဲဒီနှမ်းကျောက်ကိုပဲ လက်ခံတာလား။**

ဖြေ။ ။ ယခုကျွန်တော်တို့ လက်ခံထားတဲ့ ကျောက်ပုံတွေကိုကြည့်ပါ။ ကျောက်အမာတွေဖြစ်တယ်။ အဲဒီကျောက်တွေက ပြောမယ်ဆိုရင် ကျောက်အနှစ်တွေပါ။ သူတို့ကို ခွဲထားတဲ့နေရာတွေမှာ ကြည့်ပါ၊ အမဲစက်ကလေးတွေ တွေ့ပါလိမ့်မယ်။ အဲဒါကို ကျောက်ကုန်သည်က နှမ်းကျောက်လို့ ခေါ်တာပါ။ ကျွန်တော်တို့ကတော့ မာကျောတဲ့ သက်ရင့်ကျောက်တွေဆို သတ်မှတ်ထားတဲ့ အရည်အသွေးပြည့်မီရင် လက်ခံပါတယ်။

**မေး။ ။ ကျောက်ကုန်သည်အချို့ပြောဆိုနေတဲ့ အရည်အသွေးမပြည့်တဲ့ ကျောက်တွေပါနေတယ်ဆိုတာ ဟုတ်ပါသလား။**

ဖြေ။ ။ အရည်အသွေးမပြည့်တဲ့ကျောက်ဆိုတာ အကာကျောက်တွေရယ်၊ တစ်နည်းပြောရရင် ကျောက်ပွတွေပါ။ အခုဟိုဘက်မှာ ရွှေးဖယ်ထားတဲ့အပုံက အဲဒါဖယ်ထားတဲ့ကျောက်တွေပါ၊ တချို့ကုန်သည်တွေပို့တဲ့အထဲမှာ ပါတာတွေရှိပါတယ်။ အဲဒီကျောက်တွေကို ကျွန်တော်တို့လက်မခံပါဘူး။ အခုလည်း ကျောက်တင်သင်္ဘောခုနစ်စင်း ဆိုက်ကပ်ထားပါတယ်။ အဲဒါတွေကို သေသေချာချာစစ်ဆေးပြီးမှ လက်ခံမှာပါ။ ပြီးခဲ့တဲ့ရက်က သင်္ဘောသုံးစင်းနဲ့လာပို့ပါတယ်။ စစ်ဆေးလိုက်တဲ့အခါ သင်္ဘောနှစ်စင်းက သတ်မှတ်အရည်အသွေးမမီတဲ့ကျောက်တွေမို့ ပြန်လွှတ်လိုက်ပါတယ်။ လက်မခံပါဘူး။

**မေး။ ။ ဦးစီးအနေနဲ့ အခြားဘာများပြောစရာရှိသေးသလဲ။**

ဖြေ။ ။ ကျွန်တော်တို့လမ်းဦးစီးဌာနအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ထားတဲ့ လပွတ္တာ၊ မြောင်းမြ၊ အိမ်မဲ၊ ကျောင်းကုန်း၊ ကျုံပျော် လမ်းမကြီးမှာ မြောင်းမြမြို့နယ်အတွင်းဖြတ်သွားတဲ့ ပင်လယ်လေး တံတားအနီး မိုင်တိုင်အမှတ် (၂၁/၆) မှ ကံကြီးတံတားအနီးမိုင်တိုင် အမှတ် (၅၇/၇) အထိနဲ့ မြောင်းမြ၊ ပုသိမ်ကားလမ်း၊ မြင်းကဆိပ်တံတားမှ ကျုံဝါး(၅)မိုင်ဘက်ကို လမ်းပိုင်းအလိုက် (၂၀၁၆-၂၀၁၇) တိုင်းဒေသကြီးဘတ်ဂျက်အရ တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ငွေလုံးငွေရင်းရန်ပုံငွေနဲ့ ဆောင်ရွက်နေပါတယ်။ မိုင်တိုင်အမှတ် (၂၂/၇) မှ (၃၄/၂) အထိ ကတ္တရာလမ်းအကျယ် ၁၈ ပေအထိ ပြုလုပ်မှာဖြစ်ပြီး လမ်းတာဝါအနေနဲ့ ပေ ၅၀ အထိချဲ့သွားမှာပါ။ အခုလမ်းတာဝါကို စတင်ဆောင်ရွက်နေပါပြီ။ လာမဲ့ပွင့်လင်းရာသီမှာလည်း မြင်းကဆိပ်တံတားမှစတင်ပြီး မြောင်းမြဘက်အခြမ်းကို အရှည်တစ်မိုင်ခွဲ၊ ထု ၈ လက်မ၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းနဲ့ လမ်းပခုံးတစ်ဖက် ၃ ပေကိုပါ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## ဓနုတိုင်းရင်းသားရိုးရာအဖွဲ့ ဖွဲ့စည်းနိုင်ရေး ဓနုတိုင်းရင်းသားများတွေ့ဆုံပွဲကျင်းပ

**ပင်းတယ ဩဂုတ် ၃**

ရှမ်းပြည်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ဓနုတိုင်းရင်းသားရိုးရာအဖွဲ့ ဖွဲ့စည်းနိုင်ရေး အလွတ်သဘောဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်ဓမ္မာရုံ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပင်းတယမြို့နယ် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး ဓနုတိုင်းရင်းသားမြို့နယ်ဖြစ်သော ကိုယ်စားပြုအဖွဲ့များက ဓနုတိုင်းရင်းသားအဖွဲ့ဖွဲ့စည်းနိုင်ရေးဆွေးနွေးခဲ့ကြပြီး ဓနုတိုင်းရင်းသားရိုးရာအဖွဲ့ ဖွဲ့စည်းရခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို တောင်ကြီးမြို့နယ် ဓနုတိုင်းရင်းသားရေးရာဖြစ်မြောက်ရေးကော်မတီမှ ဦးဝင်းဝဏ္ဏဝင်းက အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ ဓနုတိုင်းရင်းသားတွေ့ဆုံပွဲကို ပင်းတယ၊ ရွာငံ၊ အောင်ပန်း၊ ရပ်စောက်၊ ကလော၊ ဟဲဟိုး၊ နောင်ချိုနှင့် ကျောက်မဲမြို့နယ်တို့မှ ကိုယ်စားပြုအဖွဲ့များ စုစုပေါင်း အင်အား ၁၁၀ ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆင့်ပွားသင်တန်းဖွင့်လှစ်

**ပင်းတယ ဩဂုတ် ၃**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်မည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ မြစိမ်းရောင်ကျေးရွာ ၁၃ ရွာမှ ကျေးရွာခြောက်ရွာအား ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြစိမ်းရောင်ကျေးရွာအဖြစ်သတ်မှတ်ထားသည့် ရွှေပုထိုး၊ ကိုးလုံး၊ သရက်ကုန်း၊ သစ်အယ်ပင်၊ အင်းခေါင်းနှင့် စံသီးကုန်းကျေးရွာ စသည့်ကျေးရွာများမှ တစ်ရွာလျှင် ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ၁၂ ဦးအား ၂ ရက်တာ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့တွင် ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်အရ မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးဝင်းနိုင်၏ စီမံကြီးကြပ်မှုဖြင့် ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်မြမြသန်းနှင့် ဝန်ထမ်းများသည် ဇူလိုင်နောက်ဆုံးပတ်က မြစ်ကြီးနားမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းသို့ ကွင်းဆင်း၍ ကျောင်းသားတစ်ဦးကို အသက် ၁၈ နှစ်ပြည့်နှင့် ကျောင်းသား၊ ကျောင်းသူ ၈၆ ဦးတို့အား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၄၉၉)**

## အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**မူဆယ် ဩဂုတ် ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် အခြေခံကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းသား၊ ကျောင်းသူ ၁၀၁ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းသိန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်၊ အရေးကြီးပုံတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်က တစ်ဦးချင်းလက်ဝယ် ပေးအပ်ခဲ့သည်။

ကျောင်းအုပ်ဆရာကြီး ဦးစိုင်းအောင်ကျော်က ယခုကဲ့သို့ စာသင်ချိန်အနှောင့်အယှက်မဖြစ်စေဘဲ လာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ၊ မိဘများတက်ရောက်ကြောင်း သိရသည်။ **ဆရာမောင်(မူဆယ်)**

## ရွှေဘိုခရိုင်တွင် ရာနှုန်းပြည့် ကျေးရွာမြေပုံဇယားဂရန်များ ထုတ်ပေး

**ရွှေဘို ဩဂုတ် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ လုပ်ငန်းစဉ်စီမံချက်အရ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ဆောင်မှုပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးဦးဆောင်သည့် မြေငှားဂရန်ထုတ်ပေးရေးကော်မတီမှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်(၆)မြို့နယ်အတွက် မြေယာပြဿနာအရှုပ်အရှင်းကင်းစေရန် မြေငှားဂရန်များကို ထုတ်ပေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် ရွှေဘိုခရိုင်အနေဖြင့် ရာနှုန်းပြည့် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးပြီးကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့နယ် ဥသျှစ်ကန်ကျေးရွာအတွက် မြေငှားဂရန် ၈၂ ခုနှင့် ဝက်လက်မြို့နယ် နတ်ကုန်းကျေးရွာအတွက် မြေငှားဂရန် ၃၉ ခုကို ဇူလိုင် ၂၈ ရက်ကလည်းကောင်း၊ ခင်ဦးမြို့နယ် မြကန်ကျေးရွာအတွက် မြေငှားဂရန် ၉၆ ခု၊ ရေဦးမြို့နယ် ကုန်ကြီးကျေးရွာအတွက် မြေငှားဂရန် ၂၀ နှင့် တန့်ဆည်မြို့နယ် တနယ်ကျေးရွာအတွက် မြေငှားဂရန် ၃၉ ခုကို ဇူလိုင် ၂၉ ရက်တွင်လည်းကောင်း၊ ဒီပဲယင်းမြို့နယ် ညောင်လှကျေးရွာအတွက် မြေငှားဂရန် ၁၆၆ ခုကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ထုတ်ပေးခဲ့ပြီးဖြစ်သဖြင့် ရွှေဘိုခရိုင်အတွင်း ရာနှုန်းပြည့် မြေငှားဂရန်ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ **စိုးသီဟ(ပြန်/ဆက်)**

# မြဝတီမြို့၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် တောင်သူများအဆင်ပြေလျက်ရှိ

**မြဝတီ ဩဂုတ် ၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ဖလူးကျေးရွာအုပ်စု မင်းလက်ပံကျေးရွာ၊ ကွင်းအမှတ်-(၅၁-အေ)၊ တောင်သူ ဦးရှမ်းမဲ၏ လယ်မြေ ငါးဧကတွင် အထူးအထွက်တိုးမျိုးစေ့ စံပြကွက်၌ ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပြသပွဲကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြဝတီမြို့နယ် အတွင်းရှိ တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် အလုပ်သမားရှားပါးမှု အခက်အခဲအား ဖြေရှင်းနိုင်ခြင်း၊ အချိန်ကုန်သက်သာ၍လုပ်ငန်းတွင် ကျယ်ခြင်း၊ မျိုးစေ့နှုန်းသက်သာခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးသည့်အတွက် အပင်ပွားစည်းမှုကောင်းပြီး တစ်ဧက အထွက်နှုန်း ပိုမိုထွက်ရှိခြင်းနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းရီက ပြောကြားသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးသန်းရွှေနှင့်ဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ပြီး ကောက်စိုက်စက်ဖြင့် လက်တွေ့ စိုက်ပျိုးပြသခြင်းကို ကြည့်ရှုလေ့လာခဲ့သည်။



အဆိုပါ ကောက်စိုက်စက်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ပေးထားသည့် အများပိုင်တောင်သူစက်ဖြစ်သည်။ ကောက်စိုက်စက်မှာ လက်တွန်းကူဘိုတာ ခြောက်တန်းသွားဖြစ်ပြီး တစ်နေ့တာအတွက် စိုက်ပျိုးနိုင်သော ဧကမှာ ၃ ဒသမ ၆ ဧကမှ ၄ ဒသမ ၈ ဧကအထိ စိုက်ပျိုးနိုင်ပြီး ၁ ဧက အတွက် ဆီစားနှုန်းမှာ သုည ဒသမ ၅ မှ သုည ဒသမ ၈ လီတာ အတွင်းသာရှိသည့်အတွက် တောင်သူတွေအနေနဲ့ အဆင်ပြေကြောင်း မင်းလက်ပံကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

○

# ပြည်သူကိုမျက်နှာမူပြီးဆောင်ရွက်မှသာ လုပ်ငန်းအောင်မြင်စွာလုပ်ဆောင်နိုင်မည်ဖြစ်

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ကောင်စီဝင်များသည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံပွဲပြုလုပ်သည်။

တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူကို မျက်နှာမူပြီး ဆောင်ရွက်မှသာ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်အနေဖြင့် အောင်မြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ချမှတ်ထားသည့် တရားဥပဒေကို လေးစားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဥတ္တရသီရိမြို့နယ်တာဝန်ခံ ဦးတင်ထွန်းက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြခြင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အသီးသီး ပြောကြားခဲ့သည်။

ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များအား တင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အသီးသီးပြန်လည် ရှင်းလင်းဖြေကြားခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

# ရေးမြို့နယ်၌စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်များအားစတင်အရေးယူ

**ရေး ဩဂုတ် ၃**

ဩဂုတ် ၁ ရက် နံနက် ၈နာရီက အများပြည်သူယာဉ်အန္တရာယ်လမ်းအန္တရာယ် လျော့နည်းကျဆင်းစေရန်အတွက် မွန်ပြည်နယ် ရေးမြို့နယ် သီရိဇေယျာရပ်ကွက် ရေးမော်လမြိုင်သွားကားလမ်းမပေါ်၌ စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်များကို စတင်အရေးယူဆောင်ရွက်နေကြောင်းသိရသည်။

အဆိုပါစည်းကမ်းလိုက်နာခြင်းမရှိသည့်မော်တော်ဆိုင်ကယ်၊ သုံးဘီးယာဉ်၊ မော်တော်ယာဉ်များကိုလည်း ၂၀၁၅ ခုနှစ်မော်တော်ယာဉ်ဥပဒေသစ်များနှင့်အညီ မြို့နယ်တရားရုံးသို့တရားစွဲဆိုနိုင်ရန်ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယနေ့စတင်အရေးယူမှုတွင် မော်တော်ဆိုင်ကယ်နှင့်အတူအခြားယာဉ်များကိုလည်း အရေးယူမှု စုံစမ်းစစ်ဆေးကာ ပူးပေါင်းပါဝင်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးနှင့်သက်ဆိုင်ရာတာဝန်ရှိသူတို့က ဆောင်ရွက်သွားခဲ့ကြရာ အဆိုပါအရေးယူခြင်းကိုအချိန်နှင့်အမျှ နေရာအလိုက် အရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

**ထွဋ်ထွဋ်(ရေး)**

# လားရှိုးတက္ကသိုလ် ကာယဗလမောင်၊ ကာယကြံ့ခိုင်မှုမယ်၊ ကာယမယ်နှင့် အားလုံးရဲ့ပန်းတိုင်သီချင်းအဆိုပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၃**

လားရှိုးတက္ကသိုလ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကာယဗလမောင် ကာယကြံ့ခိုင်မှုမယ်၊ ကာယမယ်နှင့် အားလုံးရဲ့ပန်းတိုင် သီချင်းအဆိုပြိုင်ပွဲအား ယင်းတက္ကသိုလ် ကမ္ဘောဇခန်းမ၌ ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူ၊ ကျောင်းသား ကျောင်းသူလေးများ၏ အကဖြင့်လည်းကောင်း၊ ကျောင်းသားကျောင်းသူလေးများ၏ "ငြိမ်းချမ်းပါစေ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လားရှိုးတက္ကသိုလ်အတွက် ဖွဲ့သီထားသည့် လားရှိုးတက္ကသိုလ် အမှတ်တရ ပုံရိပ်သီချင်း အရေးပြိုင်ပွဲ၊ အားလုံးရဲ့ပန်းတိုင်သီချင်းအဆိုပြိုင်ပွဲ (ပထမပိုင်း)၊ ကာယအလှမယ်များ ယှဉ်ပြိုင်ခြင်း၊ Now How product က သရုပ်ပြတင်ဆက်ခြင်း၊ ကာယဗလမောင်များ ယှဉ်ပြိုင်ခြင်း၊ MyanmarIdol မှ မမေကြည်က သီဆိုဖျော်ဖြေခြင်း၊ အားလုံးရဲ့ ပန်းတိုင်သီချင်းအဆိုပြိုင်ပွဲ (ဒုတိယပိုင်း) ကျင်းပခြင်းများဆောင်ရွက်ပြီး ပြိုင်ပွဲအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပသည်။

"အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေနိုင်တဲ့ ကလေးတွေလည်းရှိမယ်။ ဒါမှမဟုတ် မူလတန်းပညာမပြီးဘဲနဲ့ ကျောင်းထွက်သွားတဲ့ ကလေးတွေလည်း ရှိကောင်းရှိမယ်။ အဲဒီကလေးတွေထဲက အသက် (၁၀)နှစ်ကနေ (၁၄) နှစ်အထိ ကလေးတွေကို ဒုတိယအကြိမ်ပညာသင်ကြားဖို့ အခွင့်အလမ်းပေးတဲ့အနေနဲ့ ကျောင်းပြင်ပပညာရေးကိုဖွင့်လှစ်ရခြင်းပဲ ဖြစ်တယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေရဲ့ အကူအညီနဲ့ ကလေးစာရင်း ပြုစုကောက်ယူပြီး အခြေစိုက်စခန်းတွေကို ရောက်အောင်ခေါ်လာပြီးတော့ ဆရာ ဆရာမတွေက သူတို့အားလပ်တဲ့ အချိန်၊ အများအားဖြင့်တော့ ညနေပိုင်းဖြစ်ဖို့များပါတယ်။ စာသင်ချိန်တစ်နေ့ကို နှစ်နာရီကျော်နဲ့ သင်ကြားပေးပါတယ်"ဟု ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ပြောသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုကြီးကြပ်မှုကော်မတီဝင် ဦးမင်းကျော်ဝေတို့က တက်ရောက်အမှာ စကားပြောကြားပြီး ပြည်နယ် ပညာရေးမှူးကကျောင်းပြင်ပမူလတန်းပညာရေး ကိစ္စဆောင်ရွက်ထားရှိအခြေအနေကိုရှင်းလင်းတင်ပြကာ ကျောင်းပြင်ပ မူလတန်းပညာရေး ပြည်နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းရွှေက မြို့နယ်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုကြီးကြပ်မှု ကော်မတီဝင်နှင့် ပြည်နယ်ပညာရေးမှူးတို့က စွမ်းဆောင်ရည်အကောင်းဆုံးဆု၊ ထူးချွန်သင်တန်းသားနှင့် အထက်တန်းအဆင့်ဆက်လက်တက်ရောက်နေသည့် ကျောင်းသားများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တွင် ကျောင်းပြင်ပမူလတန်းပညာရေး NFPE အခြေစိုက်စခန်း ၃၆ ခု ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၁၉၄ ဦး တက်ရောက်သင်ယူလျက်ရှိပြီး ဆရာ ဆရာမ ၇၅ ဦးက တာဝန်ယူသင်ကြားပေးလျက်ရှိကာ မြို့နယ်ကြီးကြပ်ရေးမှူး ခုနစ်ဦး၊ ပြည်နယ်အဆင့် ကြီးကြပ်ရေးမှူး နှစ်ဦးတို့က ပြည်နယ်အတွင်း ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပို့ချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# JICA နှင့်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပူးပေါင်း မြို့နယ်အတွင်းရှိကျေးရွာများလျှပ်စစ်မီးရရှိတော့မည်



**လောင်းလုံး ဩဂုတ် ၃**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်းရှိကျေးရွာများ လျှပ်စစ်မီးရရှိရေးကိုဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆင်းရဲမွဲတေမှုလျှော့ချရေး(အဆင့်-၁) မြန်မာနိုင်ငံတော်နှင့်ဂျပန်နိုင်ငံအကြားရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ဂျပန်နိုင်ငံ၏တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အပံ့ဆိုင်ရာချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသောဓာတ်အားလိုင်းများမှ ကျေးရွာနေပြည်သူများ လျှပ်စစ်မီးရရှိတော့မည်ဖြစ်သည်။

ထိုဓာတ်အားလိုင်းထားဝယ်-လောင်းလုံးလိုင်းအား ကျော်ညီမြကုမ္ပဏီမှ 33KV ဖြင့်လောင်းလုံးခွဲရုံသို့ ၁၅ မိုင်တာဝန်ယူဆောင်ရွက်ပြီး လောင်းလုံးခွဲရုံမှ တစ်ဆင့် 11 KV ဖြင့် ၁၂ မိုင်အတွင်းရှိကျေးရွာ ၃၅ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအား မြကန်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ယင်းဓာတ်အားလိုင်းများတည်ဆောက်ရာတွင် ရာသီဥတုအခြေအနေကြောင့်အချိန်အနည်းငယ်ကြန့်ကြာမည်ဖြစ်ကြောင်းသိရသည်။**စိုးထွန်း(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ပေးလျက်ရှိသည့် GSAD




**ခ** ဇာခြည်လှသန်း(GSAD, NAD)

ယနေ့ကမ္ဘာကြီးဟာ အရှိန်အဟုန်နဲ့ တိုးတက်ပြောင်းလဲနေပါပြီ။ ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီ အမီလိုက်နိုင်ဖို့ဆိုရင် Technical လို့ခေါ်တဲ့ နည်းပညာအဆင့်အတန်းတိုးတက်ဖို့နဲ့ Human Resource လို့ခေါ်တဲ့ လူသားအရင်းအမြစ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ပြည့်ဝဖို့လည်း လိုအပ်ပါတယ်။ ယနေ့ခေတ်မှာ နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံ ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်ဖို့၊ နေရာတစ်ခုရဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မိမိတို့အားကောင်းရာကဏ္ဍကနေ အပြိုင်အဆိုင် ထိုးဖောက် ယှဉ်ပြိုင်နေကြပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်တဲ့နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်နိုင်ဖို့ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံ့ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည်ကလည်း အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ပြည်သူများထဲမှ ပြည်သူများဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည် ပြည့်ဝမြင့်မားမှသာလျှင် နိုင်ငံတော်အစိုးရရဲ့ နိုင်ငံဖွံ့ဖြိုးမှု အထောက်အကူပြု၊ နိုင်ငံအကျိုးပြု လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လုပ်ငန်းရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာလှမ်းကိုင်နိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာမှာ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်အစိုးရရဲ့ မူဝါဒများနဲ့အညီ စွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံနဲ့ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ပိုမိုအောင်မြင်အောင် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ မိမိနိုင်ငံနဲ့ပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက် Policy Maker များဖြစ်တဲ့ နိုင်ငံတော်အစိုးရမှ ကောင်းမွန်မှန်ကန်တဲ့ မူဝါဒများချမှတ်ပေးရန်လိုအပ်ပြီး ချမှတ်ပေးတဲ့မူဝါဒနဲ့အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ဖို့က နိုင်ငံ့ဝန်ထမ်းများရဲ့ တာဝန်ပဲဖြစ်ပါတယ်။

**အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန** (GSAD)

ဝန်ထမ်းတစ်ဦးရဲ့ စွမ်းဆောင်ရည် (Capacity) ပြည့်ဝဖို့ဆိုရင် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိဖို့ (Technical Skill)လိုအပ်သလို စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ စွမ်းဆောင်ရည် (Management Skill) ရှိဖို့လည်း လိုအပ်ပါတယ်။ အဲလိုလိုအပ်တဲ့အရည်အချင်းတွေ ပြည့်ဝဖို့အတွက် ဝန်ထမ်းများကို လုပ်ငန်းခွင်အတွင်း လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပြီး ဝန်ထမ်းများအနေနဲ့လည်း မိမိတို့စွမ်းဆောင်နိုင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်နေဖို့လိုအပ်ပါတယ်။ မိမိတို့ စွမ်းဆောင်နိုင်ရည်ကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနေဖို့ဆိုရာမှာ ရေရှည်လေ့လာသင်ယူမှုဟာ အဓိကကျပါတယ်။ ကျွန်မတို့နိုင်ငံမှာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့၊ ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည်တိုးမြှင့်ပေးဖို့အတွက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို သင်ကြားပို့ချပေးနေတဲ့ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development- (GSAD) ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါတယ်။

**သင်တန်းများဖွင့်လှစ်လျက်ရှိ**

အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (GSAD)ကို နိုင်ငံ့ဝန်ထမ်းများရဲ့ စွမ်းရည်မြင့်မားရေးနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန) ရဲ့ ကြီးကြပ်မှုနဲ့ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှာ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့မှာ MICC အနီး ဥဏ္ဏအောင်မြေလမ်း နေပြည်တော်မှာ စတင်ဖွင့်လှစ်ခဲ့ကာ ယခုလက်ရှိ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမပေါ်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာနမှာ ဒုတိယအကြိမ်မြောက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

**မျှော်မှန်းချက်** (Vision)

GSAD သင်တန်းဌာနကို “ကောင်းမွန်သောအုပ်ချုပ်မှုအတွက် အနာဂတ်ခေါင်းဆောင်များမွေးထုတ်ရန်” "Turning out future leaders for good governance" ဟူသော မျှော်မှန်းချက် (Vision)ထားရှိပြီး “နိုင်ငံတော်အားထူးချွန်ထက်မြက်သည့် နိုင်ငံ့ဝန်ထမ်းများဖြင့် တည်ဆောက်ရန်” "To Build the nation with brilliant and excellent governmet officials" ဟူသော ဆောက်ရွက်ရန်တာဝန် (Mision)နှင့်အညီ “နိုင်ငံ၏ ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုပတ်ဝန်းကျင်တို့နှင့် လိုက်လျောညီထွေစွာ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းအားဖြင့် ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဝန်ထမ်းခေါင်းဆောင်ကောင်းများဖြစ်လာစေရန်” ဟူသော ရည်မှန်းချက် (Goal)ထားရှိပြီး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။

**ရည်မှန်းချက်များ** (Objectives)

အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနကို နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ပေးရန် ပြည်သူ့ရေးရာမူဝါဒများ ချမှတ်နိုင်ရေးအတွက် သဘောတရားများကို သင်ကြားပေးရန်နှင့် လေ့ကျင့်ပေးရန်၊ ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် လက်တွေ့လုပ်ငန်းများအတွက် အတွေ့အကြုံနှင့် ဗဟုသုတများ မျှဝေပေးရန်ဟူသော ရည်မှန်းချက်များ (Objectives)များဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်ရည်မြှင့်တင်ပေးရန် ရည်သန်ပြီး ဖွင့်လှစ်လျက်ရှိပါတယ်။

အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (GSAD)မှ ဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာ ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာသင်တန်း၊ ဖွံ့ဖြိုးမှုစီမံကိန်းနှင့် လက်တွေ့ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေးနှင့် ဖွံ့ဖြိုးမှုဘွဲ့လွန် ဒီပလိုမာသင်တန်းနဲ့ စာရင်းအင်းပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာသင်တန်းနဲ့ ဖွံ့ဖြိုးမှုစီမံကိန်းနှင့် လက်တွေ့ဘွဲ့လွန်ဒီပလိုမာ သင်တန်းများမှာ အချိန်ပြည့်နှင့် အချိန်ပိုင်းသင်တန်းနှစ်မျိုး ဖွင့်လှစ်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာစီးပွားဆက်ဆံရေးနှင့် ဖွံ့ဖြိုးမှုဘွဲ့လွန်ဒီပလိုမာသင်တန်းနဲ့ စာရင်းအင်းပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကိုတော့ အချိန်ပိုင်းသင်တန်းများ ဖွင့်လှစ်လျက်ရှိပါတယ်။

အချိန်ပြည့်သင်တန်းမှာ ခြောက်လကြာမြင့်မှာဖြစ်ပြီး အချိန်ပိုင်းသင်တန်းမှာ ကိုးလကြာမြင့်မှာဖြစ်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးအဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ အရာထမ်းများအနေနဲ့ အချိန်ပိုင်းသင်တန်းကို တက်ရောက်နိုင်ပြီး ဒုတိယဦးစီးမှူးအဆင့်မှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းများအနေနဲ့ အချိန်ပြည့်သင်တန်းကို တက်ရောက်နိုင်ကြပါတယ်။ ဖွင့်လှစ်လျက်ရှိတဲ့ သင်တန်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောင်မှာရှိတဲ့ ဦးစီးဌာများမှ တာဝန်ယူဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်မှုပညာဘွဲ့လွန် ဒီပလိုမာသင်တန်းကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်လျက်ရှိပြီး ဖွံ့ဖြိုးမှုစီမံကိန်းနှင့် လက်တွေ့ဘွဲ့လွန်ဒီပလိုမာသင်တန်းကို စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေးနှင့် ဖွံ့ဖြိုးမှုဘွဲ့လွန်ဒီပလိုမာ သင်တန်းကို နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှလည်းကောင်း၊ စာရင်းအင်းပညာဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဗဟိုစာရင်းအင်းအဖွဲ့မှလည်းကောင်း တာဝန်ယူဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။

**တက်ရောက်ရန်လိုသည့်အရည်အချင်း**

သင်တန်းတက်ရောက်ရန်အတွက် မည်သည့်ဘာသာရပ်နဲ့မဆို ဘွဲ့တစ်ခုရထားတဲ့ ဒုတိယဦးစီးမှူး အဆင့်မှစပြီး ညွှန်ကြားရေးမှူးအဆင့်ထိ နိုင်ငံ့ဝန်ထမ်းများ တက်ရောက်နိုင်ပါတယ်။ ဒုတိယဦးစီးမှူးအဆင့်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ သင်တန်းတက်ရောက်လိုတဲ့ သင်တန်းသားများဟာ ဌာနအကြီးအကဲ (ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး)ရဲ့ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်လိုအပ်ပြီး ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူများ သင်တန်းတက်ရောက်လိုတယ်ဆိုရင်တော့ ၎င်းတို့ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးရဲ့ ခွင့်ပြုချက်လိုအပ်ပါတယ်။ လျှောက်လွှာတင်သွင်းတဲ့ သင်တန်းများဟာ သင်တန်းတက်ရောက်ခွင့် ရရှိရန်အတွက် သင်တန်းဝင်ခွင့်စာမေးပွဲကို ဖြေဆိုရမှာဖြစ်ပါတယ်။ GSAD သင်တန်း ကျောင်းအနေနဲ့ သင်တန်းတက်ရောက်လိုတဲ့ သင်တန်းသားများကို English ဘာသာရပ်၊ Logistic ဘာသာရပ်နှင့် Numerical Skill တို့ကို ရေးဖြေစာမေးပွဲများစစ်ဆေးပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို နှုတ်ဖြေ (လူတွေ့) ဆက်လက်စစ်ဆေးပြီး အောင်မြင်သူများသာ တက်ရောက်ခွင့်ရရှိတာ ဖြစ်ပါတယ်။

**တက်ရောက်လျက်ရှိသော သင်တန်းသားဦးရေ**

GSAD သင်တန်းဌာနမှာ ယခုလက်ရှိ သင်တန်းသားဦးရေ စုစုပေါင်း ၃၄၈ ဦး သင်တန်းတက်ရောက်လျက်ရှိပါတယ်။ သင်တန်းကာလအတွင်း သင်တန်းဆရာများမှ သင်ခန်းစာများကို သင်ကြားပို့ချပေးသည့် (Lecture) အပြင် စာအုပ်သုံးသပ်ခြင်း (Book Review)၊ သင်တန်းတစ်ဦးချင်းစီတင်ပြဆွေးနွေးခြင်း (Candidate's Pre sentation)၊ အုပ်စုလိုက်ဆွေးနွေးတင်ပြခြင်း (Group Discussion& Group Presentation)၊ သရုပ် ပြလေ့ကျင့်ခြင်း (Role Play)၊ Symposiums၊ Seminars၊ သုတေသနစာတမ်းဖတ်ပွဲပြုလုပ်ခြင်း (Research Paper Reading) များပြုလုပ်ခြင်းဖြင့် သင်တန်းသားများအနေနဲ့ စာတွေ့၊ လက်တွေ့ပညာရပ်များ၊ အတွေ့အကြုံများနဲ့ ဗဟုသုတများကို သင်ယူလေ့လာ ဆွေးနွေးခွင့် ရရှိကြမှာဖြစ်ပါတယ်။

ဒါ့အပြင် လေ့လာရေးခရီး (Study Tour) သွားရောက်ခြင်းများလည်းရှိပါတယ်။ စာသင်ကာလသုံးလပြီးတိုင်း သင်ကြားခဲ့တဲ့ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ (Written Examination) စာမေးပွဲဖြေဆိုရမှာဖြစ်ပြီး နောက်ဆုံးသုံးလမှာတော့ စာမေးပွဲဖြေဆိုရမည့်အပြင် သင်တန်းသားတစ်ဦးချင်းစီမှ စာတမ်းရေးသားခြင်း (Paper Writing)နဲ့ စာတမ်းအပေါ် (Power Point)ဖြင့် နှုတ်ဖြေဖြေဆိုခြင်း (Paper Presentation)တို့ကို ပြုလုပ်ရမှာဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဘာသာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာတစ်ခု ရရှိမှာဖြစ်ပါတယ်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ**

သင်တန်းများမှာ ပို့ချပေးနေတဲ့ဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်များရဲ့ သင်ရိုးများအတိုင်း ရွေးချယ်ထားတာဖြစ်ပြီး ပြည်တွင်း ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ World Bank - WB, lnternational Monetary Fund- IMF, Japanlnternational Cooperation Agency-JICA,Action Aid, United States Agency for lnternational Development (USAID),The Asia Foundation,United Nations Development Programme-UNDP, Korea Development lnstitute-KDI, University of Tokyo,lnternational University of Japan-IUJ စသည်တို့မှ ပညာရှင်များ၊ MDRI မှ သုတေသနပြုသူများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများရဲ့ ပို့ချမှုများ၊ အတွေ့အကြုံဖလှယ်မှုများ၊ ဆွေးနွေးမှုများနဲ့ ဗဟုသုတများကို ဖြန့်ဝေပေးလျက်ရှိပါတယ်။

**စာကြည့်တိုက်ထားရှိ**

GSAD သင်တန်းဌာနမှာ တက်ရောက်လျက်ရှိတဲ့ သင်တန်းသားများ ဗဟုသုတအလို့ငှာ ဖတ်ရှုလေ့လာနိုင်ရန်၊ စာတမ်းများရေးသားရာမှာ အထောက်အကူပြုနိုင်ရန်နဲ့ မှီငြမ်းကိုးကားနိုင်ရန်အတွက် GSAD စာကြည့်တိုက်ကို ထားရှိပါတယ်။ GASD စာကြည့်တိုက်မှာ အုပ်ချုပ်မှုပညာ၊ ပြည်သူ့ရေးရာ မူဝါဒချမှတ်ခြင်းဆိုင်ရာပညာ၊ ဖွံ့ဖြိုးမှုစီမံကိန်း ရေးဆွဲခြင်းနဲ့ ဖွံ့ဖြိုးမှုလက်တွေ့ပညာရပ်များနဲ့စပ်လျဉ်းတဲ့ စာအုပ်များထားရှိပါတယ်။ ဒါ့အပြင် ကမ္ဘာ့နိုင်ငံများနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာများ၊ စီးပွားရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်စာတမ်းများ၊ ဥပဒေရေးရာဆိုင်ရာ စာအုပ်စာတမ်းများ၊ အာဆီယံရေးရာ စာအုပ်စာတမ်းများ၊ ကမ္ဘာ့နိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ ဘာသာရပ်ပိုင်းဆိုင်ရာ စာအုပ်စာတမ်းများ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ သုတ၊ ရသစာအုပ်များကို ဖတ်ရှုလေ့လာနိုင်ရန် စီစဉ်ထားရှိတဲ့အပြင် GSAD လစာကြည့်တိုက်သို့ ဝန်ကြီးဌာနများမှ လှူဒါန်းသော စာအုပ်များ၊ The Asia Foundation၊ Singapore Board of Libraries၊ Japan lnternational Cooperation Agency(JICA)နှင့် တစ်ဦးချင်းစီမှ လှူဒါန်းသော စာအုပ်များ၊ ပထမအကြိမ် GSAD သင်တန်းသား၊ သင်တန်းသူများရဲ့ စာတမ်းများကိုပါ ဖတ်ရှုလေ့လာ မှီငြမ်းကိုးကားနိုင်ရန် ငှားရမ်းပေးလျက်ရှိပါတယ်။ ဒါ့ကြောင့် သင်တန်းသားများအနေနဲ့ မိမိတို့ရဲ့ စာတမ်းရေးသားရာမှာ လိုအပ်တဲ့အချက်အလက်များ၊ အကြောင်းအရာများအတွက် GSAD စာကြည့်တိုက်မှ စာအုပ်၊ စာတမ်းများက များစွာအထောက်အကူပြုစေမှာဖြစ်ပါတယ်။

**အကျိုးကျေးဇူးများ**

GSAD သင်တန်းဌာနမှာ သင်တန်းတက်ရောက်ခြင်းဖြင့် သင်တန်းသားတွေအနေနဲ့ စဉ်းစားတွေးခေါ်နိုင်မှုစွမ်းအား ပိုမိုအားကောင်းလာခြင်း၊ စီးပွားရေးပညာဆိုင်ရာ အတွေးအမြင်၊ ဗဟုသုတများပိုမိုရရှိလာခြင်း၊ Further Study အတွက် အခြေခံကောင်းများ ရရှိနိုင်ခြင်း၊ လုပ်ငန်းတစ်ခု အောင်မြင်ထိရောက်အောင် ဆောင်ရွက်နိုင်ရန် စွမ်းဆောင်နိုင်ရည် ပိုမိုပြည့်ဝလာခြင်း၊ Presentation Skill များ ပိုမိုကောင်းမွန်လာခြင်း၊ Team Workဖြင့် ပိုမိုလုပ်ဆောင်တတ်လာခြင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်တွင်ရှိရမည့် အရည်အသွေးများကို ကောင်းစွာသိရှိနားလည် သဘောပေါက်လာခြင်း စတဲ့အကျိုးကျေးဇူးများကို ရရှိနိုင်မှာဖြစ်ပါတယ်။

**ကြိုဆိုပါ၏**

ဒါ့ကြောင့် ဝန်ကြီးဌာနအသီးသီးမှာ မိမိတို့ရဲ့ ကျရာတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းခွင်စွမ်းဆောင်နိုင်ရည်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးများ ပိုမိုပြည့်ဝလာစေရန်နဲ့ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးကို ပြည့်ပြည့်ဝဝ စွမ်းဆောင်ရည်အပြည့်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန်အတွက် စွမ်းအားတွေမြှင့်တင်ဖို့ စွမ်းဆောင်ရည်ကို မြှင့်တင်မှု (Capacity Building) တစ်ရပ်အနေနဲ့ GSAD ကိုလှမ်းလာခဲ့ဖို့ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development (GSAD)က အစဉ်အမြဲ ကြိုဆိုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၆-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၈-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၈-၂၀၁၆ ရက်နေ့မှ ၇-၉-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀ိ+အရည်အချင်းလစာ ၄၀၀ိ+ M.H.R.A ၁၀၀၀၀ိ=၁၈၄၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ိ/- နှုန်းဖြင့် ၁၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။


Social Pack
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook. Viber. Line. COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင်ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

**သားသား ရွှေပြည့်ဖြိုးမောင် အတွက် မွေးနေ့ဆုမွန်**

(၄-၈-၂၀၁၆) ရက် (၅) နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လိမ္မာယဉ်ကျေးပြီး ထူးချွန်ထက်မြက်သည့် သားကောင်းရတနာလေးဖြစ်ပါစေ။

ဘိုးဘိုး၊ ဘွားဘွားများ
ကမ္ဘာအေးဇီလာ

---

**ကြော်ငြာထည့်သွင်းလိုပါသလား?**

**(Door-to-Door) ဝန်ဆောင်မှု**

အများသိစေရန်ကြော်ငြာများ ဂုဏ်ယူဝမ်းမြောက်ကြောင်း မင်္ဂလာကျင်းပတော့မှာ မွေးနေ့ဆုတောင်း မင်္ဂလာနှစ်ပတ်လည် လူပျောက်ကြော်ငြာ အမွေပြတ်၊ ဖခင်အမည်မှန် ခြံမြေတိုက်ခန်း ရောင်း/ငှားကြော်ငြာများ သာရေး/နာရေးကြော်ငြာများ ဓာတ်ပုံစာတမ်းပျောက်ဆုံးကြော်ငြာများ ဝန်ထမ်းအလိုရှိသည့်ကြော်ငြာများ နှင့် လုပ်ငန်းကြီးငယ်တို့၏ စီးပွားရေးကြော်ငြာများကို အချိန်မကုန် လူမပင်ပန်းပဲ ကြော်ငြာထည့်သွင်းနိုင်ရန် အိမ်တိုင်ရာရောက် (Door-to-Door) ဝန်ဆောင်မှု ပေးနေပါပြီ။

**FMG Media**

ကြော်ငြာစျေးနှုန်းများ နှင့် အသေးစိတ်စုံစမ်းလိုပါက
**09-43185295, 09-264476886, 09-786349871**

---

ကျန်းသုခ 1ST ANNIVERSARY
**Health Guide**

ကျန်းမာလန်းဖြာစေဖို့ ကျန်းသုခ Health Guide ဖတ်ကြစို့
www.facebook.com/healthguidemyanmar

MGC (၈) ပေါက်အုတ်စက်ရုံ
မှော်ဘီမြို့နယ်
09-3008 1111, 09-3008 2222,
09 - 3008 3333

---

**"ချစ်မြေးလေး" ရွှေပြည့်ဖြိုးမောင်(ခ) MORRIS အတွက်**

**(၅)နှစ်ပြည့် မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ**

၄-၈-၂၀၁၆ ရက်တွင် ကျရောက်သော "ချစ်မြေးလေး" ရွှေပြည့်ဖြိုးမောင်(ခ)MORRIS ရဲ့ (၅)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းရာကျော်တိုင်အောင် ကျန်းမာချမ်းသာစွာနှင့် ထူးချွန်ထက်မြက်လိမ္မာသော သားလေးဖြစ်ရပါစေကြောင်း။

ချစ်ဘိုးဘိုး-ချစ်ဘွားဘွား
ဦးမန်းစိန်း-ဒေါ်စိန်စိန်ဝင်း
ချစ်ဘကြီး
ကိုဝေဖြိုးအောင်-မကြည်ကြည်အောင်

---

အောင်ကိုကိုကြီး တစ်ဦးချင်းသင် ဂစ်တာသင်တန်း

စစ - က၊ ၅လွှာ၊ သစ်တောလမ်း(အထက်လမ်း)၊ အလုံစာတိုက်မှတ်တိုင် အောက်ကြည့်မြင်တိုင်လမ်းမကြီးသွား ယာဉ်လိုင်းများရောက်သည်။
#ဓ၆ နှင့် ဓဓ ကြား၊ လမ်းသွယ်မှ ဝင်ပါ။
# 01-2316208 # 09-509 2858 # 09-795963437

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/က၊ မြေကွက်အမှတ်-၁/ဇ၊ မြေကွက်တည်နေရာအမှတ်-၂၅/၉၊ ရတနာလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးလှအောင်၊ ဒေါ်ကျင်ဆိုင်(မှတ်ပုံတင်အမှတ်မပါ)အမည်ပေါက်မြေပိုင်မြေအား ဗိုလ်ချုပ် ကျော်ဝင်း(ငြိမ်း)၏အခွင့်ရကိုယ်စားလှယ်ဦးကျော်ဇင်မောင်မှ(တရားလို)ပြု၍ ဦးငွေစိုး+၃အား (တရားပြိုင်)ထားကာစွဲဆိုခဲ့သော ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တရားမကြီးမှုအမှတ်-၁၅၉/၁၁(၂၅-၂-၂၀၁၁)၏စီရင်ချက် တရားမဇာရီမှု၆၃/၁၁(၂၆-၇-၁၆)ရက်စွဲပါ ဘီလစ်ခန့်စာတင်ပြ၍ တရားရုံး(ကိုယ်စား)ဘီလစ်ဒေါ်ဖူးပွင့်အောင်[၁၂/သဃက(နိုင်)၁၈၀၀၆၆]က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး ဈေးသော/ဈေးဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်-၁ဃ/၃၆၅၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

---

**မွေးနေ့ဆုမွန်လွှာ**

တစ်ဦးတည်းသော အချစ်ဆုံးသားလေး **မောင်ဟိန်းဇေယျာထွန်း**၏ ၄-၈-၂၀၁၆ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ထူးချွန်ထက်မြက်လိမ္မာပြီး မိဘကျေးဇူးအထူးသိတတ်သော ဘာသာ၊ သာသနာအကျိုးသယ်ပိုးထမ်းရွက်နိုင်သော သားကောင်းရတနာလေးဖြစ်ပါစေကြောင်း ချစ်ဆုံး ဖေဖေနှင့် မေမေ ဆုမွန်ကောင်းတောင်းပေးပါတယ်။

**ချစ်ဆုံး ဖေဖေနှင့် မေမေ**
**ဗိုလ်မှူးချုပ်ထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး**

---

**ကျိုက်ဝီလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့** မူကြိုကျောင်း
**မျက်စိခွဲစိတ်ရန်လိုအပ်သော ချို့တဲ့သူ လူမျိုး၊ ဘာသာမရွေးအား**
**အခမဲ့ ခွဲစိတ်ကုသပေးနေပါသည်။**

နေရာ ➤ မေတ္တာဆေးခန်း (အမွားများသုခရိပ်သာ)
အမှတ် ၁၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။
အချိန် ➤ အပတ်စဉ်သောကြာနေ့ ၂:၀၀ နာရီမှ စတင်စမ်းသပ်ကုသပေးပါသည်။
ဖုန်း ➤ ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၅၁၁၁၇၅၂၂၊ ၀၉ ၅၉၅၅၅၂၅၉၀

---

**တက္ကသိုလ်ဝင်တန်းပညာဒါနအခမဲ့**

**၂၀၁၆-၁၇ပညာသင်နှစ်(၁၀-တန်း) တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် လူမျိုးဘာသာမရွေးမည်သူမဆိုတက်ရောက်နိုင်သည်။**
**ဘာသာရပ်တစ်ခုချင်းဝါရင့်ဆရာ / ဆရာမကြီးများသင်ကြားပို့ချမည်။**

**၁ ပတ် ၆ ရက်တက်၊ (၆) လပြတ်သင်တန်း**

**ပို့ချချက်၊ မှတ်စုအပြည့်အစုံပိုးမည်၊ မည်သည့်အခကြေးငွေမှပေးရန်မလို**
**စက်တင်ဘာ(၁)ရက်နေ့ သင်တန်းစမည်။**

**သင်တန်းဝင်ခွင့်ပုံစံလက်ခံပြီ။**
**သင်တန်းအချိန် မွန်းလွဲ ၁း၃၀ မှ ညနေ ၆း၀၀ နာရီ**

**သင်တန်းတည်နေရာ**
ကျိုက်ဝီလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော
**အမွားများသုခရိပ်သာ**
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၅၁၁၁၇၅၂၂၊ ၀၉ ၅၉၅၅၅၂၅၉၀၊ ၀၉ ၅၉၅၅၅၂၅၉၁၊

---

သမားတော်ကြီး ဆရာမြင့်(စကြာမင်း) ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါဝေဒနာရှင်များကို လက်တွေ့ကုသမှုပေးရာမှထိရောက်အစွမ်းထက်၍ စနစ်တကျ ထုတ်လုပ်ဖြန့်ချိလိုက်သော...

**စကြာမင်း** (အမှတ်တံဆိပ်) **အရိုးကျိုးပေါင်းရောဂါ သောက်ဆေး**
**စကြာမင်း** (အမှတ်တံဆိပ်) **အရိုးကျိုးပေါင်းရောဂါ လိမ်းဆေး**
**စကြာမင်း** (အမှတ်တံဆိပ်) **အရိုးကျိုးပေါင်းရောဂါ စည်းဆေး(အုံဆေး)**

ဖက်ကြောတက်၊ ဒူးနာ၊ ခါးနာ၊ အရိုးအဆစ် ကျိုးပေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

– 0513YR005369 – 0612YR006708 – 0613Y010503

**ဝင်ရှင်း – စကြာမင်း အရိုးကျိုးပေါင်းရောဂါကုဆေးခန်း – အမှတ်(စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။ ဖုန်း – ၆၉၁၀၉၁၊ ၀၉ ၇၃၁ ၉၇၅၂၄၊**



ကြော်ငြာ


City Mart
20th Anniversary Celebration
Come Celebrate With Us!
4th ~ 10th August, 2016
Free Gift
20% Off
Fun
20 Anniversary ~ 20% off
KNORR
Chicken Seasoning Powder
800g
Ks. 2,950
2,350
PRESIDENT
Cheddar Slice Cheese
10's
200g
20% Off
STA
Stuff Toy
(Combo)
Ks. 9,500
7,000
GARNIER
Men Facial Foam
Double White
White Oil Control
100ml
Ks. 4,300/each
3,450
GLADE
Scented Gel
180g
Ks. 2,750/each
2,200
JORDAN
Toothbrush Individual
Large Head Soft
Small Head Soft
Ks. 2,200/each
1,750
3 FRIEND
Radiant Cooker SW-2014
100 ~ 2000 Watt
Made In China
Ks. 45,000
36,000
FARFALLA
Jar Pot FAP-28GA
730 Watt
Made In China
Ks. 25,500
20,400
CITY VALUE
Bathroom Tissue
3Ply 4Rolls X 3Pks
18% Off
Ks. 5,150
4,200
COOK
Sunflower Oil
5Ltr
15% Off
Ks. 11,500
10,000
KRAFT OREO
Sandwich Cookies
Strawberry/Vanilla Biscuit
Chocolate
137g
15% Off
Ks. 850/-each
700
SWEETY HOME
Bed Sheet
15% Off
Ks. 21,500
18,400
DELMONTE
100% Premium Prune Juice
946ml
Ks. 5,900
5,200
SUNFLOWER
Jasmine Tea
120g
Ks. 3,500
3,300
OLD TOWN
3 In 1 White Coffee
Classic 15's
600g
Ks. 6,900
5,850
HUP SENG
Cream Cracker
700g
Ks. 4,600
4,200
PRINGLES
Potato Chip
Cheddar Cheese
Sour Cream & Onion
169g
Original 161g
Buy 1 Save 500Ks
Ks. 2,800/each
2,300
EVER DELICIOUS
Cookies
Cheese
Green Peas/Yum
300g
Buy Any2 Get 1
2,450
SUNDAY
3 In 1 Teamix
30's 900g
Buy 1 Get 1
2,950
TIGER
Flask
1Ltr PXM-1000
Buy 1 Get 1
21,100
HUGGIES
Diaper Pants Ultra Jumbo
Boy/ Girl
M/L/XL/XXL
Buy 2 Get 1
Ks. 15,700/each
12,500
DUMEX
Super Gold
Step-3/Step-4
800g
Buy 1 Get 1
MPT Top-up 6000Ks.
29,500
NEW ZEALAND
Jazz Apple
(150-200g)
Buy 3 Get 1
500
WE ACCEPT TELEPHONE ORDER
email: enquiry@city.com.mm
Hot line: 01-253022
Prices may change without prior notice.While Stocks Last!
All items limited to 6pcs per customer.
DELIVERY ORDER CONTACT
Email : bm-aungsan@city.com.mm
www.citymart.com.mm
citymart_supermarket
@citymartmm
www.facebook.com/CityMartSupermarketMyanmar

# လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ရန်ကုန်မြို့နေ ကျေးဇူးရှင်ဒယ်ဒီ ကပ္ပတိန် ဦးစောလွင်နှင့် မုံရွာမြို့နေ ကျေးဇူးရှင် အဖ ဦးဘငွေး အမိ ဒေါ်စိန်အေး၊ မောင်-ဒေါက်တာဘိုအောင်နိုင်၊ အစ်မ-ဒေါ်အောင်ကြည်ငွေးတို့အား ရည်စူး၍ သာကေတမြို့နယ်၊ သဒ္ဓမ္မဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ၌ သံဃာတော် အရှင်သူမြတ်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း(တစ်နှစ်စာ) ဆွမ်းဆက်ကပ်လှူဒါန်းပါသည်။

မြင့်မြတ်သောဘုံမှ ကြားနိုင် သိနိုင် မြင်နိုင်၍ သာဓုအနုမောဒနာ ခေါ်ဆိုပါ။

**ဦးညီညီလွင်-ဒေါ်ကြွယ်ကြွယ်ငွေး**
**ပုဇွန်တောင်-ရေကျော်**
**ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာသံစစ်
## (အသည်းအထူးကုဆရာဝန်ကြီး)
## အသက် (၆၈) နှစ်

ချစ်လှစွာသောပါမောက္ခဆရာကြီး ဦးသံစစ်သည် ၂-၈-၂၀၁၆ ရက်နေ့ နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**အစာအိမ်အူလမ်းကြောင်းနှင့်**
**အသည်းရောဂါအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာသံစစ်
## (အသည်းအထူးကုဆရာဝန်ကြီး)
## အသက် (၆၈) နှစ်

ချစ်လှစွာသောပါမောက္ခဆရာကြီး ဦးသံစစ်သည် ၂-၈-၂၀၁၆ ရက်နေ့ နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောင်းရာ ဘုံဘဝသို့ ရောက်ရှိပါစေ။

**အသည်းဆေးကုဌာနမိသားစု**
**ကုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး**
**ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဦးသံစစ်
## (အသည်းအထူးကုဆရာဝန်ကြီး)
## အသက်(၆၇)နှစ်

ပါမောက္ခ ဦးသံစစ် (အသည်းအထူးကုဆရာဝန်ကြီး)သည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးဝင်း
### အသက် (၇၀)

**ဦးစီးအရာရှိ(ငြိမ်း)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် ဦးစိုးဝင်းသည် ၃၁-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

### တိုက်ခန်းရောင်းမည်

လှိုင်မြင်းမိုရ်အိမ်ရာ၊ ကန်လမ်း၊
လမ်းမတန်း၊ ထောင့်ခန်း (မြေညီထပ်)
အသင့်နေနိုင် ပေ(၂၅×၃၅)

**ဖုန်း-၀၉-၇၉၂၃၇၅၆၅၇၊**
**၀၉-၂၅၄၃၉၂၃၄၁**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးဟင်ထိုင်(ငြိမ်း)
### အသက်(၉၀)

မြိတ်မြို့၊ ထားဝယ်စုရပ်၊ (B) လမ်း၊ အမှတ်(၆၉)နေ (ဒေါ်ချိုင်းဟွန်)၏ခင်ပွန်းဖြစ်သူ ဦးဟင်ထိုင်သည် ၃၁-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးအောင်-ဒေါ်စူအိုင်မိသားစု**
**ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့**

---

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မြစိန်
### အသက် (၈၈) နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ညွှန်ကြားရေးမှူး ဦးတိုးခိုင်-ဒေါ်တင်တင်နုတို့၏မိခင် ဒေါ်မြစိန်သည် ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**ဝန်ထမ်းမိသားစု**
**လင်းခေးခရိုင်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ညွန့်စိန် (ပေါင်) (၈၇)နှစ်

စီးပွားရေးတက္ကသိုလ် ကျောင်းသူဟောင်းများဖြစ်ကြသည့် ဒေါ်အေးအေးချို (၈၄ intake၊ ဂန္ဓမာဆောင်)နှင့် ဒေါ်ထားထားမွန် (၈၆ intake၊ နှင်းဆီဆောင်)တို့၏မိခင်ကြီး ဒေါ်ညွန့်စိန် (၈၇)နှစ်၊ (ပေါင်)သည် ၂၉-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စီးပွားရေးတက္ကသိုလ်**
**၁၉၉၃ ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ**
**ပရဟိတဖောင်ဒေးရှင်း**

---

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဦးသက်ထားဝေ
### အသက်(၈၂)နှစ်

ဆရာကြီး ပါမောက္ခ ဒေါက်တာဦးသက်ထားဝေသည် ၁၇-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**20th Batch**
**B.D.S (1982-1990)**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မိုးမိုးမြင့်
### အသက် (၇၇) နှစ်

သီရိပျံချီ ဗိုလ်ချုပ်စောလွင်(ငြိမ်း)၏ ဇနီး၊ သူငယ်ချင်း ဒေါ်သီသီလွင်၏မိခင် ဒေါ်မိုးမိုးမြင့်သည် ၂၆-၇-၂၀၁၆ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မနိုင်၊ မနီ၊ ဆွိ၊ ကြည်မေ၊ ကိုတိုးနှင့်**
**သူငယ်ချင်းတစ်စု**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သောင်းရီ၊ ဦးတင်မောင်ထွေး၊
### ဦးခင်မောင်ကျော်

ချစ်သူငယ်ချင်းများဖြစ်ကြသော ဒေါ်သောင်းရီသည် ၁၃-၃-၂၀၁၆ ရက်တွင်လည်းကောင်း၊ ဦးတင်မောင်ထွေးသည် ၈-၇-၂၀၁၆ ရက်တွင် လည်းကောင်း၊ ဦးခင်မောင်ကျော်သည် ၂၆-၇-၂၀၁၆ ရက်တွင်လည်းကောင်း ကွယ်လွန်သွားကြပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၁ခုနှစ်၊ ဘီအီးဒီ သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ကိုစိုးမင်းထွေး(ရှမ်းကြီး)
### အသက်(၄၁)နှစ်

၂၀၀၂ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ၊ ဟန်လင်းအဆောင် ကျောင်းသားဟောင်း ကိုစိုးမင်းထွေး(ရှမ်းကြီး)သည် ၂၉-၇-၂၀၁၆ (သောကြာနေ့)တွင် တောင်ကြီးမြို့၊ ကံသာရပ်ကွက်နေအိမ်၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**၂၀၀၂ ခုနှစ် စီးပွားရေးတက္ကသိုလ်**
**ဘွဲ့ရ ကျောင်းသား/သူများအသင်း**

---

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ရွှေကျင်နိကာယ ရတ္တညျုမဟာနာယက**
### ဘဒ္ဒန္တ ဝိသုတမဟာထေရ်
### သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၇)ရပ်ကွက်၊ သီရိမင်္ဂလာ ဥက္ကဋ္ဌာရာမ ကျောင်းတိုက်၏ ဦးစီးပဓာနမဟာနာယက ရွှေကျင်နိကာယ ရတ္တညျုမဟာနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဝိသုတမဟာထေရ်မြတ်သည်(၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ရက်)၊ ၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့)ည ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ရာ ဆရာတော် မဟာထေရ်မြတ်၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပင့်ဆောင်မည် ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ရဟန်းရှင်လူ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**
**သီရိမင်္ဂလာဥက္ကဋ္ဌာရာမကျောင်းတိုက်**

---

### ဒေါ်သန်းမြင့် (ကဝမြို့)
### (ဦးညိုခြံ)
### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ်(၁)၊ ဦးညိုခြံနေ (ဦးမြစ်-ဒေါ်အမာ)တို့၏သမီး၊ (ဦးဘာဘူ-ဒေါ်သိန်းမေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ဇံ)၏ဇနီး၊ (ဒေါ်ယဉ်မြ)၏ညီမ၊ ဦးခင်မြင့်-ဒေါ်သန်းရီ၊ ဦးဝင်းမြင့်-ဒေါ်တင်ရီ၊ ဦးထွန်းမြင့်-ဒေါ်တင်နုတို့၏ အစ်မကြီး၊ ဦးအောင်သူ-ဒေါ်ခင်မျိုးအေး၊ ဦးနေဝင်း-ဒေါ်ခင်မျိုးဟန်၊ ဦးယဉ်ထွန်းဦး-ဒေါ်မြအေးသွယ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဉာဏ်လင်းထက်၊ မပွင့်သီဂီချို၊ မသဒ္ဓါရှင်းသန့်တို့၏ ဘွားဘွားကြီး ဒေါ်သန်းမြင့်သည် ၁-၈-၂၀၁၆ (တနင်္လာနေ့) ည ၁၀း၀၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြစိန်(ပျဉ်းမနား)
### အသက်(၈၈)နှစ်

81-Batch Civil မှ ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးတိုးခိုင်-ဒေါ်တင်တင်နုတို့၏မိခင်ကြီး ဒေါ်မြစိန်(၈၈)နှစ်သည် ၃၁-၇-၂၀၁၆ ရက် နံနက်၀၀း၃၈နာရီတွင် ကွယ်လွန်ကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RTI မှမြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါ
## အသက် (၇၈)နှစ်

Special Style Photo & Electronics (Nikon) မှ ဦးမောင်မောင်ဝင်း (Managing Director)- ဒေါ်စုစုရီတို့၏ ချစ်လှစွာသောအစ်မ၊ မစန်းဥမ္မာ (General Manager)၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ရှုဝါ(ခ)ဒေါ်လိုစွန်းဝါ အသက် (၇၈)နှစ်သည် ၁-၈-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၃း၅၀ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**The Management & Staff of**
**Nikon and Special Style Family**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မိုးမိုးမြင့်
### အသက် (၇၇) နှစ်

သီရိပျံချီ ဗိုလ်ချုပ်စောလွင်(ငြိမ်း)၏ ဇနီး၊ သူငယ်ချင်းဒေါ်သီသီလွင်၏မိခင် ဒေါ်မိုးမိုးမြင့်သည် ၂၆-၇-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကျော်ထွန်း (လက်ထောက်ညွှန်ကြားရေးမှူး- ဆည်မြောင်းဦးစီးဌာန)-ဒေါ်ဥမ္မာဆွေ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်းဖေ (၆၈)နှစ်
**Geology၊ ရန်ကုန်**

မိုးကုတ်မြို့၊ ကန်တော်ရပ်နေ (ဒေါ်ခင်မြင့်ရီ)၏ခင်ပွန်း၊ မောင်ကျော်သက်ဦး၊ မစန္ဒီဝင်းဖေတို့၏ဖခင်ဖြစ်သူသည် ၂၇-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့)တွင် မော်လမြိုင်မြို့၊ မုပွန်၊ နတ်ကျွန်းရပ်၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်၊ ၁၉၇၁ ခုနှစ်၊ ဘူမိဗေဒဘွဲ့ရသူငယ်ချင်းများ**



# တောင်သမန်အင်းရေ ခြောက်လက်မခန့် ကျဆင်း

**မန္တလေး ဩဂုတ် ၃**

ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှုကြောင့် တောင်သမန်အင်းရေမြင့်တက်ခဲ့ရာ ဦးပိန်တံတားနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ ရေကြီးနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၃ ရက် ညနေ ၄ နာရီခန့်တွင် အင်းရေသည် ခြောက်လက်မခန့် ကျဆင်းသွားကြောင်း သိရသည်။

တောင်သမန်အင်းရေ ခြောက်လက်မခန့်ကျဆင်းသွားသော်လည်း ဦးပိန်တံတားအလယ်ပိုင်းအခန်းများ**(ဝဲပုံ)**နှင့် ကန်ပတ်လမ်း၊ ရတနာပုံတက္ကသိုလ်သို့ သွားရာလမ်းတို့တွင် ရေများကျော်လျက်ရှိသေးကြောင်း သိရသည်။

"ရေက ဒီနေ့ ခြောက်လက်မလောက်ကျသွားတယ်။ ဒါပေမယ့် တံတားနဲ့ လမ်းတွေပေါ်မှာ ရေကဆက်ကျော်နေတုန်းပဲ။ အင်းရေကျတော့ ကျေးရွာနဲ့ရပ်ကွက်တွေမှာလည်း ရေပါလိုက်ကျတယ်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့ ●**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသားအသင်းလိုက် ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသားအသင်းလိုက် ရှုံးထွက်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး အသင်းက လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက လည်းကောင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက လည်းကောင်း အသီးသီးအနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

ထို့နောက် အမျိုးသမီးအသင်းလိုက် ရှုံးထွက်ပွဲစဉ်များအဖြစ် **စာမျက်နှာ ၉ ကော်လံ ၅ သို့ ◆**





တတိယနေရာလုပွဲကစားရမည့် မြန်မာအမျိုးသမီးအသင်း။

# အိမ်ရှင်မြန်မာအမျိုးသမီးအသင်း ဩစတြေးလျနှင့် တတိယနေရာလုရမည်

**မန္တလေး ဩဂုတ် ၃**

၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုတူ အသင်းများဖြစ်သည့် မြန်မာနှင့် ဩစတြေးလျ၊ ဗီယက်နမ်နှင့် ထိုင်းတို့ ပြန်လည်တွေ့ဆုံလျက်ရှိသည်။

တတိယနေရာလုပွဲအဖြစ် ညနေ ၃ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် ဩစတြေးလျ ယူ-၂၀ အသင်း၊ ဗိုလ်လုပွဲအဖြစ် ညနေ ၆ နာရီတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအသင်းများသည် တစ်အုပ်စုတည်းကျရောက်ကာ အုပ်စုတွင်တွေ့ဆုံခဲ့သည့် အသင်းများဖြစ်ပြီး ယခုပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ခဲ့သည့် မြန်မာအသင်းသည် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် တတိယနေရာလုရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဩစတြေးလျနှင့် တွေ့ဆုံစဉ်က ခင်မိုးဝေ၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ လယ်ပြင်ကျေးရွာ၌ ခွင့်ပြုချက်မဲ့ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများနှင့်ပတ်သက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်

စာမျက်နှာ - ၈

